မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၄၀)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ စနေနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၀)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ်ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လော့စ်အိန်ဂျလီးစ်မြို့ရှိ ဘုန်းတော်ကြီးအား လက်ခံတွေ့ဆုံ ဘာသာခွဲများ၊ လူမျိုးများအကြား သဟဇာတရှိရှိနေထိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး ဆွေးနွေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလီးစ်မြို့ရှိ Simon Wiesenthal Center မှ ဘုန်းတော်ကြီး Abraham Copper အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလီးစ်မြို့ရှိ Simon Wiesenthal Center မှ ဘုန်းတော်ကြီး Abraham Copper ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးစိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး အမေရိကန်နိုင်ငံ Simon Wiesenthal Center မှ ဘုန်းတော်ကြီး Abraham Copper ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဘာသာခွဲများ၊ လူမျိုးများအကြား သဟဇာတရှိရှိနေထိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပိုင်နက်ရေပြင်အတွင်း သိပ္ပံနည်းကျငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးကွဲပြားမှု သုတေသနလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ဘင်္ဂလားပင်လယ်အော် အဏ္ဏဝါဂေဟစနစ်ကြီး စီမံကိန်း (Bay of Bengal Large Marine Ecosystem Project -BOBLME)တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတကြီး၏ နော်ဝေနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အပြီးတွင် နော်ဝေနိုင်ငံအစိုးရ၏ ငွေကြေးထောက်ပံ့ကူညီမှုဖြင့် အဆိုပြုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ Dr. Fridtjof Nansen သုတေသနရေယာဉ်သည် မြန်မာနိုင်ငံသို့ ၁၉၇၉ ခုနှစ်နှင့် ၁၉၈၀ပြည့်နှစ်များက FAO စီမံကိန်းဖြင့် လာရောက်ပြီး ငါးသယံဇာတများကို တိုင်းတာခန့်မှန်းပေးခဲ့ပြီး ယခုနှစ်ပေါင်း ၃၃ နှစ်မှ တစ်ခေါက် ပြန်လည်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ Dr.Fridtjof Nansen သုတေသနရေယာဉ်သည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ပင်လယ်ပြင်များတွင် ငါးသယံဇာတများ တိုင်းတာဆောင်ရွက်နေသော တစ်စင်းတည်းသော သုတေသနရေယာဉ်ဖြစ်သည်။

ယခုသုတေသန ခရီးစဉ်သည် BOBLME စီမံကိန်းကြီး၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်ပြီး Norwegian Agency for Development Cooperation (NORAD) မှ အမေရိကန်ဒေါ်လာ ၅၉၃၀၀၀ ပံ့ပိုးမှုဖြင့် **ငါးလုပ်ငန်းဦးစီးဌာန၏** ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ၏ ပိုင်နက်ရေပြင်အတွင်း ငါးသယံဇာတတည်ရှိမှုအား သိရှိနိုင်ရန် သုတေသနသင်္ဘော R/V Dr.Fridtjof Nansen ဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိ ၃၈ ရက်ကြာ မြန်မာနိုင်ငံ၏ ရခိုင်ကမ်းရိုးတန်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် သုတေသနလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါ သုတေသနရေယာဉ် R/V Fridtjof Nansen သည် မြန်မာနိုင်ငံ၏ အထူးသီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone-EEZ) ရေပြင်အတွင်း ပင်လယ်ငါးသယံဇာတတည်ရှိမှုကို ငါးဖမ်းနည်းစနစ်အမျိုးမျိုးဖြင့် ခန့်မှန်းတိုင်းတာခြင်း၊ ပင်လယ်ကြမ်းပြင်အောက်ခြေ၏ အခြေအနေများ လေ့လာမှတ်တမ်းတင်ခြင်း၊ ပင်လယ်ရေ၏ ရေအပူချိန်၊ ရေငန်နှုန်း၊ အောက်ဆီဂျင် ပျော်ဝင်မှု စသည့် အဏ္ဏဝါဗေဒပညာရပ်ဆိုင်ရာနှင့် ရူပနှင့်ဇီဝဆိုင်ရာ အချက်အလက်များစုဆောင်းခြင်း၊ ရေပေါ်ရေအောက် ငါးသယံဇာတ တည်ရှိမှုကို အသံလှိုင်းစနစ်ဖြင့် တိုင်းတာခြင်း၊ ပင်လယ်ငါးမျိုးစိတ် အမျိုးအစားများ ခွဲခြားခြင်း၊ နမူနာကောက်ယူခြင်း၊ ဖမ်းဆီးရမိသည့်အထိအမိနှုန်းများအား အကဲဖြတ်ခြင်း၊ တရွတ်ဆွဲပိုက်ဖြင့် ငါးဖမ်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။ *စာမျက်နှာ ၅ ကော်လံ ၄* ●

ယနေ့ မာတိကာ

အားအပြင်းဆုံး စူပါတိုင်ဖွန်း မုန်တိုင်း ဖိလစ်ပိုင်သို့ဝင်ရောက် စာ - ၄

မအီမြို့နယ်ခွဲ၌ ချောင်းထဲမှ ပိုက်ကွန်တွင် ငြိတွယ်လာသည့် ဗုံးတစ်လုံးကို မီးဖိုတွင် အပူပေးရာမှ ပေါက်ကွဲမှု တစ်ခုဖြစ်ပွား စာ - ၁၁

ဂျိုကိုဗစ် အကြိုဗိုလ်လုပွဲ တက်လာပြီ စာ - ၁၄

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အချိန်ရှိခိုက် လုံ့လစိုက်

လူတို့သည် ပညာရှာရာတွင်လည်းကောင်း၊ ဥစ္စာစီးပွား ရှာကြံရာတွင်လည်းကောင်း အချိန်အခါနှင့်လုပ်ရသည့် ကိစ္စဖြစ်သည်။ ဤကိစ္စများကို အချိန်အခါမရွေး လုပ်နိုင်သော်လည်း အချိန်ကိုက်လုပ်ခြင်းက လျော်ကန်သင့်မြတ်ပေ၏။ အထူးသဖြင့် စီးပွားရှာကြံရာတွင် ငယ်ရွယ်နုပျိုပြီး ဖျတ်ဖျတ်လတ်လတ်ရှိနေစဉ်မှာလုပ်လျှင် ပို၍ကောင်း၏။ ပြေးနိုင်၊ လွှားနိုင် တွေးခေါ်ကြံစည်နိုင်အားကောင်းနေစဉ် လုပ်ကိုင်ရသည်မှာ စိတ်သွားတိုင်းကိုယ်ပါနိုင်သဖြင့် လုပ်ငန်းများအထမြောက် အဆင်ပြေနိုင်၏။

သို့ရာတွင် အချို့သောလူငယ် လူလတ်ပိုင်းများသည် အချိန်အခါနှင့်အညီ ဥစ္စာစီးပွားရှာကြံအားထုတ်ရမည့်အစား အပျော်အပါးလိုက်စားခြင်းဖြင့်သာ အချိန်ကုန်နေကြ၏။ တန်ဖိုးရှိသော အချိန်ကို ဖြုန်းတီးပစ်ကြ၏။ အချို့သောသူများမှာ အလုပ်ရှိသည်ဆိုရုံမျှသာဖြစ်၏။ မည်ကာမတ္တ သာမန်အနေအထားသာလုပ်ကြ၏။ မိမိလုပ်ကိုင်သော အလုပ်အပေါ် တိုးတက်ပွားများအောင် ဝီရိယစိုက်အားထုတ်သူကား နည်း၏။

အချိန်အခါကိုကြည့်ပြီး ကြိုးစားအားထုတ်သူတို့သည် တိုးတက်ကြကုန်၏။ ကြီးပွားကြကုန်၏။ အချိန်သည်တန်ဖိုးရှိ၏။ အချိန်ကို တန်ဖိုးထားတတ်သူများ ကြီးပွားကြကုန်၏။ လူတို့အား ကာလအပိုင်းအခြားနှင့်အညီ လုပ်သင့်လုပ်ထိုက်သောကိစ္စများကို လုပ်ကိုင်ရန် သဘာဝအလျောက် ပိုင်းခြားပေးထား၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝ၊ လူငယ်လူလတ်ပိုင်းဘဝ၊ လူကြီးပိုင်းဘဝ ကာလအပိုင်းအခြားများ နှင့်အညီ လုပ်ကိုင်သွားကြမည်ဆိုလျှင် ကြီးပွားတိုးတက်နိုင်ပေ၏။

ထို့ကြောင့် ဓမ္မပဒတရားတော်တွင် "အရွယ်ရှိခိုက် သူတော်ကောင်းအကျင့်ကိုလည်း မကျင့်၊ ဥစ္စာပစ္စည်းကိုလည်း ရအောင်အားမထုတ်သော သူမိုက်တို့သည် (အရွယ်လွန်သောအခါ) လေးမှလွှတ်လိုက်ပြီးသည်နောက် အဟုန်ကုန်သော မြားတို့ကဲ့သို့ အားမရှိဘဲ ရေးဖြစ်ဟောင်းတို့ကိုသာ ညည်းတွားအောက်မေ့ကာ နေကြရလေကုန်၏။" ဟူ၍ ဖော်ပြထားပါသည်။

ဤအချက်သည် လူတိုင်းလူတိုင်း အရွယ်ကိုလိုက်၍ လုပ်သင့်လုပ်ထိုက်သည်များကို ဝီရိယစိုက်ထုတ် လုပ်ကိုင်သွားသင့်ကြောင်း မီးမောင်းထိုးပြလိုက်ခြင်းပင် ဖြစ်ပါသည်။ ငယ်ရွယ်နုပျိုစဉ် အပျော်အပါးများနှင့် အချိန်ကုန်နေမည့်အစား မိမိဘဝတိုးတက်ရာတိုးတက်ကြောင်း ကြံစည်အားထုတ်လုပ်ကိုင်သွားအပ်ပါသည်။ "အချိန်ရှိခိုက်လုံ့လစိုက်" ဟူသည့်အတိုင်း အရွယ်ကောင်းတုန်း ကြိုးကြိုးစားစားလုပ်ကိုင်သွားမှသာ ကြီးပွားတိုးတက်နိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

Introduction of Company Registration Solution (CRS) မိတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသိဃ်ဟိုတယ်၌ ကျင်းပသော Introduction of Company Registration Solution (CRS) မိတ်ဆက်ရှင်းလင်းခြင်း အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် Asia Time Company မှ Director ဦးဥက္ကာမျိုးက Asia Time Company၊ Infinity Innovation Company နှင့် ထိုင်းနိုင်ငံ CDG Group တို့မှ ပူးပေါင်းစီစဉ်မှုဖြင့် Smart Card စက်များအား ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများ၊ အခြားအဖွဲ့အစည်းများသို့ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည့် အစီအစဉ်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နတ်မောက်မြို့နယ်အတွင်း ယင်းချောင်းပေါ်တွင် ဘေလီ (သစ်သား) တံတားမှ သံကူကွန်ကရစ် တံတားပြောင်းလဲဆောက်လုပ်

နတ်မောက် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နတ်မောက်မြို့၏ အရှေ့တောင်ဘက်ရှိ ယင်းချောင်းကိုဖြတ်၍ ဆောက်လုပ်ထားသော ယင်းချောင်းဘေလီတံတားကို သံကူကွန်ကရစ် (RC) အမျိုးအစား တံတားအဖြစ် ပြောင်းလဲဆောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

ယင်းချောင်းတံတားသည် နတ်မောက်မြို့မှ မြို့သစ်မြို့နှင့် တောင်တွင်းကြီးမြို့တို့သို့ သွားလမ်းတွင် တည်ရှိပြီး နတ်မောက်မြို့၏ အရှေ့ဘက်တွင်ရှိသော ကျေးရွာများသို့သွားလာရာတွင် အသုံးပြုလျက်ရှိသော တံတားတစ်စင်းဖြစ်သည်။ အဆိုပါ တံတားမဆောက်လုပ်မီက ကားနှင့်လှည်းယာဉ်များ သွားလာရာတွင် ယင်းချောင်းအတွင်းမှ ဖြတ်သန်းသွားလာရသောကြောင့် ချောင်းအတွင်း ဘီးများနစ်မြုပ်မှုဖြစ်ပေါ်ပြီး သွားလာရေး နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။ ယခုတည်ရှိနေသော ယင်းချောင်းတံတား၏ အရှည်မှာ ပေ ၃၂၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၁၀ ပေ ၁၀ လက်မခွဲရှိ တစ်လမ်းသွားတံတား ဖြစ်သည်။ ယခု ယင်းချောင်းတံတားကို ၂၀၀၈ ခုနှစ် မတ် ၂၄ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ဖွင့်လှစ်ခဲ့သော ဘေလီတံတားဖြစ်ကြောင်း သိရသည်။

ဘေလီတံတားကို ပြန်လည်ပြောင်းလဲတည်ဆောက်မည့် သံကူကွန်ကရစ်တံတား၏ အရှည်ပေမှာ ယခုတည်ရှိနေသော တံတား၏အရှည်အတိုင်း ပေ ၃၂၀ ဖြစ်ပြီး အုတ်မြစ် ၁ ဒသမ ၈ ဒိုင်ယာမီတာရှိ သံကူကွန်ကရစ်(RC)ပိုင်တိုင် တံတားအမျိုးအစားဖြစ်ပြီး ခန်းဖွင့်ဖွဲ့စည်းပုံမှာ ပေ ၆၀× လေးခန်း၊ ပေ ၄၀×နှစ်ခန်းရှိ RC ရက်မ သံကူကွန်ကရစ်ကြမ်းခင်း အဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း၊ **(အပေါ်ပုံ)** ၂၄ ပေရှိ နှစ်လမ်းသွား၊ လူသွားလမ်း၊ တစ်ဖက် သုံးပေစီပါရှိပြီး စုစုပေါင်း တံတားအကျယ်မှာ ပေ ၃၀ ရှိမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော တာဝန်ခံအင်ဂျင်နီယာက ပြောကြားသည်။

၎င်းကဆက်လက်၍ ယခုတည်ရှိနေသောတံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန် ၁၃ တန် ဖြစ်ပြီး အသစ်ပြန်လည်တည်ဆောက်မည့် တံတား၏ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် တန် ၆၀ ရှိမည် ဖြစ်ကြောင်း သိရသည်။ ယခုအခါတွင် သံကူကွန်ကရစ် တံတားအုတ်မြစ်ချ ဆောက်လုပ်ရန် လက်ရှိဘေလီတံတားကို ဖြိုချရန်အတွက် ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေစေရန် ရေကျော်လမ်းလွှဲ တည်ဆောက်နေပြီ ဖြစ်ကြောင်း၊ ယခုတံတားသစ်ကို မေလကုန်တွင် အပြီးတည်ဆောက်မည်ဖြစ်ပြီး မြို့သစ်မြို့နယ်အတွင်းရှိ သစ်ပုံနှင့် စတုံချောင်းတံတားများကိုလည်း တစ်ပြိုင်နက်တည်း ပြန်လည်ဆောက်လုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

နတ်မောက်မြို့မှ တောင်တွင်းကြီးသို့သွားရာတွင် လမ်းကြောင်းနှစ်ကြောင်းရှိသည့်အနက် လမ်းကြောင်း(၁)မှ တောင်တွင်းကြီးမြို့သို့ သွားလိုလျှင် နတ်မောက်-မကွေး-တောင်တွင်းကြီး ခရီးအကွာအဝေး ၈၇ မိုင်ရှိပြီး၊ လမ်းကြောင်း(၂)မှသွားလျှင် နတ်မောက်-မြို့သစ်- တောင်တွင်းကြီး ခရီးအကွာ အဝေး ၂၈ မိုင်ဖြစ်ကြောင်း သိရသည်။ လမ်းကြောင်း(၂)မှ သွားလျှင် ယင်းချောင်းတံတားမှ ဖြတ်သန်းသွားရမည်ဖြစ်ပြီး လမ်းကြောင်း(၁) ထက် ၅၉ မိုင် ပို၍သက်သာကြောင်း သိရသည်။ **(မြန်မာ့အလင်းသတင်းအဖွဲ့)**

သဲတောဘုတာတွင် သန့်စင်ခန်းများ ပြုလုပ်ပေးစေချင်

ထင်သာမြင်သာ ပြုပြင်စရာ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်းရှိ သဲတောဘူတာရုံသည် ရန်ကုန်-မန္တလေး ရထားလမ်းပေါ်တွင် တည်ရှိနေပြီး နေ့စဉ်မန္တလေးဘက်မှလာသော အစုန်ရထားလေးစင်းနှင့် ရန်ကုန်ဘက်မှလာသော ရထားလေးစင်း ရပ်နားပေးထားသော ဘူတာရုံဖြစ်သည်။

သဲတောသည် ဝမ်းတွင်းမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိပြီး မြို့နယ်အတွင်း ဆည်ကန်များစွာရှိခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ခြင်း၊ စက်ရက်ကန်းလုပ်ငန်းများစွာရှိခြင်းတို့ကြောင့် သီးနှံများနှင့် အထည်အလိပ်လုပ်ငန်းများ အရောင်းအဝယ်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ရှိသဖြင့် သဲတောဘူတာရုံသည် ခရီးသွားပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။ သို့သော် ဘူတာရုံသည် ခရီးသွားပြည်သူများအတွက် သန့်စင်ခန်းများမရှိသဖြင့် ကျန်းမာရေးအတွက် အခက်အခဲရှိခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကြုံတွေ့နေကြရသည်။ဘူတာရုံရှိ ပြည်သူများ၏ အကြံပြုချက်များတွင်လည်း သန့်စင်ခန်းများ ထားရှိရေးကို အများဆုံးအကြံပြုထားကြောင်းနှင့် ခရီးသွားပြည်သူများအတွက် သန့်စင်ခန်းများ အမြန်ဆုံး ပြုလုပ်ပေးသင့်ကြောင်း ဘူတာရုံတွင် အမြဲတမ်း ဈေးရောင်းသူများက ပြောကြားကြောင်း သိရသည်။

မောင်ဖလမ်း(ဝမ်းတွင်း)

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အလှူငွေကျပ် (၁၀)သိန်းလှူဒါန်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းနေ ဦးမျိုးကိုကို (တော်ဝင်မြေ ဆောက်လုပ်ရေးကုမ္ပဏီ)မှ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်(၁၀)သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံပေးအပ်လှူဒါန်းပါသည်။

အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်
မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဦးမြညိမ်း၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

✳ ရွှေဖုံးမှ

အလားတူ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၀) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်အာခါမိုဟာဆီနာပါတိုင်းတဲ့ချိုဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်
ကမ္ဘောဒီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၀)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အထည်ချုပ်လုပ်ငန်းပြပွဲနှင့် စက်မှုပစ္စည်းပြပွဲ
ခေတ်မီစက်ကိရိယာများ ကုမ္ပဏီပေါင်း ၁၅၀ ခန့် ခင်းကျင်းပြသ

ရန်ကုန် နိုဝင်ဘာ ၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေတို့သည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ Traders Hotel ၌ China Crop Production Industry Association မှ ဦးဆောင်ကျင်းပသော International Exhibition & Conference on Agriculture for Myanmar ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေးအမျိုးမျိုးပြခန်းကို ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် တရုတ်၊ ဂျပန်၊ အမေရိကန်၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များနှင့် Traders Hotel ၌တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ လယ်ယာကဏ္ဍ ရင်းနှီးမြှုပ်နှံမှု အခြေအနေဆိုင်ရာနှင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍထွက်ကုန်များ နိုင်ငံတကာသို့ထုတ်လုပ်တင်ပို့ရောင်းချရေး၊ မြန်မာနိုင်ငံအတွင်း လယ်ယာကဏ္ဍရင်းနှီးမြှုပ်နှံရေးကိစ္စတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့သည် ခင်းကျင်းပြသထားသော တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံအပါအဝင် ကုမ္ပဏီပေါင်း ၅၅ ခု၏ လယ်ယာကဏ္ဍဆိုင်ရာ သွင်းအားစုများဖြစ်ကြသည့် ရွက်ဖျန်းမြေဩဇာအမျိုးမျိုး၊ ဓာတ်မြေဩဇာအမျိုးမျိုး၊ ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုးတို့၏ ပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသော The 2nd Myanmar INT'L Textile & Garment Industry Exhibition Show ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး ORKERS Co.,Ltd. မှ Mr.Tiger Lin က ကျေးဇူးတင်စကားပြောကြားကာ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်နှင့် မြန်မာနိုင်ငံချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းအသင်းချုပ် ဥက္ကဋ္ဌ ဦးဆန်မြင့်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဒုတိယအကြိမ်မြောက် အဝတ်အထည်နှင့် အထည်ချုပ်လုပ်ငန်းပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။**(အောက်ပုံ)**

အဆိုပါ ပြပွဲကို နိုဝင်ဘာ ၁၁ ရက်အထိ ဂျာမနီ၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ခေတ်မီ အထည်ချုပ် စက်ကိရိယာများကို ကုမ္ပဏီပေါင်း ၁၅၀ ခန့်က ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ကျောဖုံးမှ

အကြံပေးမှုများ ဆောင်ရွက်မှု၊ စက်တပ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပါက National Grld သို့ လှိုင်သာယာ ဓာတ်အားခွဲရုံမှတစ်ဆင့် ဓာတ်အားဖြန့်ဝေနိုင်ရေးအတွက် 230 KV မဟာဓာတ်အားလိုင်းတည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် စက်များ အချိန်မီတပ်ဆင်ပြီးစီး၍ ဒီဇင်ဘာလတွင် စက်စတင်မောင်းနှင်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန် မှာကြားပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးကလည်း တည်ဆောက်ရေးဆောင်ရွက်နေသည့် EGAT Co., အား ဓာတ်အားပေးစက်တစ်လုံးကို ဒီဇင်ဘာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးအတွက် မှာကြားကာ ဓာတ်အားပေးစက်ရုံများအတွင်း 120 MW ဓာတ်အားပေးစက်နှစ်လုံးတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း
(၁၆)ကြိမ်မြောက် စုပေါင်းဘုံကထိန်အလှူပွဲဖိတ်ကြားလွှာ

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၏ (၁၆)ကြိမ်မြောက် စုပေါင်းဘုံကထိန်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကထိန်တရားတော်နာကြွရောက်ပါရန် အသင်းဝင်များနှင့် ဝန်ထမ်းများအား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁၇-၁၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
ကျင်းပမည့်နေရာ - ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း၊ ဆည်မြောင်းဝင်း၊ ၈မိုင်ခွဲ၊ ပြည်လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။

လှူဒါန်းလိုသူများသည် ဦးဝင်းမောင် အတွင်းရေးမှူး ဖုန်း-၀၁-၅၅၆၆၁၂၊ ၀၁-၅၄၆၃၂၆၊ ဦးသောင်းထွန်း ဘဏ္ဍာရေးမှူး ဖုန်း-၀၁-၅၀၁၄၀၉၊ ဖုန်း-၀၉-၅၁၅၂၃၀၃၊ ဒေါ်ခင်စန်းဦး ဦးစီးအရာရှိ(စီမံ) ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်) ၀၁-၅၇၈၁၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ **(သီးခြားဖိတ်စာပေးပို့ခြင်းမပြုပါ။)**

အမှုဆောင်အဖွဲ့

ပျောက်ဆုံးခြင်း

ကျွန်တော် မြင့်သိန်း CDC-၄၆၂၂၅ ၏ S.S.O လက်မှတ် Cop/R ၀၀၁၆၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၆၄၃၁၁၂**



ဝန်ထမ်းအမြန်အလိုရှိသည်

27th ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (Seagame) အတွက် Megalink Advanced Technologies Co.,Ltd. မှ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါဝန်ထမ်းများ အမြန်အလိုရှိသည်။

၁။ **IT ဝန်ထမ်း** — **၁၀ ဦး (ကျား)**
Computer နှင့် Internet ကို ကောင်းမွန်စွာ အသုံးပြုနိုင်ရမည်။
Prefer,Video Editing and Graphic Experienc ရှိရမည်။
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။
အားကစားကို စိတ်ဝင်စားသူဖြစ်ရမည်။

၂။ **Receptionist ဝန်ထမ်း** — **၁၀ ဦး (ကျား/မ)**
ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်။
အသက် ၂၅-၃၀ အတွင်းဖြစ်ရမည်။

၃။ **Housekeeping Supervisor** — **၁ ဦး (ကျား)**
လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

၄။ **Live Venue Coordinator** — **၁ ဦး (ကျား)**
အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

၅။ **သန့်ရှင်းရေးဝန်ထမ်း** — **၄ ဦး (ကျား/မ)**

- အရည်အချင်းနှင့် လုပ်သက်ပေါ်မူတည်၍ လစာညှိနှိုင်းပေးမည်။ ရာထူးအလိုက် ကွန်ပျူတာ အသုံးပြုနိုင်ရမည်။
- CV Form နှင့်အတူ ဓာတ်ပုံ ၃ ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ Labor card ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက် (တစ်လအတွင်း)

မှတ်ချက် - ဤကြော်ငြာပါသည့်ရက်မှ ၅ရက်အတွင်း လျှောက်ထားနိုင်ပါသည်။
ဆက်သွယ်ရမည့်လိပ်စာ - အမှတ် ၉၃၆၊ သရဖီလမ်း၊ သပြေကုန်းရပ်ကွက်၊ E-Lite ဖုန်းဆိုင်အနီး၊ နေပြည်တော်။
ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၆၇-၈၁၀၈၀၂၈

မုံရွာမြို့ စက်မှုလက်မှုသိပ္ပံ ကျောင်းသား ကျောင်းသူဟောင်းများ၏
နဝမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် ညစာစားပွဲ
ဖိတ်ကြားလွှာ

မုံရွာ စက်မှုလက်မှုသိပ္ပံ ကျောင်းသား ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ရန်ကုန်မြို့တွင် အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ပါသောကြောင့် လူကြီးမင်းကိုယ်တိုင် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပမည့်နေ့ရက် - **၁၀-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)**
ပူဇော်ပွဲကျင်းပမည့်အချိန် - **မွန်းလွဲ ၁ နာရီ**
ညစာစားပွဲ - **ညနေ ၆ နာရီ**
ပူဇော်ပွဲကျင်းပမည့်နေရာ - **ကန်တော်ကြီး Western Park Royal Restaurant (Jade Room)**

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ

နိုင်ငံတကာသတင်း

ကွန်ဂို M 23 သူပုန်ခေါင်းဆောင်နှင့်အဖွဲ့ ယူဂန္ဓာနိုင်ငံတွင် လက်နက်ချအလင်းဝင်

ကမ်ပါလာ နိုဝင်ဘာ ၈

ကွန်ဂိုနိုင်ငံအရှေ့ပိုင်းမှ M 23 သူပုန်ခေါင်းဆောင်နှင့် အဖွဲ့သည် ယူဂန္ဓာနိုင်ငံ၌လက်နက်ချ အလင်းဝင်ခဲ့ကြောင်း ၎င်းသတင်းရပ်ကွက်များက ဘီဘီစီသို့ပြောကြားသည်။ ဘူလ်တာနီမာကင်ဂါးက ၎င်းအနေဖြင့် ဂါဟင်ဂါအမျိုးသားဥယျာဉ်၌ ရာပေါင်းများစွာသော M 23 သူပုန်များနှင့် လက်နက်ချအလင်းဝင်ပြီဖြစ်ကြောင်း ပြောကြားသည်။

သို့ရာတွင် ၎င်းတို့အားကွန်ဂိုဒီမိုကရက်တစ်နိုင်ငံသို့ လွှဲပြောင်းပေးမည် မပေးမည်ကို ဆုံးဖြတ်ချက်မချရသေးကြောင်း ယူဂန္ဓာပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကွန်ဂိုအစိုးရတပ်များက သူပုန်များအပေါ် အနိုင်ရပြီဟုပြောကြားလိုက်ပြီး နာရီပိုင်းအကြာတွင် ယခုသီတင်းပတ်စောစောပိုင်း၌ M 23 သူပုန်များကအကြမ်းဖက်မှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်းလည်း ပြောကြားလိုက်သည်။ ဗိုလ်မှူးကြီးမာကင်ဂါ နှင့်တိုက်ခိုက်ရေးသမား ၁၇၀၀ ခန့်တို့သည် လက်နက်ချပြီးနောက် ယူဂန္ဓာအစိုးရက လျှို့ဝှက်နေရာတစ်ခု၌ ထိန်းသိမ်းထားသည်။

ကွန်ဂိုသူပုန်များသည် ၂၀၁၂ ခုနှစ် ဧပြီလမှစပြီး ကွန်ဂိုအရှေ့ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ကြသည်။ ၎င်း၏ တိုက်ခိုက်ရေးသမားအများစုသည် တွတ်စီလူမျိုးစုမှဖြစ်သည်။ ကွန်ဂိုသူပုန်များလက်နက်ချသော်လည်း ကွန်ဂိုအစိုးရနှင့်ကုလသမဂ္ဂတို့က ယင်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ထိပ်တန်းတပ်မှူးများအား လွတ်ငြိမ်းချမ်းသာခွင့် ပေးဖွယ်မရှိကြောင်း ဘီဘီစီသတင်းထောက်က ပြောသည်။ **(ဘီဘီစီ)**

ပါကစ္စတန်အစိုးရကို လက်တုံ့ပြန်သွားမည် တာလီဘန်ခေါင်းဆောင်သစ်ဖက်ဇ်လူလာပြော

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၈

ပါကစ္စတန် တာလီဘန်ခေါင်းဆောင်သစ်မူလာဖက်ဇ်လူလာက အစိုးရနှင့် ငြိမ်းချမ်းရေးမဆွေးနွေးနိုင်ကြောင်း၊ အမေရိကန်က မောင်းသူမဲ့လေယာဉ်ဖြင့် တာလီဘန်ခေါင်းဆောင်ကို သတ်ဖြတ်ခဲ့မှုအပေါ် လက်စားချေရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုက်သည်။

ပါကစ္စတန် တာလီဘန်စစ်သွေးကြွများသည် စစ်တပ်နှင့် အစိုးရပါတီကိုပစ်မှတ်ထားနေကြောင်း တာဘီဘန်ပြောရေးဆိုခွင့်ရှိသူက ဘီဘီစီသို့ ပြောကြားသည်။ ပါကစ္စတန် တာလီဘန်ခေါင်းဆောင်သစ် မူလာဖက်ဇ်လူလာအား ဟာကီမူလာမီဆွပ်ကို အမေရိကန်တို့က မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ပြီး ခြောက်ရက်အကြာ ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်သည်။

မူလာဖက်ဇ်လူလာသည် တက်ကြွလှုပ်ရှားသူ မာလာလာအားသေနတ်ဖြင့် ပစ်သတ်ရန် ကြိုးစားခဲ့သူများအား ကြိုးကိုင်သူအဖြစ် သတ်မှတ်ထားသည်။ ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်က မေလတွင် အာဏာရလာပြီးနောက် အကြမ်းဖက်တိုက်ခိုက်မှုများ လျှော့နည်းသွားရန်စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ကတိကဝတ်ပြုထားသည်။

ပါကစ္စတန်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် မြောက်ဝါဇီရစ္စတန်သို့ ဆွေးနွေးပွဲသွားရောက်ရန်တစ်ရက်

အလိုအမေရိကန်က ဒုံးယာဉ်ဖြင့် မူလာအား ပစ်ခတ်သတ်ဖြတ်လိုက်ကြောင်း ပါကစ္စတန်အစိုးရက ပြောကြားသည်။

တာလီဘန် ခေါင်းဆောင်များ ကောင်စီသို့မဟုတ် ရှူရာက မီဆွပ်သေဆုံးပြီး ခြောက်ရက်အကြာခေါင်းဆောင်သစ်ရွေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ ခေါင်းဆောင်မီဆွပ်သေဆုံးခဲ့ခြင်းကြောင့် ပါကစ္စတန်အစိုးရကို လက်တုံ့ပြန်သွားမှာပါ" ဟု တာလီဘန်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ရှာဟမ်းဘရစ်တနီက ပြောသည်။

"ပါကစ္စတန်နဲ့ တာလီဘန်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုတာဟာလည်း ရန်သူ့ထောင်ချောက်ထဲရောက်သွားပါပြီ။ အစိုးရရဲ့နိုင်ငံရေးပါတီအားလုံးမှာ ပါဝင်သူတွေဟာ ကျွန်တော်တို့ရဲ့ ရန်သူတွေပါပဲ" ဟု ၎င်းကဆက်လက်ပြောကြားသည်။

မီဆွပ်သည် နိုဝင်ဘာ ၁ ရက်က မြောက်ဝါဇီရစ္စတန်၌ ၎င်း၏ကားကို အမေရိကန်တို့က ဒုံးလက်နက်များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

လက်နက်ကိုင်ပြိုင်ဘက်များအကြား နာရီအတန်ကြာ တိုက်ပွဲပြင်းထန်စွာဖြစ်ပွား

ထရီပိုလီ နိုဝင်ဘာ ၈

လစ်ဗျားမြို့တော် ထရီပိုလီ၌ လက်နက်ကိုင်ပြိုင်ဘက် အုပ်စုနှစ်ခုအကြား တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ရာ အနည်းဆုံးတစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိသွားကြောင်း အယ်လ်ဂျာဇီရာသတင်းတွင် ဖော်ပြသည်။

ယင်းတိုက်ပွဲသည် နာရီအတန်ကြာပြီး လမ်းများစွာအတွင်း အဆိုးရွားဆုံးသော တိုက်ပွဲဖြစ်ကြောင်း၊ ဒေသခံများဘေးလွတ်ရာသို့ ထွက်ပြေးကြရကြောင်း သတင်းတွင် ဖော်ပြထားသည်။ လစ်ဗျားနိုင်ငံတွင် လွန်ခဲ့သောနှစ်နှစ်က မွမ်မာကဒါဖီအား ဖြုတ်ချခဲ့ပြီးနောက် အစိုးရက လက်နက်ကိုင်အုပ်စုများကို ထိန်းချုပ်နိုင်ရန် ရုန်းကန်ကြိုးစားနေရဆဲဖြစ်သည်။ ယခုတိုက်ပွဲသည် လက်နက်ကိုင်အုပ်စုအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် နူရီဖရိုက်ဝမ်းသည် ထရီပိုလီအရှေ့ပိုင်းဆိုးအယ်ဂျိုးမားမှ တိုက်ခိုက်ရေးသမားများက စစ်ဆေးရေးဂိတ်တစ်ခု၌ သေနတ်ဖြင့်ပစ်ခတ်ခံရပြီး ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

အဆိုပါ လက်နက်ကိုင်ခေါင်းဆောင်သေဆုံးပြီးနောက် မီဆရာတာမြို့မှ ဒါဇင်နှင့်ချီသော သေနတ်သမားများက ထရပ်ကားများဖြင့် ထရီပိုလီသို့ ရောက်ရှိလာပြီး အာပီဂျီနှင့် လေယာဉ်ပစ်အမြောက်များနှင့်အတူ ဆန့်ကျင်ဘက်အုပ်စုကို တိုက်ခိုက်ခဲ့ကြောင်း မျက်မြင်တွေ့ရှိကြသူများက ပြောကြားသည်။ **(အယ်လ်ဂျာဇီရာ)**

အားအပြင်းဆုံးစူပါတိုင်ဖွန်းမုန်တိုင်း ဖိလစ်ပိုင်သို့ ဝင်ရောက်

မနီလာ နိုဝင်ဘာ ၈

အားအပြင်းဆုံးမုန်တိုင်းများထဲတွင် တစ်ခုအဖြစ် သတ်မှတ်ကြသော ဟိုင်ရန်းတိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ နိုဝင်ဘာ ၇ ရက်က စတင်ချဉ်းကပ်လာပြီး ၎င်းနှင့်အတူ ရေကြီးမှုများနှင့် နေအိမ်အဆောက်အအုံပြိုကျမှုများဖြစ်ပွားခဲ့ကြောင်း စီအင်န်အေသတင်းတွင် ရေးသားထားသည်။

အားပြင်းဝင်ရောက်

စူပါတိုင်ဖွန်း ဟိုင်ရန်းသည် မနီလာ၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀၀ ခန့်အကွာ Samar ကျွန်းအလယ်သို့ နိုဝင်ဘာ ၈ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က အားပြင်းဝင်ရောက်ခဲ့ပြီး ယခုအခါ အနောက်မြောက်အရပ်သို့ အလျင်အမြန်ရွေ့လျားနေလျက်ရှိသည်။

ဟိုင်ရန်း တိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ တစ်နာရီလေပြင်း တိုက်ခတ်နှုန်း ၃၈၀ ကီလိုမီတာဖြင့် ကြောက်မက်ဖွယ်ချဉ်းကပ်လာမှုကြောင့် နိုင်ငံသားများအားလုံး ကြိုတင်ပြင်ဆင်သတိရှိကြရန် သမ္မတဘီနီနိုအကွီနိုက နိုဝင်ဘာ ၈ ရက်တွင် သတိပေးပြောကြားထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၂ ခုနှစ်ကလည်း ကမ္ဘာ့အားအပြင်းဆုံး မုန်တိုင်းဝင်ရောက်ခဲ့ဖူးရာ ယင်းကာလအတွင်း လူဦးရေ ၂၀၀၀ ခန့် အသေအပျောက်ရှိခဲ့သည်ဟု သိရသည်။ **(စီအင်န်အေ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ပါဦးစီးဌာနနှင့်တက္ကသိုလ်များအတွက် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ/နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

၁။	မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း (၇၅)မျိုး
၂။	စက်မှုနှင့်သက်မွေးပညာဦးစီးဌာန	သင်ထောက်ကူပစ္စည်း (၁၈၄)မျိုး
၃။	အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန	
	(က) ရန်ကုန်နည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း (၁၉)မျိုး
	(ခ) မန္တလေးနည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁၃၃)မျိုး
	(ဂ) ပြည်နည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(ဃ) မန္တလေးကွန်ပျူတာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း (၁)မျိုး
	(င) မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း (၂၇)မျိုး
	(စ) ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်	သင်ထောက်ကူပစ္စည်း(၂၀)မျိုး
	(ဆ) အထက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	သင်ထောက်ကူပစ္စည်း(၁)မျိုး
	(ဇ) အောက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	သင်ထောက်ကူပစ္စည်း(၁)မျိုး
၄။	အဏုမြူစွမ်းအင်ဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း(၂)မျိုး
၅။	ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း (၁၆)မျိုး
၆။	အမျိုးသားဓာတ်ခွဲခန်း	သုတေသနလုပ်ငန်းသုံးပစ္စည်း (၇၀)မျိုး
၇။	ဇီဝနည်းပညာသုတေသနဦးစီးဌာန	သုတေသနလုပ်ငန်းသုံးပစ္စည်း (၁၉၄)မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ် (၂၁)၊ ပြည်ထောင်စုဝန်ကြီးရုံး(ဘဏ္ဍာရေးဌာန)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၁၂-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများပြန်လည်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ပစ္စည်းစာရင်းနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်တွင်းသတင်း

အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှုခိုင်မာခြင်းသည် အာဆီယံအသိုက်အဝန်းထူထောင်မှုကို ပိုမိုခိုင်မာစေမည်

နေပြည်တော် နိုဝင်ဘာ ၈

ယခုကျင်းပသည့် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေးများနှင့် သေနတ်ပစ်ပြိုင်ပွဲတို့သည် မြန်မာနိုင်ငံက တာဝန်ခံဆောင်ရွက်သည့် အာဆီယံလုပ်ငန်းစဉ်များအနက် ပထမဦးဆုံးလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အာဆီယံတပ်မတော်များ၏ စစ်သည်အဆင့်မှသည် အဆင့်မြင့်ခေါင်းဆောင်များအထိ ထိတွေ့ဆက်ဆံမှု၊ ဆွေးနွေးညှိနှိုင်းမှုများမှ အာဆီယံတပ်မတော်များအကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားနားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများ ရရှိစေပြီး အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာစွာ တိုးတက်ဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း၊ အာဆီယံတပ်မတော်များ၏ စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာခြင်းသည် အာဆီယံနိုင်ငံများအကြား ချစ်ကြည်စည်းလုံးမှုအတွက် များစွာအထောက်အကူဖြစ်စေကာ တစ်ခုတည်းသော အာဆီယံအသိုက်အဝန်း ထူထောင်မှုကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့တပ်မတော်များအနေဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း ဖော်ဆောင်မှုတွင် အဓိကပါဝင်လုပ်ဆောင်နေကြရခြင်း ဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့်စီးပွားရေးသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်သက်ရောက်မှု ရှိနေသည့်အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်ရာတွင်လည်း ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးမှုအယူအဆများကို စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အာဆီယံ တပ်မတော်များအနေဖြင့် လုံခြုံရေးကဏ္ဍတွင် နိုင်ငံတော်လုံခြုံရေးမှသည် ဒေသတွင်းလုံခြုံရေးများ ခိုင်မာစွာဖြစ်ပေါ်စေရန် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ သမားရိုးကျ လုံခြုံရေးဆိုင်ရာများသာမက သမားရိုးကျမဟုတ်သော လုံခြုံရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများကို ကာကွယ်ရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် လေ့ကျင့်မှုလုပ်ငန်းစဉ်များတွင်ပါ အာဆီယံနိုင်ငံတပ်မတော်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ ကမ္ဘာ့ဖြစ်ပေါ်ပြောင်းလဲမှုများကြောင့် ကောင်းမွန်သည့် သက်ရောက်မှုများရှိသလို ရင်ဆိုင်ကြုံတွေ့ကြရသည့် စိန်ခေါ်မှုတွေလည်း များစွာရှိပါကြောင်း၊ ၎င်းတို့သည် မိမိတို့အာဆီယံအဖွဲ့ကြီးနှင့် အာဆီယံတပ်မတော်များပေါ်တွင်လည်း ရိုက်ခတ်မှုများစွာရှိပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ယနေ့နံနက် ၉ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသော (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး 14th ASEAN Chiefs of Army Multilateral Meeting (14th ACAMM) တွင် ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အာဆီယံကြည်းတပ်ဦးစီးချုပ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(မြဝတီ)

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ မြန်မာ့တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် အစည်းအဝေးတက်ရောက်လာကြသူများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နံနက်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

နိုဝင်ဘာ ၈ ရက်က ကမ္ဘောဒီးယား နိုင်ငံ၏ အကြိမ် (၆၀)မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့အား ဆီဒိုးနားဟိုတယ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.Sieng Bunvuth နှင့်ဇနီးတို့ ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

(၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များ အစည်းအဝေး (3rd ASMAM 2013) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

၂၀၁၃ ခုနှစ် (၃) ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များ အစည်းအဝေး 3rd ASEAN Sergeant Major Annual Meeting (3rd ASMAM 2013) ကို ယနေ့နံနက် ၈ နာရီက ပြင်ဦးလွင်မြို့ ရွှေစ်အိမ်ဟိုတယ်၌ ကျင်းပရာ (၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များအစည်းအဝေး ကျင်းပရေးကော်မတီနာယက ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် (၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့်အရာခံဗိုလ်များ အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဟန်က အစည်းအဝေးကျင်းပရသည့် အကြောင်းအရင်းများနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမှ အရာခံဗိုလ်(ဘာသာပြန်) ဝင်းလှိုင်က မြန်မာနိုင်ငံ၏ အကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဘရူနိုင်းနိုင်ငံမှ Warrant officer I Ahmad Bin Haji ABDUL Kadir က ယခင်နှစ်က ကျင်းပခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းသည်။

ကျင်းပခဲ့

မွန်းလွဲပိုင်းတွင် (၃)ကြိမ်မြောက် အာဆီယံလုပ်သက်ရင့် အရာခံဗိုလ်များအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

● *ကျော့ဖုံးမှ*

ဌာနအောက်တွင် စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းလက်ခံခဲ့သည့်နှစ်မှာ ယခုအခါ နှစ်ပေါင်း ၂၀ ဝန်းကျင်ရှိနေပြီ ဖြစ်သည်။ ယခုအခါ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ ငါးလုပ်ငန်းဦးစီးဌာနတွင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်မွေးမြူပေးလျက်ရှိသည်။

"ဒီမိကျောင်းမွေးမြူရေးစခန်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ မြန်မာ့မိကျောင်း မျိုးဆက်မပြုန်းတီးရေး၊ ပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ အပန်းဖြေဗဟုသုတရှာမှီးနိုင်ရေးနှင့် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းရေးလုပ်ငန်းကို အများပြည်သူပူးပေါင်းပါဝင်လာစေရေးတို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဟိုးယခင်က မိကျောင်းမျိုး စိတ်လေးမျိုးရှိခဲ့တာပါ။ အခုတော့သုံးမျိုးက မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေပါပြီ။ ခုဒီစခန်းမှာတော့ ရေငန်မိကျောင်းတစ်မျိုးတည်းသာ ကျန်ရှိမွေးမြူစောင့်ရှောက်လျက်ရှိပါတယ်" ဟု သာကေတမိကျောင်းမွေးမြူရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကမ္ဘာပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက မိကျောင်းမျိုးစိတ် ၂၃ မျိုး စတင်ပေါ်ပေါက်လာခဲ့သည်။ ယခင်မြန်မာနိုင်ငံရှိ မိကျောင်းလေးမျိုးမှာ (၁)အင်းမိကျောင်း(Crocodylus palustris) ကို ကုန်းတွင်းရေချို၊ ရေတိမ်အရပ်များ၌ ၁၉၆၀ ခုနှစ်ဝန်းကျင်တွင် မကွေးတိုင်းဒေသကြီး သရက်နှင့် မိကျောင်းရဲတို့တွင် တွေ့ရှိခဲ့ရသည်။ (၂)ရေငန်မိကျောင်း (Crocodylus porosus) ကို ဧရာဝတီတိုင်းဒေသကြီး ဘိုကလေး၊ လပွတ္တာဒေသများတွင် တွေ့ရပြီး ငမိုးရိပ်မိကျောင်းဟုလည်း ခေါ်ဝေါ်ကြသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံး မိကျောင်းမျိုးစိတ်ဖြစ်ပြီး သက်တမ်းမှာ နှစ်ပေါင်း ၁၀၀ အထိရှိသည်။ အရှည်မှာလည်း ပေ ၃၀ အထိရှိနိုင်ကြောင်းသိရသည်။ (၃)ဂင်္ဂါမိကျောင်း (Garvialis gangeticus) ကို ရခိုင်ပြည်နယ် ရေချိုမြစ်ချောင်းများ၌တွေ့ရပြီး ဒေသအခေါ် ငါးဖောင်ရိုးမိကျောင်းဟုလည်း ခေါ်ကြသည်။ (၄)ထိုင်းမိကျောင်း (Crocodylus Siamensis) ကို တနင်္သာရီတိုင်းဒေသကြီး မြိတ်၊ ထားဝယ်ဒေသ ရေချိုမြစ်ချောင်းများတွင် တွေ့ရှိရပြီး အဆိုပါမျိုးစိတ်များအနက် မြန်မာနိုင်ငံတွင် ရေငန်မိကျောင်း တစ်မျိုးတည်းသာ ဆက်လက်ထိန်းသိမ်းစောင့်ရှောက် မွေးမြူလျက်ရှိသည်။

မိကျောင်းများသည် နှစ်စဉ်ဖေဖော်ဝါရီလတွင် မိတ်စလိုက်ပြီး ဧပြီ၊ မေလဆန်းပိုင်းတို့တွင် ဥစချကြသည်။ ဥချပြီးရက်ပေါင်း ၉၀ ကြာလျှင်မွေးဖွားပြီး အဆင့်ဆင့် ယုယမွေးမြူကြရသည်။ စပေါက်ခါစတွင် ရှစ်လက်မ၊ ကိုးလက်မ အရွယ်သာရှိပြီး နှစ်ပေ၊ သုံးပေအရွယ်ရောက်မှ ခံနိုင်ရည်ရှိကြသည်။ မိကျောင်းများ အရွယ်သေးငယ်ချိန်တွင် သားငါးပေါက်၊ ပုစွန်ဆိတ် စသည့်သေးငယ်နူနယ်သော အစာများကိုသာ နေ့စဉ်ကျွေးရပြီး အကောင်ကြီးအရွယ်ရောက်လျှင် သားကြီး၊ ငါးကြီးများကို တစ်ပတ်နှစ်ကြိမ် ကျွေးမွေးရသည်။

သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် ယခုအခါရေငန်မိကျောင်း အကောင်ရေ ၅၀၅ ကောင်ရှိ၍ သဘာဝမိကျောင်းထား ရေကန်မှာ နှစ်ဧကရှိပြီး မွေးမြူရေးစခန်းတစ်ခုလုံး အကျယ်အဝန်းဧက ၄၀ရှိသည်။ မိကျောင်းမွေးမြူရေးစခန်းသို့ ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်လှည့်လည်ကြည့်ရှုသူများကို လူကြီးတစ်ဦးလျှင် ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀ နှင့် ကလေးသူငယ်များကို အခမဲ့ကြည့်ရှုနိုင်ပြီး ပိတ်ရက်မရှိ ၂၄ နာရီပတ်လုံး ဖွင့်လှစ်ပြသပေးလျက်ရှိသည်။ အဆိုပါစခန်းသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များအနေဖြင့် ကိုရီးယားနိုင်ငံမှ အများဆုံးလာရောက်ကြည့်ရှုလေ့လာကြပြီး အမေရိကန်နှင့် ပိုလန်နိုင်ငံတို့မှလည်း လာရောက်လည်ပတ်ကြည့်ရှုကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

● *ရှေ့ဖုံးမှ*

မြန်မာနိုင်ငံကမ်းရိုးတန်းဒေသ၏ တည်ရှိသော နေရာပုံဖော်ခြင်းနှင့် အဏ္ဏဝါပြင်ဂေဟဗေဒစနစ်ကို လေ့လာစစ်တမ်းကောက်ယူနိုင်ခြင်းဖြင့် အဏ္ဏဝါသယံဇာတများ၏ အခြေအနေကို ပိုမိုသိရှိလာနိုင်မည်ဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်ရှိ ငါးသယံဇာတများကို နှစ်ပေါင်းများစွာ ရေရှည်စဉ်ဆက်မပြတ် ဖမ်းဆီးနိုင်မည်ဖြစ်သည်။ ငါးလုပ်ငန်းကြီးကို စီမံခန့်ခွဲနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သတင်းအချက်အလက်များကို အဓိကပံ့ပိုးပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ရေပိုင်နက်ရေပြင်အတွင်း သုတေသနရေယာဉ် R/V Dr. Fridtjof Nansen ၏ သုတေသနခရီးစဉ်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်ပြီး ရေတပ်၊ ပင်မတိုင်းတာရေးတပ်၊ အဏ္ဏဝါသိပ္ပံဌာန၏ မော်လမြိုင်တက္ကသိုလ်နှင့် မြိတ်တက္ကသိုလ်တို့မှ ပညာရှင်များ၊ ပြင်ပမှ အကြံပေးပညာရှင်တစ်ဦး၊ မြန်မာနိုင်ငံမှ စုစုပေါင်းပညာရှင် ၁၂ ဦး လိုက်ပါဆောင်ရွက်ကြမည်ဖြစ်သည်။

အဆိုပါ သုတေသနသင်္ဘော R/V Dr. Fridtjof Nansen သည် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းတွင် ဆိုက်ရောက်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် သတင်းနှင့်စာနယ်ဇင်းတို့အား သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်တွင် သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ရန်အတွက် ပင်လယ်ပြင်သို့ ထွက်ခွာမည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၃)ကြိမ်မြောက်
ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(TTC) အာစရိယပူဇော်ပွဲကျင်းပမည်

၁၉၇၄ခုနှစ်မှ ၁၉၈၂ခုနှစ် (တက္ကသိုလ်ဝင်တန်း)အထိ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)တွင် ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများမှ ကျေးဇူးရှင် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

နေ့ရက်

နိုဝင်ဘာ ၂၇ရက် (ဗုဒ္ဓဟူးနေ့) (အမျိုးသားနေ့)

အချိန်

နံနက် ၉နာရီမှ ၁၂နာရီအထိ

နေရာ

ပညာ့ဗိမာန်ခန်းမ
ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)၊
ပြည်လမ်း၊ ရန်ကုန်တိုင်းဒေသကြီး

ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့သော အခြားနှစ်များမှ ကျောင်းသား ကျောင်းသူဟောင်းများလည်း ဆရာကြီး ဆရာမကြီးများကို ပါဝင်ပူဇော်ကန်တော့နိုင်ပါကြောင်း ဖိတ်ခေါ်လိုက်သည်။

အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

နိုးကြားလာသော အားကစားစိတ်ဓာတ်များ

ဦးကြူစိန်

အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်းမှ ဆေးတက္ကသိုလ်(၂)နှင့် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ဘောလုံးအသင်းတို့၏ နောက်ဆုံးဗိုလ်လုပွဲကို တီဗွီမှတိုက်ရိုက်ထုတ်လွှင့်မည်ဟုသိရသည့်အပြင် ဆေးတက္ကသိုလ်(၂)မှ မြေးမလေးက သူတို့အသင်းအကြောင်း ချီးကျူးစာများကို Face Book ပေါ်တွင် တင်ထား၍ သူပြောတာမှန် မမှန်သိရရန် တီဗွီရှေ့၌ နေရာယူရင်း တက္ကသိုလ်အားကစားနှင့် ပတ်သက်၍ နောက်ကြောင်းပြန်တွေးမိပါသည်။

ကျွန်တော်သည် တစ်ချိန်က ရန်ကုန်တက္ကသိုလ်များဘောလုံးအသင်းတွင် (၁၉၆၈-၁၉၇၁) ခုနှစ်အထိ ပါဝင်ကစားဖူးသူ၊ တက္ကသိုလ်ဘောလုံးသမားဟောင်း (University Old Blues) ဖြစ်ပါသည်။ ၁၉၁၉ ခုနှစ် ရန်ကုန်မြို့တွင် ကျင်းပသော ပထမတန်းလိဂ်ဘောလုံးပြိုင်ပွဲ၌ ရန်ကုန်ကောလိပ်ဘောလုံးအသင်း (Rangoon College Football Club) သည် အနိုင်ရဗိုလ်စွဲသည်မှအစပြု၍ ခေတ်အဆက်ဆက် ရန်ကုန်ကောလိပ်ဘောလုံးအသင်းသည် နာမည်ကြီးခဲ့ပါသည်။ ရန်ကုန်ကောလိပ်ဘောလုံးအသင်းမှ အမည်ပြောင်းခဲ့သော ရန်ကုန်တက္ကသိုလ်များ ဘောလုံးအသင်းသည်လည်း အောင်ဆန်းကွင်းပထမတန်းဘောလုံးပြိုင်ပွဲများတွင် ထိပ်တန်းအသင်း၌ ရပ်တည်နိုင်ပြီး အောင်ပွဲအကြိမ်ကြိမ်ရခဲ့ပါသည်။ တက္ကသိုလ်များဘောလုံးအသင်း၏ "Play Fair Play Hard, Never Quit" ဟူသော ဆောင်ပုဒ်သည် ကစားသမားများ၏ နှလုံးသားထဲတွင် စွဲထင်နေပါသည်။ တက္ကသိုလ်ဘောလုံးအသင်း၏ ကောင်းကင်ပြာရောင်တွင် (Sky Blue) အကျီ၊ အကျီပေါ်တွင် ရိုက်နှိပ်ထားသော ကဒေါင်းပုံအမှတ်တံဆိပ်နှင့် ဘောင်းဘီအဖြူတို့သည် အမြဲတမ်းဝတ်စုံများဖြစ်ကြသည်။

တက္ကသိုလ်များဘောလုံးအသင်း၏ နည်းပြချုပ်မှာ ဆရာညိမ်းဖြစ်ပါသည်။ ဆရာညိမ်းသည် တက္ကသိုလ်များ အားကစားအရာရှိဖြစ်ပြီး ဘဝတစ်လျှောက်လုံး အားကစားတွင် နစ်မြုပ်ထားသူဖြစ်သည်။ ဆရာသည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြလည်းဖြစ်သည်။ တက္ကသိုလ်များ ဘောလုံးအသင်း၏ လက်ထောက်နည်းပြများအဖြစ် ဆရာ၏တပည့်ဆရာများက ဆောင်ရွက်ပါသည်။ ထိုဆရာအများစုတို့မှာလည်း ဆရာနည်းတူ ဝါသနာကိုအရင်းခံပြီး အားကစားတွင်သာ စိတ်နှစ်ထားသူများဖြစ်ကြသည်။ တက္ကသိုလ်ဘောလုံးသမားဘဝမှ သက်ဆိုင်ရာတက္ကသိုလ်များတွင် အားကစားနည်းပြဆရာများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများမှာ ဦးစောဦး (ဆေး-၂)၊ ဦးကျော်ကျော်(တိမ္မေးကု)၊ ဦးမောင်မောင်(စက်မှု)၊ ဦးဘမောင် (ဝိဇ္ဇာသိပ္ပံ)၊ ဦးစိုးမြင့်(စီးပွားရေး)၊ ဦးမြင့်ထူး(ဒဂုံ)၊ ဦးစံသိန်း (အဝေးသင်)တို့ဖြစ်ကြသည်။ ယခုသော် ဆရာညိမ်းနှင့်တကွ ဆရာတချို့တို့မှာ ကွယ်လွန်ကြပြီဖြစ်သည်။

တစ်ချိန်က နိုင်ငံ့လက်ရွေးစင် အားကစားမောင်မယ်များကို တက္ကသိုလ်အားကစားကွင်းများမှ မွေးထုတ်နိုင်ခဲ့ကြသည်။ နိုင်ငံ့လက်ရွေးစင်များအဖြစ်၊ အားကစားမျိုးစုံတွင် အစွမ်းပြနိုင်ခဲ့ကြသည်။ ယခုအချိန်အထိ တက္ကသိုလ်များမှ မွေးထုတ်လိုက်သူများသည် သက်ဆိုင်ရာ အားကစားနယ်ပယ်အသီးသီးတွင် နည်းပြများ၊ အုပ်ချုပ်သူများ၊ နည်းစနစ်မှူးများ၊ အကြံပေးများစသည်ဖြင့် ဆောင်ရွက်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သူ ဦးခင်ဖေကြီးသည် ဆရာညိမ်း၏တပည့်ဖြစ်သလို ယခုလက်ရှိအတွင်းရေးမှူး ဦးဘန်နီတင်အောင်သည်လည်း ဆရာ၏တပည့်ဖြစ်သည်မှာ ထူးခြားစွာ တိုက်ဆိုင်မှုဟု ဆိုရပါမည်။

တက္ကသိုလ်အားကစားသမားများသည် ခေတ်အဆက်ဆက်တွင် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သူများအဖြစ် ပေါ်ထွက်ခဲ့ပါသည်။ တက္ကသိုလ်များဘောလုံးအသင်းမှ မြန်မာ့လက်ရွေးစင်လူကြီးအသင်း၊ လူငယ်အသင်းနှင့်အောင်ဆန်းလက်ရွေးစင်အသင်းသို့ ရောက်ရှိကြသူများကို မှတ်မိသမျှတင်ပြချင်ပါသည်။

(ဦး)အောင်ခင်၊ စိုးမြင့်၊ စောဦး၊ ဘမောင်၊ ကျော်ကျော်၊ စိုးသန်း၊ စိုးမြင့်၊ မောင်မောင်၊ ကျော်ထင်၊ ကျော်ဆင့်၊ စိုးမြင့်လွင်၊ ဂျွန်တင့်၊ နီတွတ်၊ စောနေဗလူး၊ ဂျွန်အေးရွှေ၊ ခင်မောင်ဝင်း၊ ထွန်းကြည်၊ မောင်မောင်(ဂုတ်တို)၊ ဘန်နီတင်အောင်၊ စိန်ဝင်းကြီး၊ နေလင်း၊ ဇော်မြင့်၊ သန်းတိုးအောင်တို့ဖြစ်ကြသည်။

တက္ကသိုလ်အသင်းမှ လက်ရွေးစင်ဖြစ်သူများသည် ယခုစာရင်းထက်ပို၍ များပါသည်။ လက်လှမ်းမီသမျှသာ တင်ပြရ၍ ကျန်ရစ်သူများက ခွင့်လွှတ်စေချင်ပါသည်။

ကျွန်တော့်အတွေးမဆုံးမီ ဆေး(၂) အသင်းနှင့် အနောက်ပိုင်းနည်းပညာဘောလုံးအသင်းတို့ နောက်ဆုံးဗိုလ်လုပွဲကစားကြပါပြီ၊ နှစ်သင်းစလုံး ငယ်ရွယ်သူများဖြစ်ကြပြီး ရွှင်လန်းတက်ကြွနေပါသည်။ နုပျိုသောမျက်နှာများကလည်း ငယ်ဂုဏ်ကိုဖော်ပြနေပါသည်။ ဘောလုံးပွဲစလျှင် နည်းပညာအသင်းမှ ပို၍ဖိကစားနိုင်ခဲ့သည်။ ဆေး(၂)နောက်တန်းနှင့် ဂိုးသမားတို့လည်း ကောင်းပါသည်။ နှစ်ဖက်အားပေးသူများနှင့် အထူးတန်းပွဲကြည့်စင် တစ်ခုလုံးပြည့်နေသည်။ မိမိတို့အားပေးသော အသင်းဝတ်စုံကို ဝတ်ဆင်ထားကြ၍ အားပေးသူများကို ခွဲခွဲခြားခြားတွေ့ရပါသည်။ စည်းရုံးရေးကောင်းသော ဆေး(၂)ပရိသတ်က ပိုများပါသည်။ စည်းကမ်းတကျ ကိုယ့်အသင်းကိုယ် အားပေးကြသည်။ စိတ်တက်ကြွဖွယ်ရာမြင်တွေ့ရသည်။ ကစားသမားများကလည်း အားကြိုးမာန်တက်ကစားကြပြီး အပေးအယူ အချိတ်အဆက်မိမိဖြင့် ကစားနိုင်ကြသည်။ တစ်ဦးချင်းစွမ်းရည်ဖြင့် ထိုးဖောက်ကစားမှုများကလည်း အဆင့်မြင့်ပါသည်။

ပထမပိုင်းတွင် နည်းပညာမှတစ်ဂိုးသွင်းနိုင်ခဲ့ပြီး မကြာခင်မှာပင် ဆေး(၂) ချေပဂိုးရသွားပါသည်။ စိတ်ဓာတ်တက်ကြွလာသော ဆေး(၂) အသင်းသည် ဖိကစားရင်းဖြင့် တစ်ဖက်အသင်း၏ အမှားများမှ နှစ်ဂိုးထပ်သွင်းနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဆေး(၂)သည် အနိုင်ဂိုးကို ထိန်းကစားနိုင်၍ ပွဲအပြီးတွင် ဆေး(၂)တက္ကသိုလ်အသင်းမှ အနောက်ပိုင်းနည်းပညာတက္ကသိုလ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်သွားခဲ့သည်။ ဆေး(၂) အားပေးသူများ၏ အသံသည် ဘဝင်ညံမတတ်ဖြစ်ခဲ့ပါသည်။

နည်းပညာမှဘောလုံးသမားအချို့တို့မှာ ဖြေမဆည်ဘဲမျက်ရည်ဝေနေကြသည်။ ငိုကြွေးနေသူများနှင့် နှစ်သိမ့်သူများကိုလည်း တွေ့နေရပါသည်။ သူတို့ စိတ်ထိခိုက်နေပုံကိုမြင်ရ၍ တစ်ချိန်က ကိုယ်တွေ့ဖြစ်ရပ်ကို သတိရမိပါသည်။

၁၉၆၈ ခုနှစ် မတ်လတွင် တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲကို ရန်ကုန်မြို့အောင်ဆန်းအားကစားကွင်းကြီး၌ ကျင်းပခဲ့ကြပါသည်။ တက္ကသိုလ်ကောလိပ်ကျောင်း ၁၆ကျောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြေးခုန်ပစ်နှင့် ဘောလုံးပြိုင်ပွဲများပါဝင်သည်။ ယင်းပြိုင်ပွဲတွင် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်ဘောလုံးအသင်းနှင့် ရန်ကုန်စက်မှုတက္ကသိုလ်အသင်းတို့ ဆီမီးဖိုင်နယ်ပွဲ ကစားရပါသည်။

ပထမပိုင်းတွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံအသင်းမှ နှစ်ဂိုးနိုင်နေသည်။ ဒုတိယပိုင်းတွင် စက်မှုအသင်းမှ နှစ်ဂိုးပြန်ချေပနိုင်ခဲ့သည်။ စက်မှုမှ ချေပဂိုးနှစ်ဂိုးစလုံးသွင်းခဲ့သူ ရှေ့တန်းသမားမှာ မတော်တဆထိမိ၍ ပွဲမပြီးမီ ၁၅ မိနစ်အလို ထွက်ခဲ့ရသည်။ ပွဲပြီးသော်လည်း နှစ်ဂိုးစီသရေပွဲဖြစ်သွားသည်။ အနိုင်၊ အရှုံးအတွက် စည်းကမ်းချက်များအရ ခေါင်းပန်းလှန်ရပါမည်။ နှစ်သင်းစလုံး အဝတ်လဲခန်းတွင် ပြန်လည်နားရပါသည်။ မကြာမီ သတင်းတစ်ခုကြားရပါသည်။ မတော်တဆထိမိသူမှာ ညှပ်ရိုးကျိုးသွားကြောင်းဖြစ်၏။ ဒုတိယသတင်းကတော့ ခေါင်းပန်းလှန်ရာတွင် စက်မှုအသင်းရှုံးသည်ဟု ဖြစ်ပါသည်။ ကျွန်တော်တို့ကစားသမားများအားလုံး ဝမ်းနည်းပန်းနည်း ငိုကြွေးကြပါတော့သည်။ နည်းပြအုပ်ချုပ်သူ ဆရာများကလည်း မျက်ရည်တစမ်းစမ်းဖြစ်နေသည်။ စက်မှုအသင်းသို့ အားပေးလာသော ကျောင်းသူများကလည်း ဝိုင်း၍ငိုသည်အထိ ခံစားကြရပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၄၀ ကျော်က အဖြစ်အပျက်များသည် ယနေ့တိုင်မမေ့နိုင်ဖြစ်ရပါသည်။ တစ်ချိန်က စက်မှုတက္ကသိုလ်မှ ဆရာများနှင့် ကစားဖော်များကိုလည်း သတိရ၍ မဆုံးနိုင်တော့ပါ။

အဘိုးကြီးဖြစ်နေသော ကျွန်တော်သည် ဆေး(၂)နှင့် နည်းပညာတက္ကသိုလ်တို့၏ ဘောလုံးပြိုင်ပွဲကိုကြည့်ပြီး စိတ်ဓာတ်တက်ကြွနေပါသည်။ ငုပ်လျှိုးနေသော အားကစားစိတ်များလည်း တဖွားဖွားပေါ်လာပါသည်။ ထို့အတူ အနယ်နယ်အရပ်ရပ်မှ ဘောလုံးပွဲကြည့်နေသူ တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည်လည်း စိတ်အားထက်သန်နေပါမည်။ သက်ဆိုင်ရာတက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများသည်လည်း နောင်နှစ်တွင် ပြိုင်ပွဲဝင်နိုင်ရန် အစီအစဉ်များ ရေးဆွဲပေးလိမ့်မည်။ တက္ကသိုလ်များ၊ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲသည် အောင်မြင်သော ပြိုင်ပွဲတစ်ရပ်ဖြစ်သည်။ ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်နိုင်ခြင်းသည် တက္ကသိုလ်ကျောင်းများအတွက် ဂုဏ်ယူဖွယ်ဖြစ်ပါမည်။ ထိုသို့သော အားကစားပြိုင်ပွဲများသည် အင်တာနက်ဆိုင်များ၊ ဂိမ်းဆိုင်များတွင် အချိန်ကုန်နေသူများကို အားကစားကွင်းများဆီသို့ ဦးတည်စေပါမည်။ နှစ်စဉ်ယခုကဲ့သို့သော ပြိုင်ပွဲကြီးများကို ကျင်းပနိုင်ပါက မြန်မာနိုင်ငံကိုယ်စားပြုအားကစားသမားများ ပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ရပါသည်။

သို့ပါ၍ တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ နှလုံးသားထက်တွင် အားကစားစိတ်ဓာတ်များ ရှင်သန်နိုးကြားလာမည်ဟု ထင်မြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲလှုံ့ဆော်ရေး မြေစိုက်ပိုစတာ(count down LED Board)ကို နေပြည်တော် ရေပန်းဥယျာဉ်အတွင်း အများပြည်သူများအား နှိုးဆော်ပြသထားသည်ကို တွေ့ရစဉ်။

(ကိုကြီးထိန်-သတင်းစဉ်)

တပ်ကုန်းမြို့နယ် သပြေချောင်း–ရွှေမြို့အရှေ့ ကျေးလက်တံတားပြန်လည်ပြုပြင်

တပ်ကုန်း နိုဝင်ဘာ ၈

နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဦးမြင့်ရွှေတို့သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၇ ရက်က ရေတိုက်စားပျက်စီးသွားသော တပ်ကုန်းမြို့နယ် သပြေချောင်း-ရွှေမြို့အရှေ့ကျေးလက်တံတား ပြန်လည်တည်ဆောက်မှုကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကြည့်ရှုစစ်ဆေးခဲ့ရာ **(အောက်ပုံ)** တံတားအမြန်ပြီးစီးရေးနှင့် အရည်အသွေးကောင်းမွန်စေရေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့်ရန်ပုံငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၄၁၇)**

ထွေ/အုပ်ဦးစီးဌာန နှစ်ပတ်လည်နေ့ သီပေါ၌ကျင်းပ

သီပေါ နိုဝင်ဘာ ၈

ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ဇနီးဒေါ်မာလာမျိုးတို့ကို အမှူးထား၍ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ စုပေါင်းလှူဒါန်းသည့် ဗုဒ္ဓရုပ်ပွားတော် ဘုရားအနေကဇာတင်ခြင်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၅ နာရီက မြို့နယ်ထွေ /အုပ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်သံဃာတော်အရှင်သူမြတ်များက ဒေသနာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြပြီး အောင်စေတီကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က ထွေ/ အုပ်ဦးစီးဌာန ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

တောတောင်ပျက်ပြုန်း

မြေဆီသုံး၏

ချောင်းနှစ်ပေါက်တံတား ဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီး

မြိတ် နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်-တနင်္သာရီ-မော်တောင် ပြည်ထောင်စု လမ်းမကြီးပေါ်ရှိ တနင်္သာရီမြို့မှ ၁၈ မိုင် ၄ ဖာလုံအကွာ ထုံခါကျေးရွာနှင့် သဲဖြူကျေးရွာကို ဆက်သွယ်ထားသော တနင်္သာရီမြစ်ငယ်ကို ဖြတ်သန်း၍ ချောင်းနှစ်ပေါက်တံတား ဘေလီသံပေါင်တံတားကို အများပိုင်ကော်ပိုရေးရှင်းလီမိတက်မှ BOT စနစ်ဖြင့် တံတားအရှည်ပေ ၁၂၀၊ အကျယ် ၁၄ ပေ နှစ်လမ်းသွားဘေလီသံပေါင် အမျိုးအစားဖြစ်ပြီး ယင်းချောင်းနှစ်ပေါက်တံတား တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ဒေသထွက်ကုန်များကို ကုန်းလမ်းမှအချိန်တိုအတွင်း လွယ်ကူစွာတင်ပို့နိုင်ပြီး တစ်ဖက်ထိုင်းနိုင်ငံမှ တင်သွင်းသော ကုန်ပစ္စည်းများကိုလည်း မော်တောင်နယ်စပ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ပြည်တွင်းဈေးကွက်သို့ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

ပြည်ထောင်စုလွှတ်တော်မှ

အဆိုတင်သွင်းရာတွင် **အဆိုရှင် ဦးအေးမောက်**က “လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ယူနစ် ၁၀၀ ထိအား (၃၅)ကျပ်နှုန်း သတ်မှတ်သည့်အပေါ် ပြန်လည်သုံးသပ်သင့်ပါကြောင်း၊ သုံးသပ်သင့်သည့် အကြောင်းအရင်းမှာ အိမ်ထောင်စုများတွင် အများအားဖြင့် ပျမ်းမျှယူနစ် ၂၀၀ မှ ၃၀၀ ခန့်အတွင်း သုံးစွဲကြသည်ဖြစ်ရာ အိမ်သုံးတစ်ယူနစ် ၃၅ ကျပ်နှုန်းထားဖြင့် ယူနစ် ၂၀၀ မှ ၃၀၀ အတွင်းအား တိုးမြှင့်၍ ပြန်လည်စဉ်းစားသင့်ပါကြောင်း၊ ယူနစ် ၁၀၀ ထိသတ်မှတ်မှုမှာ လေ့လာဆောင်ရွက်သည်ဆိုသော်လည်း လျှပ်စစ်သုံးစွဲမှုသိပ်သည်းသည့် နေရာများတွင် လေ့လာဆောင်ရွက်ခြင်းမဟုတ်ဟု ယူဆပါကြောင်း၊ ယူနစ် ၃၀၀ အထက် သုံးစွဲသည့်ဈေးနှုန်းများကို သင့်တင့်သည့်ဈေးနှုန်း ၄၀ ကျပ် သို့မဟုတ် ၅၀ကျပ် စသည်ဖြင့် ပြန်လည်ဆောင်ရွက်သင့်ပါကြောင်း၊ ယနေ့ လျှပ်စစ်ဖြန့်ဖြူးမှုများကိုကြည့်လျှင် ပြည်နယ်များ၌ ၁၁ ရာခိုင်နှုန်းခန့်နှင့် တိုင်းဒေသကြီးများ၌ ၈၉ ရာခိုင်နှုန်းခန့် သုံးစွဲနေသည်ကိုတွေ့ရသဖြင့် ပြည်နယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအထိ တတ်နိုင်သမျှမျှတအောင် ဖြန့်ဖြူးပေးရန်လည်း အဆိုပြုအပ်ပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အရှုံးပေါ်သဖြင့် ဈေးနှုန်းတိုးမြှင့်မည့်အစား လက်ရှိဆောင်ရွက်နေသည့် အခြေအနေကို ပြန်လည်စိစစ်လေ့လာသုံးသပ်သင့်ပါကြောင်း၊ နည်းပညာပိုင်း၊ အုပ်ချုပ်မှုပိုင်း၊ စက်စွမ်းအား အပြည့်လည်ပတ်နိုင်မှုရှိ/မရှိ၊ ရင်းနှီးမြှုပ်နှံမှုများတွင် အလေအလွင့်မရှိစေရေးနှင့် စိစိစစ်စစ်ဆောင်ရွက်နိုင်မှု၊ အလေအလွင့်များထိန်းသိမ်းနိုင်မှုတို့ကို သေချာစွာအဖွဲ့များဖွဲ့၍ လေ့လာဆောင်ရွက်သွားပါက အရှုံးပေါ်မှုများ အမှန်တကယ်ရှိခဲ့လျှင် ကျဆင်းသွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် မလိုလားအပ်သော အသုံးစရိတ်များကို စိစစ်သင့်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် ယမန်နေ့ကဆွေးနွေးခဲ့သော **ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမ(၆)လ နိုင်ငံတော်၏အရအသုံးစာရင်းများကိုစစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၇/၂၀၁၃)**အပေါ် သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သက်သက်ဇင်က ဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်ထိ ကြွေးကျန် မြန်မာကျပ်ငွေ ၃၁၈၁ ဒသမ ၉၅၉ သန်းနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၉၂ သန်း ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ဝန်ကြီးဌာနရှိ တာဝန်ရှိသူအဆင့်ဆင့်က ပြည်သူ့ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲရေး ကြပ်မတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ မြန်မာကျပ် ၃၁၆၇ ဒသမ ၃၁၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၀၈ သန်းကို နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ပေးသွင်းရန်ကျန် ကျပ်သန်း ၁၄ ဒသမ ၆၄၁ သန်းနှင့်အမေရိကန်ဒေါ်လာ ၀ ဒသမ ၇၈၄ သန်းသာ ကျန်ရှိပါတော့ကြောင်း၊ ၎င်းကျန်ရှိငွေများကို တည်ဆဲဥပဒေ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၏ကြွေးကျန်မှာ နိုင်ငံတော်သို့ကြိုတင်ပေးသွင်းထားသော ကုန်သွယ်ခွန်၊ နိုင်ငံတော်ထည့်ဝင်ငွေနှင့် ဝင်ငွေခွန်တို့ဖြစ်ပါကြောင်း၊ ကုန်သွယ်ခွန်၊ နိုင်ငံတော်ထည့်ဝင်ငွေနှင့် ဝင်ငွေခွန်တို့ကို ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်လျာထားချက်ပါအတိုင်း ပေးသွင်းရပြီး နှစ်ချုပ်စာရင်းအရ အမှန်ပေးသွင်းရမည့် ငွေမှာ လျော့နည်းသဖြင့် ကြိုတင်ပေးသွင်းငွေများအဖြစ် ပေါ်ပေါက်ရခြင်း ဖြစ်ပါကြောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဌာနအချင်းချင်းစာရင်းရှင်း၊ စာရင်းပြောင်းသဘောအရ ကျန်ရှိနေသည့်ငွေနှင့် နှစ်အဆက်ဆက် ကြွေးကျန်များကို အထောက်အထားများ ရှာဖွေဖော်ထုတ်ပြီး စာရင်းရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ကျန်ကြွေးကျန်မှာ ဌာနဆိုင်ရာများမှ ရရန်ရှိငွေများ မဟုတ်ကြောင်း၊ ကုန်သွယ်ခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်ထည့်ဝင်ငွေများ ပေးသွင်းရာတွင် လျာထားချက်အတိုင်းပေးသွင်းရပြီး နှစ်ချုပ်စာရင်းအရ အမှန်ပေးသွင်းရမည့်ငွေနည်းခြင်းကြောင့် နိုင်ငံတော်သို့ကြိုတင်ပေးသွင်းငွေအဖြစ် မြီစာရင်းပေါ်နေသည့်ငွေများ ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ စာရင်းရှင်းလင်းရန် ကျန်ရှိနေသောကြွေးကျန်များကို ကြိုးစားရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ကြွေးကျန်များဖြစ်ရခြင်းမှာ ဆရာဝန်၊ သူနာပြုနှင့် အခြားကျွမ်းကျင်ဝန်ထမ်းများ ပြည်ပပညာသင်သွားရောက်ပြီး ပြန်လည်တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့်သော်လည်းကောင်း၊ သတ်မှတ်ကာလ မပြည့်မီ တာဝန်ကို စွန့်လွှတ်ထွက်ခွာသွားခြင်းကြောင့်သော်လည်းကောင်း အလုပ်မှထုတ်ပစ်ခံရခြင်းတို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက လျော်ကြေးငွေပေးသွင်းရန် ကျန်ရှိနေခြင်းဖြစ်ပါကြောင်း၊ ပေးသွင်းရန်ပျက်ကွက်သောသူများအား ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ကြွေးကျန်များရှင်းလင်းရေးအတွက် ဒုတိယသမ္မတ ဦးဆောင်သည့် ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်များ စာရင်းရှင်းလင်းရေးအဖွဲ့အား ဖွဲ့စည်းပေးခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၁၅ ရက်မတိုင်မီ အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစဉ်များအနေဖြင့် နှစ်ပေါင်းများစွာမှ ကျန်ရှိသော ပုဂ္ဂလိကများထံမှ ကြွေးများကို ယင်းပုဂ္ဂိုလ် (ပုဂ္ဂလိက)ထံမှတောင်းခံရန်၊ မရပါက ဥပဒေကြောင်းအရ တောင်းခံရန်၊ ကြွေးစာရင်းပေါ်နေသည့် နိုင်ငံပိုင်ဌာနအဖွဲ့အစည်းများ၏ ကြွေးများအတွက် ရရန်၊ ပေးရန်များကို တိုက်ဆိုင်ညှိနှိုင်း၍ ရရန်၊ ပေးရန်ကိုက်ညီနေသည့် အကြွေး

ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

များကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်ရန်၊ ရရန်၊ ပေးရန်မကိုက်ညီသည့် နိုင်ငံပိုင်ဌာန၊ အဖွဲ့အစည်းများ၏ အကြွေးများကို နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးမှုစာရင်း (ရရန် အကြွေးစာရင်း)မှ ပယ်ဖျက်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ရန်၊ ပုဂ္ဂလိကထံမှတောင်းခံရန် မည်သို့မျှ မဖြစ်နိုင်တော့ကြောင်း ခိုင်လုံသေချာသည့် ရရန်ကြွေးမြီများကို နိုင်ငံပိုင်ပစ္စည်းဆုံးရှုံးမှုစာရင်း(ရရန်အကြွေး စာရင်း)မှ ပယ်ဖျက်ရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စီစဉ်ဆောင်ရွက်ရန်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပုဂ္ဂလိကကဏ္ဍမှကြွေးကျန်များသည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ကိုယ်ပိုင်အိမ်ရာဆောက်လုပ်ရန် အပ်နှံခဲ့စဉ် ကျန်ရှိသောအကြွေးများဖြစ်သဖြင့် ယခုအမြန်ဆုံးပြန်လည်ပေးသွင်းစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဆောက်လုပ်ရေးဝန်ကြီးဌာနကို လွန်ခဲ့သည့်နှစ်ပေါင်းများစွာက လုပ်ငန်းအပ်နှံခဲ့သော ဝန်ကြီးဌာနများမှ လုပ်ငန်းများအား အကြောင်းအမျိုးမျိုးကြောင့် ငွေကြေးပေးဆပ်ရန်ကျန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများကို အကြောင်းကြားပြီး ပေးဆပ်ရန်ညှိနှိုင်းပြီးဖြစ်ပါကြောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သောစက်မှုဇုန်မြေများ၊ တိုက်ခန်းများ၊ လုံးချင်းအိမ်ရာများရောင်းချစဉ်က အရစ်ကျပေးသွင်းသောစနစ်ဖြင့်ရောင်းချခဲ့ရာ ငွေသွင်းရန် ကျန်ရှိသောအကြွေးများရှိပြီး ကျန်ရှိသောကြွေးကျန်များအား ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးသတ်ရှင်းလင်းသွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်မှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ ကျပ် ၈၆၆ ဒသမ ၈၀၇ သန်းရှိပါကြောင်း၊ ၎င်းကြွေးကျန်များမှာ ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများ၊ သင်ကြားရေး ဝန်ထမ်းမဟုတ်သော အခြားဝန်ထမ်းများ ဌာနကင်းကွာခြင်း၊ နုတ်ထွက်ခြင်း၊ ထုတ်ပယ်ခံရခြင်း စသည်တို့အတွက် ချုပ်ဆိုထားသောကတိစာချုပ်များအရဌာနသို့ ပေးလျော်ရမည့် လျော်ကြေးငွေများ ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်များသည် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ နိုင်ငံတော်သို့ပေးသွင်းရန် ကျန်ရှိသည့်ကြွေးကျန်အမျိုးအစား မဟုတ်ပါကြောင်း၊

ဆက်လက်တောင်းခံဆောင်ရွက်ရာတွင် Social Impact များရှိနိုင်သည့်အတွက် အလေးအနက်ထား ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါကြောင်း၊ အဆိုပါနှစ်အဆက်ဆက် ကြွေးကျန်များစာရင်း ရှင်းလင်းရေးကို ၂၀၁၄ ခုနှစ် မတ် ၁၅ ရက် နောက်ဆုံးထားလျက် အစီအမံများချမှတ်ဆောင်၍ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်များ ရှင်းလင်းရေးအတွက် နိုင်ငံတော်အစိုးရက ဒုတိယသမ္မတ ဦးစီးသည့် ဘဏ္ဍာရေးနှစ်အဆက်ဆက် ကြွေးကျန်များရှင်းလင်းရေးအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်နေသည်ဟု သိရပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်နှင့်နှစ်ချုပ်စာရင်းများကို ဆက်လက်စစ်ဆေးလျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနများက ကြွေးကျန်များကိစ္စကို အလေးထားဖြေရှင်း ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရပြီး ကြွေးကျန်များစာရင်းတွင် ရှေးသတ္တုစင်ကြွေးကျန်စာရင်းမှအပ များစွာလျော့နည်းသွားသည်ကို တွေ့ရပါကြောင်း၊ အစီရင်ခံစာကို ယခု ၂၀၁၃ ခုနှစ် နိုဝင်ဘာလကုန်တွင် တင်ပြရန် ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနမှ ရရန်ရှိသည့် ရှေးကြွေးကျန်စာရင်းအနေဖြင့် ဆက်လက်တိုးမြင့်လာဖွယ်ရာသာရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းအစီရင်ခံစာနှင့်ပတ်သက်၍ လွှတ်တော်က သဘောတူလက်ခံရန် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဝင် ဦးနုက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူလက်ခံကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာတွင် “ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာသည် ပြည့်စုံသောအစီရင်ခံစာတစ်ခုဖြစ်ကြောင်း၊ နှစ်အဆက်ဆက် ကြွေးကျန်များသည် များပြားလွန်းသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် မည်ကဲ့သို့ဆက်လက်လုပ်ဆောင်သွားမည်ကို ပြည်ထောင်စုလွှတ်တော်သို့ လာရောက်ရှင်းလင်းတင်ပြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အနေဖြင့်လည်း လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိစေရေးနှင့် Value for Money ဖြစ်စေရေးအတွက် စစ်ဆေးရန်အတတ်ပညာရှင်များကို တိုးချဲ့ဖွဲ့စည်းရန်လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ကြွေးကျန်များကို ပိုမိုပေးသွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက တွန်းအားပေးဆောင်ရွက်သင့်ကြောင်း” ဖြင့် အကြံပြုဖော်ပြထားကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်သို့ တင်ပြရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်အနေဖြင့် ကြွေးကျန်ကိစ္စနှင့်ပတ်သက်၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများကို အလေးထားဆောင်ရွက်ခဲ့သည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ကြွေးကျန်များပေါ်ခဲ့ပါကြောင်း၊ ကြွေးကျန်များကို ဝန်ကြီးဌာနတိုင်းက ရရှိအောင် တောင်းယူမည်ဟု ကတိများပေးခဲ့ကြပါကြောင်း၊ ထိုကတိများအတိုင်း သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးက အမှန်တကယ်ဆောင်ရွက်နိုင်ခြင်းရှိ၊ မရှိကို ပြန်လည်သုံးသပ်သင့်သည့်အနေအထားရှိပါကြောင်း၊ တည်ဆဲဥပဒေအရ ဆက်လက်ဆောင်ရွက်မည်ဆိုလျှင်လည်း ပြည်သူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား၊ ဝန်ကြီးဌာနအချင်းချင်းအကြား အခြားသောမပြေလည်မှုများ၊ ပြဿနာများ ရှိကောင်းရှိနိုင်သည်ဟု သုံးသပ်ပါကြောင်း၊ ဖြတ်သန်းလာသည့်အတွေ့အကြုံအရ၊ အခြေအနေအရ ယခုကဲ့သို့ သုံးသပ်ခြင်းဖြစ်ပါကြောင်း။

မလုပ်နိုင်သောကတိကိုပေးထားခြင်းသည် ကတိခံယူသွားသည့်ပုဂ္ဂိုလ် သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာနတွင် တာဝန်ရှိနေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်အတွက် တာဝန်ကျေအောင်၊ အုပ်ချုပ်ရေးအဖွဲ့နှင့်သက်ဆိုင်ရာဝန်ကြီးဌာနများလည်း တာဝန်ကျေအောင်၊ အဆင်ပြေအောင်လုပ်ပေးရန် လိုလိမ့်မည်ဟု ထင်ပါကြောင်း၊ လက်တွေ့တွင် ကတိအတိုင်းမဆောင်ရွက်နိုင်လျှင် သက်ဆိုင်ရာပြည်ထောင်စုအဆင့် ဌာနအသီးသီး၌ ကတိပျက်ကွက်မှုများဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်က ထိုသို့ကတိပျက်ကွက်မှုများကို ဆက်လက်ကြည့်နေရမည်ဆိုလျှင် ပြည်ထောင်စုလွှတ်တော်တွင်လည်း တာဝန်ရှိမည်ဖြစ်ပါကြောင်း။

ပြဿနာတစ်ရပ်ကို ဖြေရှင်းသည့်အခါ ဘက်စုံ၊ ထောင့်စုံ ပါဝင်ဆွေးနွေး အဖြေရှာပြီး လုပ်ဆောင်မှုသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ အချို့ကိစ္စများသည် တည်ဆဲဥပဒေများနှင့်သက်ဆိုင်နေပါကြောင်း၊ တည်ဆဲဥပဒေကို မပြင်နိုင်ပါက ပြဿနာဖြေရှင်းပေးနိုင်သည့် အနေအထားမရှိပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် သုံးသပ်မိသည်မှာ ဤကိစ္စကို နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများအတွက်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်အတွက်လည်းကောင်း တာဝန်ကျေအဆင်ပြေနိုင်ရန်အတွက် ကော်မရှင်သို့မဟုတ် ကော်မတီကို ပြည်ထောင်စုလွှတ်တော်က ဖွဲ့စည်းပြီးဆောင်ရွက်မှသာ အဆင်ပြေနိုင်မည်ဟု ထင်မြင်ပါကြောင်း၊ အချို့သက်ဆိုင်သောပုဂ္ဂိုလ်များကို ခေါ်ယူဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ လိုအပ်လျှင် ကော်မတီဖွဲ့စည်းဆောင်ရွက်မည်ဆိုပါက ပိုမိုအဆင်ပြေနိုင်သည်ဟူသည့် ဆွေးနွေးချက်ရပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ ခံယူထားရမည်မှာ နိုင်ငံအတွင်းတွင် ဖြစ်ပေါ်နေသောကိစ္စအားလုံးသည် အုပ်ချုပ်ရေးအဖွဲ့၌သာ တာဝန်ရှိသည်မဟုတ်ဘဲ ပြည်သူများ၏ကိုယ်စား ပြည်သူ့ကိုယ်စားလှယ်များတွင်လည်း ဖြစ်ပေါ်လာသည့်ကိစ္စများကို ကောင်းမွန်မှန်ကန်မျှတစွာ ဖြေရှင်းပေးရန် အဓိကတာဝန်ရှိသည်ဟု ခံယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့ကို ၎င်းတို့တွင်သာ တာဝန်ရှိသည်ဟု လက်ညှိုးထိုးပြီး မိမိတို့နှင့် မဆိုင်သကဲ့သို့ အနေအထားမျိုးသည် ပြောင်းလဲလာသောစနစ်၊ ခေတ်တွင်ရှိရန် မလိုတော့ပါကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့တွင်သာ တာဝန်ရှိသည်ဟု ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်က ဤသို့ခံယူထားမည်ဆိုပါက မိမိတို့တာဝန်မကျေရာရောက်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ အုပ်ချုပ်ရေးအဖွဲ့ကို ကူညီရမည်ဖြစ်ပါကြောင်း၊ ထိုနည်းတူ ပြည်သူများ၏ ဘဝ၊ ပြည်သူများ၏ ဆန္ဒ၊ ပြည်သူများ၏ အကျိုးစီးပွားအတွက်လည်း မိမိတို့ကြည့်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပထမ(၆)လ အရေးယူ ဆောင်ရွက်ပြီးစီးမှုအခြေအနေ အစီရင်ခံစာတွင်ပါရှိသည့် သတ္တုတွင်းဝန်ကြီးဌာန၏ပစ္စည်းကြွေးကျန်ရှေးစင်ကိစ္စများသည် စာရင်းဇယားပျက်ကွက်မှု သက်သက်မဟုတ်ပါသဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ကန်ထရိုက်တာပြည်သူတို့အကြား ပြည်ထောင်စုအစိုးရက ကျယ်ပြန့်စွာဝင်ရောက်ဆွေးနွေးစဉ်းစားပေးရန် ဤအစီရင်ခံစာအား မှတ်တမ်းတင်ရင်း ပြည်ထောင်စုအစိုးရအား တစ်ပါတည်းတိုက်တွန်းအပ်ပါကြောင်း**အဆိုကို တင်သွင်းခဲ့ရာ လွှတ်တော်က အဆိုကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့အတူ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းက **လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်တွင် အစီရင်ခံစာအပိုင်း(၁၊ ၂၊ ၃) တင်သွင်းပြီးနောက်ပိုင်း ဆက်လက် ရောက်ရှိလာသည့် အစီရင်ခံစာအပိုင်း(၁၊၂၊၃) နှင့်စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုအစိုးရသို့ပေးပို့သည့် တိုင်ကြားစာများအပြင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ တင်ပြသည့် အခြားတင်ပြစာများကိုလည်း အလျင်အမြန်အရေးယူ ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က တိုင်ကြားမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ လွှဲပြောင်းဆောင်ရွက်စေလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို ညနေ ၄ နာရီတွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေးကျင်းပ
အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ နှစ်နိုင်ငံသီးခြားစီတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံတွင် ပထမဦးဆုံး အကြိမ် လက်ခံကျင်းပသည့် (၁၄) ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များ စုံညီအစည်းအဝေး 14th ASEAN Chiefs of Army Multilateral Meeting(14th ACAMM)ကို ယနေ့နံနက် ၉ နာရီ တွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘရူနိုင်းနိုင်ငံကြည်းတပ် ဦးစီးချုပ် Brigadier General Dato Seri Pahlawan Haji Yussof Bin Haji Abd Rahman၊ ကမ္ဘောဒီးယားနိုင်ငံ ကြည်းတပ် ဦးစီးချုပ် General Meas Sophea၊ အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီး ချုပ် General Budiman၊ လာအို နိုင်ငံ ဒုတိယစစ်ဦးစီးအရာရှိချုပ် Brigadier General Chanthong Soneta AT၊ မလေးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ် General Datuk Raja Mohamed Affandi Bin Raja Mohamed Noor၊ ဖိလစ်ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ် Lieutenant General Noel A. Coballes၊ စင်ကာပူနိုင်ငံကြည်းတပ် ဦးစီးချုပ် Major General Ravinder Singh၊ ထိုင်းနိုင်ငံ ဒုတိယ ကြည်းတပ်ဦးစီးချုပ် General Udomdej Sitabutr နှင့် ဗီယက်နမ် နိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ် Lieutenant General Nguyen Quoc Khanh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာတပ်မတော်ကာကွယ် ရေးဦးစီးချုပ်က အစည်းအဝေးဖွင့်ပွဲ မိန့်ခွန်းပြောကြား၍ အစည်းအဝေး အား ဖွင့်လှစ်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ် ရေးဦးစီးချုပ်အား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်းက 14th ACAMM အထိမ်းအမှတ်ပစ္စည်းများ ပေးအပ် သည်။

(၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး 14th ASEAN Chiefs of Army Multilateral Meeting(14th ACAMM) ကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမ၌ ကျင်းပစဉ်။ (မြဝတီ)

ဆက်လက်ပြီး ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က "Enhancing ASEAN Armies Unity Towards the 2015 ASEAN Community " ခေါင်းစဉ်အား ဆွေးနွေးပြောကြား ပြီး တက်ရောက်လာကြသော အာဆီယံ ကြည်းတပ်ဦးစီးချုပ်များ နှင့် ကိုယ်စားတက်ရောက်သူ များသည် နိုင်ငံအကျာရာစဉ်အလိုက် ဆွေးနွေးကြသည်။

ဆွေးနွေးနေစဉ်အတွင်း ဆွေး နွေးသည့်အကြောင်းအရာ အနှစ် ချုပ်များအား (၁၄)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ စုံညီအစည်းအဝေး ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ဇာနည် ဝင်းက ပြန်လည်ရှင်းလင်းခဲ့ သည်။

ထို့နောက် အလွတ်သဘော ဆွေးနွေးမှုဆောင်ရွက်ခဲ့ပြီး (၁၄) ကြိမ်မြောက် အာဆီယံကြည်းတပ် ဦးစီးချုပ်များ စုံညီအစည်းအဝေး ပူးတွဲထုတ်ပြန်ချက် 14th ACAMM Joint Statement ကို လက်မှတ် ရေးထိုးကြသည်။

ယင်းနောက် အာဆီယံနိုင်ငံများ မှ ကြည်းတပ်ဦးစီးချုပ်များသည် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ နှစ်နိုင်ငံသီးခြား စီတွေ့ဆုံပွဲများ (Bilateral Meetings) ကို ကျင်းပသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် သည် ဘရူနိုင်းနိုင်ငံကြည်းတပ် ဦးစီးချုပ်၊ ကမ္ဘောဒီးယားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ အင်ဒိုနီးရှား နိုင်ငံကြည်းတပ်ဦးစီးချုပ်၊ လာအို နိုင်ငံ ဒုတိယစစ်ဦးစီးအရာရှိချုပ်၊ စင်ကာပူနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ထိုင်းနိုင်ငံဒုတိယ ကြည်းတပ်ဦးစီး ချုပ်၊ ဗီယက်နမ်နိုင်ငံ ဒုတိယ ကြည်းတပ်ဦးစီးချုပ်နှင့် မလေးရှား နိုင်ငံ ကြည်းတပ်ဦးစီးချုပ်တို့အား သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

အလားတူ စင်ကာပူနိုင်ငံကြည်း တပ်ဦးစီးချုပ်နှင့် ဖိလစ်ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ထိုင်းနိုင်ငံ ဒုတိယ ကြည်းတပ်ဦးစီးချုပ်၊ ဗီယက် နမ်နိုင်ငံဒုတိယကြည်းတပ်ဦးစီးချုပ် တို့သည်လည်းကောင်း၊ မလေးရှား နိုင်ငံကြည်းတပ်ဦးစီးချုပ်နှင့် ထိုင်း နိုင်ငံ ဒုတိယကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ စင်ကာပူနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ ဘရူနိုင်းနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီး ချုပ်တို့သည်လည်းကောင်း၊ အင်ဒို နီးရှားနိုင်ငံကြည်းတပ်ဦးစီးချုပ်နှင့် ထိုင်းနိုင်ငံ ဒုတိယကြည်းတပ်ဦးစီး ချုပ်တို့သည်လည်းကောင်း၊ ဖိလစ် ပိုင်နိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီး ချုပ်၊ ထိုင်းနိုင်ငံ ဒုတိယကြည်းတပ် ဦးစီးချုပ်၊ ဗီယက်နမ်နိုင်ငံကြည်းတပ် ဦးစီးချုပ်တို့သည် လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေးခဲ့ကြ သည်။

ဆက်လက်၍ ညနေပိုင်းတွင် အာဆီယံနိုင်ငံ ကြည်းတပ်ဦးစီးချုပ် များနှင့်ဇနီးများသည် မန္တလေး တောင်သို့ ရောက်ရှိပြီး ညနေနေဝင် ဆည်းဆာအလှ ကြည့်ရှုခဲ့ကြ ကြောင်း သတင်းရရှိသည်။

(မြဝတီ)

နယူးဆောက်သ်ဝေးပြည်နယ် ဘုရင်ခံနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၈

ဩစတြေးလျနေသဟာယနိုင်ငံ နယူးဆောက်သ်ဝေးပြည်နယ်ဘုရင်ခံ မစ္စမာရီယာဘာရှားနှင့်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်)နှင့် ဩစတြေးလျနေ သဟာယနိုင်ငံ The University of Sydney တို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် Letter of Intent ရေးထိုးသည့်အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်သူ့ ကျန်းမာရေးတက္ကသိုလ် ပါမောက္ခ ချုပ် ဒေါက်တာနေစိုးမောင်က ယခု ကဲ့သို့ နှစ်နိုင်ငံတက္ကသိုလ်များ အကြား လက်မှတ်ရေးထိုးခြင်း ကြောင့် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်မှ လက်ရှိဆောင်ရွက်နေ သည့် သုတေသနကိစ္စရပ်များ၊ စစ်တမ်း ကောက်ယူခြင်းများနှင့် အနာဂတ်တွင် ရှေ့ဆက်ဆောင်ရွက် သွားမည့် အစီအစဉ်များအတွက် တိုးတက်ဖြစ်ထွန်းမှု အကျိုးရလဒ် ကောင်းများရရှိမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍The University of Sydney, Sydney Medical School မှ ပါမောက္ခ Bruce Robinson က The University of Sydney နှင့် Sydney Medical School တို့၏သမိုင်းကြောင်း၊ နိုင်ငံ တကာတက္ကသိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်နေမှုများ အကြောင်း တို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာ ရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်နှင့် The University of Sydney, Sydney Medical School မှ ပါမောက္ခ Bruce Robinson တို့ကတက္ကသိုလ် နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ Letter of Intent ကို လက်မှတ်ရေးထိုးကြပြီး မိခင်နှင့် ကလေးကျန်းမာရေး အမျိုးသား အင်စတီကျူ (National Institute of Maternal and Child Health) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော် ဘုရင်ခံနှင့်အဖွဲ့ဝင်များသည် မိခင် နှင့်ကလေးကျန်းမာရေး အမျိုးသား အင်စတီကျူ (National Institute of Maternal and Child Health) ကို လှည့်လည်ကြည့်ရှုလေ့လာကြ ကာ "ကူးစက်ရောဂါထိန်းချုပ်ရေး နှင့် မိခင်နှင့်ကလေးကျန်းမာရေး" (Infectious Diseases Control and Maternal and Child Health) ခေါင်းစဉ်ဖြင့် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် ကြသည်။

ယင်းနောက် ဧည့်သည်တော် ဘုရင်ခံနှင့်အဖွဲ့သည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ဓနသဟာယ စစ်သင်္ချိုင်းသို့သွားရောက်၍ ဩစ တြေးလျနိုင်ငံ စစ်သည်များ၏ ဂူ ဗိမာန်ရှေ့၌ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး ကာ စစ်သင်္ချိုင်းအတွင်း လှည့်လည် ကြည့်ရှုကြသည်။

ဧည့်သည်တော် ဘုရင်ခံ မစ္စ မာရီယာဘာရှားနှင့် အဖွဲ့သည် ညပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည် ထွက်ခွာကြရာ **(ဝဲပုံ)** နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဩစ တြေးလျ နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူ များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြ သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား UNFPA ဌာနေကိုယ်စားလှယ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား UNFPA ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Ms.Janet Jackson ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ လွှတ်တော် ရေးရာဆောင် (I-1)၌ လာရောက်တွေ့ဆုံပြီး UNFPA နှင့် မြန်မာနိုင်ငံ လွှတ်တော်ကော်မတီများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာ နိုင်ငံ၌ အမျိုးသမီးများ၏အခွင့်အရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ AFPPD တွင် မြန်မာနိုင်ငံအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက် နိုင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

၂၀၁၃-၂၀၁၄ ပညာသင်နှစ် သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူ

ရန်ကုန် နိုဝင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းဌာနတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် (၁၈) ကြိမ်မြောက် သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်း ဝင်ခွင့်လျှောက်လွှာများခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက် နောက်ဆုံးထား၍ ဆေးသိပ္ပံပညာဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်း အစိုးရဝန်ထမ်း ဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ ကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ်နှင့်ခင်ပွန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ရောက်ရှိနေသော ဩစတြေးလျဓနသဟာယနိုင်ငံ ဘုရင်ခံချုပ် မစ္စကွင်တင်းဘရိုက်စ်နှင့်ခင်ပွန်း မစ္စတာ မိုက်ကယ်ဘရိုက်စ်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် ဘုရင်ခံချုပ်နှင့်ခင်ပွန်းနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီးနှင့်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၈

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၈/၂၀၁၃)ဒုတိယနေ့ကို ယမန်နေ့နံနက် ၁၀ နာရီတွင် ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၄၇ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်းနှင့်အဆိုများ တင်သွင်းဆွေးနွေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော်အထူးစည်းဝေး

နေပြည်တော် နိုဝင်ဘာ ၈

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး(၁/ ၂၀၀၃) ဒုတိယနေ့ကို ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေ ငွေစာရင်းလျာထားချက်ကို ဆွေးနွေးအတည်ပြုခြင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာဥပဒေကြမ်းတင်သွင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၈

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၇ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ အဆိုများနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရသုံး ခန့်မှန်းခြေငွေစာရင်းတင်သွင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီတို့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

ချင်းပြည်နယ် အစိုးရအဖွဲ့နှင့် စွမ်းအင်သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီတို့ တွေ့ဆုံပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်တို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ စွမ်းအင်၊ သယံဇာတနှင့် ဓာတ်သတ္တုဆိုင်ရာ ဆပ်ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက ကော်မတီ၏ရည်ရွယ်ချက်တာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်သူတွေရဲ့အသံသိတော့ ဖြည့်ဆည်းပေးစေချင်တာကို နိုင်ငံတော်အစိုးရအနေနဲ့သိတာပေါ့

ယနေ့ခေတ်သည်သတင်းခေတ်ဖြစ်သည်။ သတင်းခေတ်ဖြစ်သည့်အားလျော်စွာ ပြည်သူများသည်သတင်းကိုမြန်သည်ထက်မြန်မြန်သိရှိနိုင်ရေး ရှာဖွေရယူနေကြသည်။ အလားတူ မကွေးမြို့မှပြည်သူများသည်လည်း သတင်းကမ္ဘာထဲတွင် ဝင်ရောက်စီးမျောနေသည်ဖြစ်ရာ သတင်းစာများ၊ စာစောင်များ၊ ရုပ်မြင်သံကြား၊ ရေဒီယိုတို့မှသတင်းများရယူနေကြမှုနှင့်သတင်းများထုတ်လွှင့်နေမှုအပေါ်၎င်းတို့၏အမြင်များကိုမေးမြန်းစုစည်းပြီး တင်ဆက်လိုက်ရပါသည်။

ဦးရွှေသန်း
ပန်းစိုက်တောင်သူ၊ အောင်မေတ္တာရပ်၊ မကွေးမြို့။

မေး။ ။သတင်းစာကို ပုံမှန်ဖတ်ဖြစ်ပါသလား။ ဒါမှမဟုတ်ဂျာနယ်တစ်ခုခုပေါ့။ သတင်းကိုသိချင်ရင် ဘယ်ဟာကို စွဲစွဲမြဲမြဲဖတ်ဖြစ်ပါသလဲ။ သိချင်ပါတယ်။

ဖြေ။ ။သတင်းစာကို အမြဲလိုလိုဖတ်ပါတယ်။ ဒါ့အပြင် ဂျာနယ်ပေါင်းစုံကိုလည်းဖတ်ပါတယ်။ ဂျာနယ်ပေါင်းစုံထဲမှာ ရသပေါင်းစုံခံစားချင်လို့ ဖတ်ပါတယ်။

မေး။ ။သတင်းတစ်ခုခုကို သိချင်တယ်ဆိုရင် ရုပ်မြင်သံကြားကို ကြည့်ဖြစ်သလား၊ သတင်းစာကိုဖတ်ဖြစ်သလား၊ အင်တာနက်သုံးလား၊ ရေဒီယိုကိုနားထောင်ပါသလား။

ဖြေ။ ။အင်တာနက်တို့ဘာတို့မကြည့်နိုင်ဘူး။ သတင်းစာတို့ ဂျာနယ်တို့ပဲ ဖတ်တာများပါတယ်။

မေး။ ။အခုအချိန်မှာ သတင်းစာတို့၊ ရုပ်မြင်သံကြားတို့က အသွင်သဏ္ဌာန်ပြောင်းလာပြီ၊ ပြောင်းလဲနေပြီဆိုတော့ ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ထည့်ပြီးဖော်ပြပေးနေတဲ့အပေါ်မှာ သဘောထားအမြင်လေးသိချင်ပါတယ်။

ဖြေ။ ။အခု ပွင့်ပွင့်လင်းလင်းနဲ့ သတင်းစာ၊ ဂျာနယ်တွေက ရေးလာတာကြောင့် လူထုတွေလည်း တော်တော်များများဖတ်ပြီးတော့ အမြင်တွေကျယ်လာကြတာပေါ့။ အဲဒီအတွက်လည်း အများကြီးကြိုဆိုပါတယ်။

မေး။ ။ဈေးကွက်သတင်းတွေ၊ ဒီဒေသမှာဖြစ်နေတဲ့ ဈေးကွက်သတင်းတွေ၊ ရိုးရာဓလေ့ပွဲတော်တွေကို သတင်းစာထဲမှာ ထည့်ပြီးဖော်ပြပေးခဲ့မယ်ဆိုရင် ပြည်သူတွေအနေနဲ့ ပိုပြီးတော့ဖတ်လာလိမ့်မယ်လို့ ထင်ပါသလား။

ဖြေ။ ။အဲဒီလိုကျယ်ကျယ်ပြန့်ပြန့်လေး လုပ်ပေးလာရင် လူထုအတွက်လည်း ပိုပြီးအမြင်ကျယ်လာမယ်၊ ပိုလည်း လက်ခံလာမှာပါ။ အဲဒါတွေက ကောင်းတဲ့လက္ခဏာတွေပါ။

ဦးဖိုးဇော်
နေဝန်းနီလက်ဖက်ရည်ဆိုင်၊ မကွေးမြို့။

မေး။ ။အစ်ကိုတို့အနေနဲ့ သတင်းတွေကို တစ်ခုခုဖြစ်ပြီးတာနဲ့ ချက်ချင်းလက်ငင်းသိရပါသလား။ ဥပမာ-အင်တာနက်ကပဲဖြစ်ဖြစ်၊ သတင်းစာကပဲဖြစ်ဖြစ်၊ ဂျာနယ်ကပဲဖြစ်ဖြစ် ဘယ်နေရာကနေသိရှိနိုင်ပါသလဲ။

ဖြေ။ ။သတင်းတွေနဲ့ပတ်သက်ပြီး သိရှိရတာတော့ စာစောင်တွေဖတ်ရလို့ သိရှိရတာလည်းရှိပါတယ်။ အင်တာနက်ကကြည့်ရှုလို့ သိရတာလည်းရှိပါတယ်။ ရေဒီယိုက သိရတာတွေလည်းရှိတယ်။ သတင်းစာတွေကလည်း သိရတာရှိတယ်။ မြန်မာ့အသံနဲ့ ရုပ်မြင်သံကြားကနေပြီး သိရတာတွေလည်းရှိပါတယ်။ စာစောင်တွေလည်း ဖတ်ပါတယ်။ များသောအားဖြင့် လက်ရှိအမြင်အရ ဒီစားသောက်ဆိုင်တွေမှာ စာစောင်တွေတော်တော်များများဖတ်တာတွေ့ရမှာဖြစ်ပါတယ်။ နောက်ပြီး ဖုန်းရှိတဲ့သူတွေက ဖုန်းအင်တာနက်ကနေ သတင်းတွေဖတ်ကြတာကိုလည်း တော်တော်များများတွေ့ရပါတယ်။ ပြည်သူတွေရဲ့ သဘောထား၊ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ပွင့်လင်းမြင်သာဆိုတဲ့ ကိစ္စတစ်ခုအပေါ်မှာ လက်ရှိနိုင်ငံတော်အစိုးရအနေနဲ့လည်း သိသွားတာပေါ့။ သိသွားတာနဲ့ တချို့အောက်ခြေမှာဖြစ်နေတဲ့ကိစ္စတွေ နိုင်ငံတော်အစိုးရက မသိတာတွေအများကြီးရှိပါတယ်။ အဲဒီတော့ ပြည်သူတွေရဲ့အသံသိသွားတော့ နိုင်ငံတော်အစိုးရအနေနဲ့ ဘာလုပ်ပေးစေချင်တယ်၊ လိုအပ်ချက်တွေကိုဖြည့်ဆည်းပေးစေချင်တာကို အစိုးရအနေနဲ့ သိသွားတာပေါ့။ သဘောကျပါတယ်။ ကိုယ့်ရဲ့ဒေသကိစ္စတစ်ခုကို

ဦးထွန်းတင်၊ အငြိမ်းစားဝန်ထမ်း၊ အောင်မေတ္တာရပ်၊ မကွေးမြို့။

ဦးကုလား ကန်သာရပ်၊ မကွေးမြို့။

လူတိုင်းစိတ်ဝင်စားကြတာပေါ့နော်။ ပိုပြီးတော့ကြည့်လာပါလိမ့်မယ်။ ပိုပြီးတော့ စိတ်ဝင်စားလာကြမယ်လို့တော့ တထစ်ချယုံကြည်ပါတယ်။

မေး။ ။ခေတ်မီနည်းပညာတွေနဲ့တိုင်းတာပြီးတော့ ထုတ်လွှင့်ပေးနေတဲ့ မိုးလေဝသအစီအစဉ်တွေကို ရေဒီယို၊ရုပ်မြင်သံကြားတွေ၊ သတင်းစာတွေထဲကနေပြီးတော့ အချိန်မီဖတ်ရှုနားထောင်နိုင်မယ်ဆိုရင် အစ်ကိုတို့အတွက် ပိုပြီးအကျိုးရှိမယ်လို့ ထင်ပါသလား။ ဥပမာ-ကျရောက်လာမယ့် ဘေးအန္တရာယ်တွေကို ကြိုတင်ကာကွယ်တားဆီးပေးနိုင်မယ်လို့ ထင်ပါသလား။

ဖြေ။ ။သိပ်ကောင်းတဲ့အစီအစဉ်ပါ။ ပြည်သူတွေအတွက် အန္တရာယ်ရှိတာ၊ သဘာဝဘေးအန္တရာယ်ရှိတာတွေကို မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကနေ ထုတ်ပြန်နေတဲ့ သတင်းတွေဟာ ပြည်သူတွေအတွက် ကြိုတင်ကာကွယ်လို့ရတယ်။ ကိုယ့်ကိုယ်ကိုလုံခြုံမှုရှိဖို့မှာလည်း ကြိုတင်ပြင်ဆင်ထားလို့လည်းရတာပေါ့။ အဲဒါဟာ တော်တော်ကောင်းတဲ့ အစီအစဉ်ပါ။ တော်တော်လက်ခံပါတယ်။ အကျိုးရှိမယ့်လုပ်ငန်းတွေ၊ ပြည်သူတွေအတွက် အကျိုးရှိမယ့်လုပ်ငန်းတွေ၊ ပြည်သူတွေ အသိအမြင်ကြွယ်ဝဖို့ ဖြစ်လာမယ့်ကိစ္စမျိုးတွေ၊ရုပ်သံလိုင်းတွေ၊ စာစောင်တွေအများစုပေါ့၊ ပြောရမယ်ဆိုရင် အများကြီးပေါ့။ အခုကကတော့ ပြည်သူတွေအတွက် အများကြီး ကောင်းကျိုးပြုမယ့်လုပ်ငန်းတွေ ချန်နယ်လိုင်းတွေမှ များများလွှင့်ပေးသင့်ပါတယ်။ စာစောင်တွေလည်းများများထုတ်ဝေပေးသင့်ပါတယ်။ ပြည်သူတွေဗဟုသုတတိုးပွားဖို့ ပြည်သူတွေမသိတာတွေလည်း သိသွားတာပေါ့။ အဲဒီအတွက်တော့ ကောင်းပါတယ်။

ဦးရွှေသန်း၊ ပန်းစိုက်တောင်သူ၊ အောင်မေတ္တာရပ်၊ မကွေးမြို့။

ဦးဖိုးဇော်၊ နေဝန်းနီ လက်ဖက်ရည်ဆိုင်၊ မကွေးမြို့။

ဦးထွန်းတင်
အငြိမ်းစားဝန်ထမ်း၊ အောင်မေတ္တာရပ်၊မကွေးမြို့

မေး။ ။လက်ရှိနိုင်ငံပိုင်နဲ့ ပုဂ္ဂလိကသတင်းစာတွေအပေါ် ဘယ်လိုမြင်ပါသလဲ။

ဖြေ။ ။သတင်းစာတွေက ဈေးနှုန်းလည်းသက်သာတယ်။ အရည်အသွေးကျတော့လည်း အခုတော်တော်လေးကောင်းနေပါပြီ။ ဖြန့်ချိရေးအပိုင်းမှာတော့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိနိုင်ဖို့ အဲဒါလေးပဲကြိုးစားဖို့လိုပါတယ်။

မေး။ ။သတင်းစာက ယူရတာအခက်အခဲရှိတယ်လို့ပြောတယ်။အခက်အခဲရှိတယ်ဆိုတော့ ကိုယ်စားလှယ်တွေက ဒီဘက်ကိုသိပ်မရောက်နိုင်ဘူးပေါ့နော်။ သိပ်မရောက်ဘူးဆိုတော့ ကျွန်မတို့အနေနဲ့ သတင်းစာကို ဒီမြို့မှာဖတ်လို့ရတဲ့ အခြေအနေထိရောက်အောင် ဒီဘက်ကိုရောက်အောင် ကျွန်မတို့ကြိုးစားနေပါတယ်။ အဲဒီကြိုးစားမှုကြောင့် ဒီကို သတင်းစာရောက်ပြီဆိုရင် ကဏ္ဍစုံသတင်းတွေကို ပိုပြီးဖတ်လို့ရပြီပေါ့နော်။ အဲဒီလိုဖတ်လို့ရဖို့အတွက် အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းကောင်စီလေးတစ်ခုနဲ့ ဖွဲ့ပြီးတော့ ပြည်သူတွေရဲ့ ဝန်ဆောင်မှုကိုပေးဖို့ရှိပါတယ်။ အဲဒီမှာ ဒီဒေသတွေရဲ့ ရိုးရာဓလေ့ပွဲတော်တွေကို ထည့်သွင်းဖော်ပြပေးမှာပေါ့နော်။ အဲဒီလိုထည့်သွင်းဖော်ပြပေးရင် သတင်းစာရော၊ ရုပ်မြင်သံကြားတွေကိုရော ပြည်သူတွေပိုပြီးနှစ်သက်လာလိမ့်မယ်လို့ထင်သလား။ ထင်မြင်ယူဆချက်လေးသိချင်ပါတယ်။

ဖြေ။ ။လက်ရှိအခြေအနေမှာ သတင်းစာက ပြည့်ပြည့်စုံစုံဖော်ပြတဲ့အတွက် ပြည်သူတွေကနှစ်သက်ပါတယ်။ ကျွန်တော်လည်းနှစ်သက်ပါတယ်။ အခုလုပ်မယ့် ပြည်သူတွေဝန်ဆောင်မှုပေးတဲ့ သတင်းစာကတော့ လက်ရှိအခြေအနေမှာကို တော်တော်လေးကောင်းတယ်။ ပြည်သူ့အသံတွေလည်း အများကြီးပါတယ်။ ပြည်သူတွေရဲ့ခံစားချက်တွေ အများကြီးပါတာကိုလည်း တွေ့ရပါတယ်။

မေး။ ။ကျွန်မတို့က အခုပြည်သူလူထုအတွက် အသိပညာ ဗဟုသုတတွေ၊ သတင်းအချက်အလက်တွေ ပိုပြီးတော့များများရနိုင်ဖို့အတွက် ပညာပေးအစီအစဉ်တွေရော၊ ဖျော်ဖြေရေးအစီအစဉ်တွေရော၊ ရိုးရာဓလေ့ပွဲတော်တွေရော ဆက်ပြီးတော့ထုတ်လုပ်ဖို့ရှိပါတယ်။ အဲဒီလိုဆိုတော့ ပြည်သူတစ်ယောက်အနေနဲ့ ဒီအစီအစဉ်တွေအပေါ် ပြည်သူတွေလက်ခံပြီးတော့များများ ကြည့်လာမလား၊ ဘယ်လိုထင်မြင်ပါသလဲ ပြောပြပေးစေလိုပါတယ်ရှင့်။

ဖြေ။ ။ဒီထက်ပိုပြီးတော့ တိုးချဲ့ထုတ်လွှင့်လာရင်တော့ ပိုပြီးကောင်းတာပေါ့လေ။ အခုအချိန်က မရှိမဖြစ်သတင်းတွေက ပိုပြီးအရေးကြီးတဲ့ အချိန်ဖြစ်တယ်လေ။ တိုင်းပြည်က ကောင်းတဲ့လမ်းကြောင်းပေါ်ကိုသွားနေတဲ့ အချိန်မှာ သတင်းမှန်တွေပေးနိုင်ဖို့ကအများကြီးအရေးကြီးပါတယ်။ အများပြည်သူဝန်ဆောင်မှုလုပ်ပြီးတော့ ဘယ်နိုင်ငံရေးပါတီမှ ကိုယ်စားမပြုဘဲနဲ့ ဘယ်ပါတီမှ ကိုယ်စားမပြုဘဲနဲ့ လုပ်မယ်ဆိုတဲ့သတင်းမျိုး၊ အဲဒီလိုအနေအထားမျိုးလုပ်မယ်ဆိုတော့ ပိုပြီးတော့ကောင်းပါတယ်။ ပြည်သူလူထုလည်း ပိုပြီးတော့လက်ခံမှာပါ။

ဦးကုလား၊ ကန်သာရပ်၊ မကွေးမြို့။

မေး။ ။သတင်းစာပုံမှန်ဖတ်ဖြစ်ပါသလား။ ဒါမှမဟုတ် သတင်းရဖို့အတွက် ဘယ်လိုရှာဖွေပါသလဲ။

ဖြေ။ ။သတင်းစာပုံမှန်ယူပါတယ်။ ဒါပေမယ့်လို့ သတင်းစာက တစ်ခါတလေနှစ်ရက်မှ တစ်ခါလာတယ်။ ကားမမီလို့ဆိုပြီး နှစ်ရက်မှတစ်ခါ လာတယ်။

မေး။ ။သတင်းစာကို အချိန်နဲ့တစ်ပြေးညီဖတ်ရမယ်။ ပြည်သူတွေ တကယ်လိုအပ်တဲ့ တကယ့်သတင်းတွေ၊ လိုအပ်ချက်သတင်းတွေ၊ ဒီကရိုးရာဓလေ့ပွဲတော်သတင်းတွေ စီးပွားရေး၊ လူမှုရေးသတင်းတွေ ပြည့်ပြည့်စုံစုံပါလာခဲ့မယ်ဆိုရင် သတင်းစာတွေကို ပိုပြီးဖတ်ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါသလား။

ဖြေ။ ။ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူ့အကျိုးပြုသတင်းတွေပါလာမယ်ဆိုရင်တော့ အများတော့လက်ခံမှာဖြစ်ပါတယ်။ ဟိုရေးဒီရေး စိတ်ရှိတာလျှောက်ရေးတဲ့မီဒီယာတွေ အများကြီးရှိတယ်။ အဲဒါတွေလည်း ဖတ်ချင်မှဖတ်တယ်။ များသောအားဖြင့် မဖတ်ဖြစ်ဘူးပေါ့။ ဖတ်ဖြစ်တာတော့ ပြည်သူ့အကျိုးပြုမယ့် သတင်းစာကိုပဲ ဖတ်ဖြစ်တယ်။ ကုန်ဈေးနှုန်းတွေ၊ ရွှေဈေးတွေ၊ ကျေးရွာတွေ၊ လုပ်ငန်းတွေအကျိုးပြုမယ့် လုပ်ငန်းဆောင်ရွက်မှုတွေကို များသောအားဖြင့် ဖတ်ဖြစ်တယ်။ **(တိုင်း ပြန်/ဆက် သတင်းအဖွဲ့)**

ပြည်တွင်းသတင်း

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Analogue မှ Digital သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် SEA Games အတွက် ဆောင်ရွက်ထားရှိမှုများအသိပေးရှင်းလင်းပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Analogue မှ Digital သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့် SEA Games အတွက် ဆောင်ရွက်ထားရှိမှုများ အသိပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက သတင်းစာရှင်းလင်းပွဲ ဆောင်ရွက်မှုအခြေအနေကို ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးဝင်းကြည်က Analogue မှ Digital သို့ ပြောင်းလဲမှုလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယအင်ဂျင်နီယာချုပ် ဦးလှိုင်မိုးက SEA Games အတွက် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ရုပ်မြင်သံကြားထုတ်လွှင့်ရာတွင် ရုပ်သံလိုင်းတစ်လိုင်းအတွက် လွှင့်စက်တစ်ခု၊ သတ်မှတ်လှိုင်းနှုန်းတစ်ခု လိုအပ်ကြောင်း၊ ယခု DVB-T2 Digital နည်းစနစ်ဖြင့် ထုတ်လွှင့်ပါက အနည်းဆုံး ၁၅ လိုင်းမှ ၁၆ လိုင်းအထိ 8 MHz Bandwidth လှိုင်းနှုန်းတစ်ခုနှင့် လွှင့်စက်တစ်ခုတည်းမှ ထုတ်လွှင့်နိုင်ကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် အောက်တိုဘာ ၁၅ ရက်မှစ၍ DVB -T2 Digital နည်းစနစ်သုံးသည့် လှိုင်းနှုန်းတစ်ခု၊ လွှင့်စက်တစ်ခုတည်းဖြင့် MRTV, MITV, Farmer Channel, Hluttaw Channel, National Races Channel တို့ကို တစ်ပြိုင်တည်း ထုတ်လွှင့်ပေးလျက်ရှိကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အဆိုပါရုပ်သံလိုင်းများအပြင် အားကစားပွဲများကို တိုက်ရိုက် သို့မဟုတ် တည်းဖြတ်ထုတ်လွှင့်ပေးမည့် ရုပ်သံလိုင်းသုံးလိုင်းကို အခမဲ့ထပ်မံကြည့်ရှုနိုင်မည် ဖြစ်ကြောင်း၊ နည်းပညာသစ်ဖြင့် စတင်ထုတ်လွှင့်မည့်ဒေသများ ရွေးချယ်ရင်း အဆင့်အလိုက်၊ ဘဏ္ဍာရေးနှစ်အလိုက် စတင်ပြောင်းလဲခြင်းတို့ကို အဆင့် ၅ ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပထမအဆင့်တွင် နေပြည်တော်ပျဉ်းမနား၊ ရန်ကုန်၊မန္တလေး၊ စစ်ကိုင်းစက်ရုံသုံးရုံကို SEA Games အမီ Digital နည်းစနစ်ဖြင့် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း၊ ပထမနှင့်ဒုတိယအဆင့်တွင် ပါဝင်သည့် လွှင့်အားကြီးမားသော စက်ရုံ ၂၅ ရုံ၏ လွှင့်အားလွှမ်းခြုံနိုင်မှု ဧရိယာသည် နိုင်ငံလူဦးရေ၏ ၆၅ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ DVB -T2 Set- Top-Box (Free to Air) အလုံး တစ်သန်းဝယ်ယူရေးအတွက် တင်ဒါခေါ်ယူခဲ့ပြီး အရည်အသွေး စစ်ဆေးရေးအဖွဲ့သည် ၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်မှ ၈ ရက်အထိ ကုမ္ပဏီ ၅၁ ခုမှ တင်သွင်းလာသောSet-Top- Box များကို အရည်အသွေး စစ်ဆေးခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ကျွမ်းကျင်အင်ဂျင်နီယာများ ပါဝင်သော ပြည်တွင်း ပြည်ပ စက်ပစ္စည်းများ ဝယ်ယူထုခွဲရောင်းချရေးကော်မတီမှ Short List တွင် ပါဝင်သော ကုမ္ပဏီများကို ခေါ်ယူစျေးဆစ်ခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တင်ဒါခေါ်ယူစျေးဆစ်သည့်အခါတိုင်း ပွင့်လင်းမြင်သာမှုရှိစေရန် ဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် စနစ်တကျ ပြုလုပ်ခဲ့ကြောင်း။

ယင်းသို့ စျေးဆစ်ရာတွင် စျေးနှုန်းအနည်းဆုံး တင်သွင်းခဲ့သည့် ကောင်းသန့်ကျော်ကုမ္ပဏီမှ တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇ ဒေါ်လာနှုန်းဖြင့် အလုံးရေ ၃၃၅၀၀၀ ကို အမေရိကန်ဒေါ်လာ ၄၉၂၄၅၀၀ ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း၊ ယင်းတို့အနက် ၃၀၄၉၄၄ လုံးကို နိုင်ငံတော်က အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း။

Digital စနစ်ကူးပြောင်းခြင်းကို အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်နိုင်ငံလုံးကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးအဖြစ် သတ်မှတ်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Analogue မှ Digital သို့ ပြောင်းလဲမှု လုပ်ငန်းစဉ်များနှင့် SEA Games အတွက် ဆောင်ရွက်ထားရှိမှုများ အသိပေးရှင်းလင်းပွဲကျင်းပစဉ်။ (သတင်းစဉ်)

ထိုင်းရဲအဖမ်းခံရသည့် MoU အလုပ်သမား ၁၇ ဦး တစ်ပတ်ကြာအထိမလွတ်မြောက်သေး

ဗန်ကောက် နိုဝင်ဘာ ၈

အောက်တိုဘာ ၃၀ ရက်က မြေကျင်းတူးနေသည့် MoU အလုပ်သမား ၁၇ ဦးကို နယ်မြေရဲများ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူများက ယနေ့တိုင် လွတ်မြောက်အောင် မဆောင်ရွက်ကြသဖြင့် အလုပ်သမားများက စိတ်ပျက်စိုးရိမ်နေကြကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand)၏ ပြောပြချက်အရ သိရသည်။

အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီတွင် ဗန်ကောက်မြို့ မြောက်ဘက် ကီလိုမီတာ ၃၀ ခန့်အကွာတွင်ရှိသော မင်ဘူရီအပိုင် မီမိုင် ၁၁ လမ်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် မြေကြီးမြောင်းများ တူးဖော်နေစဉ် ၄င်းနယ်မြေမှ ရဲကားလေးစီး လာရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်ပြီး အခြား မြန်မာအလုပ်သမားများမှာ နေထိုင်ရန် တဲထိုးနေရာမှ တောထဲသို့ ရှောင်တိမ်းနေလိုက်ကြသဖြင့် လွတ်မြောက်ခဲ့ကြကြောင်း အလုပ်သမားများက ပြောသည်။

ဖမ်းဆီးခံရသည့် မြန်မာအလုပ်သမားများမှာ မြဝတီအခြေစိုက် ကုမ္ပဏီတစ်ခုမှတင်ပို့ထားသည့် အလုပ်သမားခြောက်ဦးနှင့် ကော့သောင်းကုမ္ပဏီတစ်ခုမှ တင်ပို့သည့် ၁၁ ဦးတို့ဖြစ်ကြပြီး စိုးမင်း၊ ခင်ဆောင်၊ သိန်းဇော်၊ ကျော်စွာဝင်း၊ ထွန်းငြိမ်၊ မင်းမင်းထွေး၊ အောင်ကိုဦး၊ အေးလွင်၊ လှဦး၊ ကျော်စိုးဝင်း၊ တင်မျိုးအောင်၊ ယာချစ်ခမ်း၊ စောသန်း၊ နိုင်ဝေမိုး၊ ကြည်နိုင်မိုး၊ သန်းဇော်နှင့် ဆန်းဝင်းတို့ဖြစ်ကြကြောင်း သိရသည်။ မြန်မာနိုင်ငံဘက်မှ ကုမ္ပဏီနှင့် မြဝတီအခြေစိုက်ကုမ္ပဏီတို့မှ ထိုင်းနိုင်ငံဘက်မှ Phanason Residen ကုမ္ပဏီသို့ တင်ပို့ထားသည့် အလုပ်သမားများ ဖြစ်ကြကြောင်း သိရပြီး မူလက ယခုဆိုက်သို့ အလုပ်သမား ၅၀၀ ကျော်ခန့် တင်ပို့ထားခဲ့သော်လည်း နေရပ်ပြန်သူနှင့် ထွက်ပြေးကြသူများ ရှိခဲ့ကြသဖြင့် ယခုအခါ အလုပ်သမား ၄၀၀ ကျော်ခန့်သာ ကျန်ရှိသည်။ ကော့သောင်းမြို့ရှိ ကုမ္ပဏီမှတင်ပို့သည့် အလုပ်သမားများအား ပတ်စ်ပို့ကြေး ဘတ်ငွေ ၁၂၀၀၀ ဖြတ်မည်ဖြစ်ပြီး မြဝတီမြို့ရှိ ကုမ္ပဏီနှင့် အခြားကုမ္ပဏီတို့မှ တင်ပို့ကြသည့် အလုပ်သမားများထံမှ ပတ်စ်ပို့ဖိုး ဘတ်ငွေ ၁၇၃၀၀ ဖြတ်တောက်ခံရမည် ဖြစ်ကြောင်း လစဉ် လုပ်အားခရှင်းပေးသည့် ငွေစာရင်းရှင်းတမ်းစာရွက်တွင် ရေးသားထားကြောင်းလည်း သိရသည်။

ခေတ်ပညာတတ် အလုပ်သမားလူငယ်တစ်ဦးက "မြန်မာအလုပ်သမား သံအရာရှိ ဦးကျော်ကျော်လွင်ကို ဖုန်းဆက်ပြီးတော့ အကျိုးအကြောင်းကိုပြောတယ်။ ဒီကိစ္စ စုံစမ်းပေးမယ်လို့ပြောတယ်။ ကုမ္ပဏီပွဲစားတွေကို ဖုန်းဆက်တော့ ဟိုနေ့လာမယ်၊ ဒီနေ့လာမယ်နဲ့ ခုထိရောက်မလာသေးဘူး။ ထိုင်းရဲဖမ်းမှာလည်း စိုးရိမ်နေကြရတယ်။ အခုဖမ်းဆီးချုပ်နှောင်ခံထားရတာ တစ်ပတ်ပြည့်ပြီ" ဟု ပြောသည်။

အဆိုပါ အလုပ်သမားများအား လုပ်ငန်းခွင်က နှစ်နှစ်ပြည့်အောင် လုပ်ကိုင်မှ မြန်မာပြည်သို့ ပြန်ရမည် ဖြစ်ကြောင်း ပြောသည်။ ၁၅ ရက်လျှင် ရေမီး ဘတ် ၂၀၀ နှင့် ပကာစာခွန်း (အာမခံကြေး)အတွက် ဘတ် ၂၀၀ စုစုပေါင်း လစဉ်ဘတ်ငွေ ၈၀၀ စီ လစဉ်ဖြတ်တောက်သည်။ ဗန်ကောက်အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ ဒါရိုက်တာ ဦးကျော်သောင်းက "MoU စနစ်ရဲ့ အားနည်းချက်တွေကို ကျွန်တော်တို့ ဗန်ကောက်သံရုံးထဲမှာ ကျင်းပတဲ့ အစည်းအဝေးမှာ ထောက်ပြဖူးပါတယ်။ သက်ဆိုင်သူတွေအကုန်လုံးက လွှဲချော်နေတာတွေကို ပြင်ရကောင်းမှန်းမသိကြသေးဘူး၊ MoU လုပ်နေကြသူတွေထဲမှာ မှန်မှန်ကန်ကန်လုပ်သူ အထူးနည်းပါးပြီး မတရားလုပ်ချင်ကြသူတွေနဲ့ ရာဇဝင်ရှိတဲ့ ဧရာမလူလိမ်ကြီးတွေ လုပ်နေကြတာများတယ်။ နည်းမှန်လမ်းမှန်နဲ့ လုပ်ကြရင် MoU ဆိုတာ နတ်လူသာဓုခေါ်စရာ လုပ်ငန်းကြီးပဲ၊ ဒါပေမယ့် မြန်မာအလုပ်သမားတွေက မြေစာပင်ဖြစ်နေတယ်၊ MoU နဲ့လာတဲ့ အလုပ်သမားတွေ ဒုက္ခကြုံရင် ကာကွယ်ကူညီမယ့်သူ ထိုင်းနိုင်ငံမှာ မရှိဘူး"ဟု သုံးသပ်ပြောကြားသည်။

စိုးဝင်း-SP

ထိုင်းနိုင်ငံရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ အလုပ်လုပ်နေသော မြန်မာအလုပ်သမားတစ်ဦး။

လျှပ်စစ်ဓာတ်အားသုံးလျှင်

(၁) ဟောင်းနွမ်းနေသည့် လျှပ်စစ်ကြိုးများ လဲလှယ်ပေးပါ။

(၂) လျှပ်စစ်ဒဏ်ခံကြိုးများကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။

(၃) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။

(၄) လျှပ်စစ်ဝါယာရှော့ဖြစ်လျှင် ပင်မခလုတ်ကို ပိတ်ပြီး ခြောက်သွေ့သော အဝတ်၊ ပိတ်စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ်ငြိမ်းသတ်ပါ။

(၅) လျှပ်စစ်ဓာတ်အားကို ခံနိုင်ဝန်အားထက် ပိုမသုံးပါနှင့်။

(၆) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

တာချီလိတ်၌ သန်းခေါင်စာရင်းဆိုင်ရာဟောပြော

တာချီလိတ် နိုဝင်ဘာ ၈

တာချီလိတ်ခရိုင်အတွင်းရှိ ပြည်သူများ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပိုမိုနားလည်သိရှိနိုင်ရေးအတွက် ပညာပေးဟောပြောပွဲနှင့် ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက တာချီလိတ်မြို့နယ် ပုန်းထွန်ရပ်ကွက်၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြပြီး တာချီလိတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်နှင့် မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်တို့က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်းများကို အသိပညာပေးဟောပြောကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မောင်ယဉ်ကျေး

ဗြိတိန်မှ Black Voices တေးဂီတအဖွဲ့ မြန်မာပြည်တွင် အခမဲ့ဖျော်ဖြေတင်ဆက်မည်

ရန်ကုန် နိုဝင်ဘာ ၈

ဗြိတိန်မှ အောင်မြင်သော a cappella အဆိုအဖွဲ့ဖြစ်သည့် Black Voices တေးဂီတအဖွဲ့သည် မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် အခမဲ့လာရောက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ သိရသည်။

Black Voices အဖွဲ့သည် တူရိယာမပါဘဲ အသံအားသက်သက်သာသုံး၍ သီဆိုမည်ဖြစ်ကြောင်းနှင့် လူမည်းအမျိုးသမီးအဆိုရှင်များဖြစ်ကြောင်း သိရသည်။ အခမဲ့ဖျော်ဖြေပွဲ၌ ရန်ကုန်မြို့ရှိ 'ဂီတမိတ်' ဂီတကျောင်းမှလည်း တွဲဖက်ပါဝင်တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ဖျော်ဖြေပွဲကို ရန်ကုန်မြို့ရှိ Strand Hotel ၌ နိုဝင်ဘာ ၂၀ ရက် ညနေ ၆ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ပြီး ဂီတမြတ်နိုးသူ ပရိသတ်များ လာရောက်နားဆင်နိုင်ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

ထိုင်းနိုင်ငံ ရော်ဘာခြံ မြန်မာအလုပ်သမား အမျိုးသားတစ်ဦး တောဆင်ရိုင်းနှင်း သေဆုံး

ဗန်ကောက် နိုဝင်ဘာ ၈

ဗန်ကောက်မြို့တောင်ဘက် ၅၆၈ ကီလိုမီတာအကွာတွင်ရှိသော လနောင်းမြို့နယ် ခေါင်ချမောင်မြို့ ဟွေ့ထပ်မွန်ရပ်ကွက် နယ်မြေအမှတ် (၈) တွင်ရှိသော ရော်ဘာခြံတစ်ခုအတွင်း တောဆင်ရိုင်းများ ဝင်ရောက် သောင်းကျန်းသဖြင့် **(အောက်ပုံ)** မြန်မာအလုပ်သမားအမျိုးသားတစ်ဦး သေဆုံးသွားခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့က နိုဝင်ဘာ ၃ ရက်၌ ဆက်သွယ်ပြောကြားခဲ့သည်။

ဖြစ်စဉ်မှာရော်ဘာစေးများခြစ်နေသည့် မြန်မာအလုပ်သမားအမျိုးသား သုံးဦးမှာ တောဆင်ရိုင်းများဝင်လာသည်ကိုမြင်သဖြင့် ထွက်ပြေးကြရာ အလုပ်သမားနှစ်ဦးမှာ ထွက်ပြေးလွတ် မြောက်ခဲ့သော်လည်း ကျန်တစ်ဦးမှာ သစ်မြစ်တစ်ခု ကို တိုက်မိ၍ လဲကျသဖြင့် ဆင်ကနင်းသတ်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ဆင်နင်းခံရသူမှာ ဒဏ်ရာပြင်းထန်သဖြင့် ခေါင်ချမောင်မြို့ ဘုရင့်ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်းသိရပြီး ခေါင်ချမောင်မြို့ ရပ်ကွက်လူကြီးများက တောဆင်ရိုင်းများအစာထွက်ရှာနေကြသဖြင့် စိုက်ပျိုးရေးလုပ်သည့် တောင်သူများ၏ သီးနှံများပျက်စီးမှုများပြားလာသဖြင့် တစ်နေ့တခြား စိုးရိမ်မှု များပြားလာကြောင်း TNN NEWS အွန်လိုင်းတွင် ရေးသားဖော်ပြထားကြောင်းလည်း သိရသည်။

စိုးဝင်း(SP)

မြန်မာ့အလင်း စာတည်းထံပေးစာများ

တံဆိပ်ရိုက်လုပ်ငန်းကြောင့် အနံ့ဆိုးရ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံရိပ်မွန်အိမ်ရာ တိုက်(၆)၌ တံဆိပ်ရိုက်လုပ်ငန်းကိုလုပ်ကိုင်ရာမှ ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ နာမကျန်းသူများကို တံဆိပ်ရိုက်ခြင်းမှ ထွက်ပေါ်လာသည့် အနံ့အသက်ဆိုးများကြောင့် ကျန်းမာရေးထိခိုက်ကြရပြီး အဆိုပါ လုပ်ငန်းမှာ ညအချိန်အဓိကလုပ်ကိုင်နေခြင်းကြောင့် ညအိပ်ရာဝင်ချိန် အနံ့ဆိုးများခံစားနေရပါသဖြင့် ရှင်းလင်းပေးပါရန် တင်ပြလိုက်ရပါသည်။

ရွှေဂုံသား

....

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို

အင်းစိန်မြို့နယ် အင်းစိန်ဈေးကြီးအတွင်းရှိ ဈေးရုံတစ်ရုံနှင့် တစ်ရုံအကြား လူအတက်အဆင်း ပလက်ဖောင်းဘေးများတွင် ဈေးခုံများချ၍ ဈေးရောင်းနေသောဆိုင်များကြောင့် အများပြည်သူ ဈေးသွားဈေးလာများ လမ်းကျဉ်းမြောင်း၍ မတော်တဆတိုက်မိပါကလည်း အပြောအဆိုပါ ခံနေရပါသဖြင့် အများပြည်သူများ လွတ်လပ်စွာ ဈေးဝယ်နိုင်ရေးအတွက် ဈေးရုံကြားရှိဆိုင်ခုံများကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ပြည်သူတစ်ဦး

....

ကံ့ကော်အိမ်ရာ၌ မီးအားပြည့်စေလို

နေပြည်တော် ကံ့ကော်အိမ်ရာမှ တိုက်အချို့မှာ မီးအားကျဆင်းနေသည်မှာ တစ်နှစ်ခန့်ရှိပြီ ဖြစ်သည်။ အထူးသဖြင့် မီးအသုံးများသည့် အချိန်များနှင့် ထမင်း၊ ဟင်းချက်ပြုတ်ချိန်များတွင် မီးအားအလွန်နည်း နေပါသည်။ သို့ဖြစ်ပါ၍ ဝန်ထမ်းများအဆင်ပြေစေရန် သက်ဆိုင်ရာက အမြန်ဆုံး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ကံ့ကော်အိမ်ရာဝန်ထမ်းများ**

လမ်းပိတ်ဆို့ဈေးရောင်းချမှု တားဆီးပေးစေလို

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းနှင့် (၂)လမ်း မြောက်လမ်းထိပ်၌ စားသောက်ဆိုင်တစ်ဆိုင်သည် လမ်းပိတ်ဆို့ဆိုင်ခင်း၍ ဈေးရောင်းချလျက်ရှိပြီး စားသောက်ဆိုင်မှာ အလက(၄) အင်းစိန်ကျောင်းရှေ့၌တည်ရှိကာ အရက်၊ ဘီယာများ ရောင်းချလျက်ရှိခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ စာရိတ္တ ပျက်စီးမည်ကို စိုးရိမ်ရသည့်အပြင် လမ်းပိတ်ဆို့ရောင်းချလျက်ရှိ၍ လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာက အမြန်ဆုံးဆောင်ရွက်ပေးပါရန် တင်ပြလိုက်ရပါသည်။ **လမ်းသူလမ်းသားများ**

....

မြေအောက်ဆက်သွယ်ရေးကြိုးပြုပြင်ပေးစေလို

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အနောက်ဘက်၌ မီးရထားလမ်းရေကျော်မည်ကိုစိုးရိမ်သဖြင့် တူးယူထားသော မြောင်းအတွင်းမှ မြေအောက်ဆက်သွယ်ရေးကြိုးလိုင်းသည် မိုးရွာသွန်းစဉ် ရေတိုက်စားမှုများကြောင့် မြေပေါ်သို့ ထွက်ပေါ်လျက်ရှိပါသည်။ ဆက်သွယ်ရေးကြိုးကို ဒေသခံများက မြေများဖြင့် ပြန်လည်ဖုံးအုပ်ထားသော်လည်း မိုးရွာသွန်းသဖြင့် ကြိုးမှာ မြေပြင်ပေါ်ထွက်ပေါ်လျက်ရှိပြီး ဒေသခံတောင်သူများနှင့် ကျွဲ၊ နွားများ၊ ကလေးသူငယ်များမှာ အဆိုပါကြိုးအနီးမှ ဖြတ်သန်းသွားလာလျက်ရှိရာ အဆိုပါ မြေအောက်ဆက်သွယ်ရေးကြိုး ပျက်စီးသွားမည်ကို စိုးရိမ်နေရသဖြင့် သက်ဆိုင်ရာမှ နေရာတကျ ပြန်လည်ပြုပြင် တပ်ဆင်ပေးစေလိုပါကြောင်း တင်ပြအပ်ပါသည်။ **ဒေသခံတစ်ဦး**

....

တရားမဝင် လောင်စာဆီဆိုင် ရှင်းလင်းပြီး

အောက်တိုဘာ ၂၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာပါ စာတည်းမှူးထံပေးစာကဏ္ဍတွင် ပါရှိသည့် ကျိုက်လတ်မြို့ ၄ ရပ်ကွက် နွားထောင်မြေပေါ်တွင် တရားမဝင်ဖွင့်လှစ်ရောင်းချနေသော လောင်စာဆီဆိုင်ကို အောက်တိုဘာ ၂၆ ရက်က ရှင်းလင်းပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကျိုက်လတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မအီမြို့နယ်ခွဲ၌ချောင်းထဲမှ ပိုက်ကွန်တွင် ငြိတွယ်လာသည့် ဗုံးတစ်လုံးကို မီးဖိုတွင် အပူပေးရာမှ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

တောင်ကုတ် နိုဝင်ဘာ ၈

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့နယ်ခွဲ သိမ်ကျောင်းပြင်ကျေးရွာအနီးချောင်းအတွင်းမှ ပိုက်ကွန်တွင် ငြိတွယ်လာသည့် ဗုံးတစ်လုံးကို မီးဖိုတွင် အပူပေးရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယမန်နေ့မွန်းလွဲပိုင်းက သိမ်ကျောင်းပြင်ကျေးရွာ အရှေ့မြောက်ဘက်ခြောက်ဖာလုံခန့်အကွာ လယ်တဲတစ်လုံးတွင် ပေါက်ကွဲသံကြားရသဖြင့် လမူးရဲစခန်းမှူးနှင့်အဖွဲ့၊ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့ ပူးပေါင်း၍ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဦးအောင်တင်ရွှေ (၃၈နှစ်) (လယ်လုပ်)သည် လယ်တဲနှင့် ၁၂ ပေခန့်အကွာတွင် ဝဲဘက်ဒူးခေါင်းကြေမွ၊ မျက်လုံးနှစ်လုံး ထွက်၊ တစ်ကိုယ်လုံး မီးလောင်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း၊ ဖြစ်စဉ်အား စိစစ်ရာ ဦးအောင်တင်ရွှေသည် ချောင်းအတွင်း ငါးဖမ်းစဉ်ပိုက်ကွန်၌ ငြိတွယ်ပါလာသည့် ဗုံးတစ်လုံးအား သာမန်သံထည် ပစ္စည်းတစ်ခုဟု ထင်မှတ်ပြီးမီးဖိုတွင် မီးအပူပေး၍ လောင်ကျွမ်းစေရာမှ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား သုံးစွဲမှုသတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်း (Short Circuit)၊ လျှပ်စစ်ဓာတ်အားပမာဏပိုမိုလွန်ကဲစွာဖြစ်ပေါ်ခြင်း (Over Heating or Over Loading) နှင့်ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲခြင်းမှ အပူနှင့်မီးပွားများဖြစ်ပေါ်ခြင်းတို့ကြောင့် မီးလောင်မှုစတင်ဖြစ်ပွားနိုင်သဖြင့် စံချိန်စံညွှန်းကိုက်ညီကောင်းမွန်သည့် လျှပ်စစ်ဝိုင်ယာကြိုးကိုသုံးပါ။ မီးအားမြှင့်စက်(Transformer) အတင်အချသတိမမေ့ပါနဲ့၊ မီးအားထိန်းကိရိယာ (safe Guard) ချွတ်ယွင်းပါက အလိုအလျောက် (Auto) ပြုတ်မကျသည်ကို သတိပြုပါ။ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာ တပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သော ပစ္စည်းများမထားရန် သတိပေးနှိုးဆော်အပ်သည်။

မြို့နယ်သတင်းထောက်များနှင့် တမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၀၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

စာတည်းအဖွဲ့

ပြည်တွင်းသတင်း

တနင်္သာရီ၌ သတ္တုနှစ်မျိုးတူးဖော်ရန် ဂျပန်ကုမ္ပဏီကြိုးပမ်း

ရန်ကုန် နိုဝင်ဘာ ၈

ဂျပန်နိုင်ငံအခြေစိုက် ဓာတ်သတ္တုတူးဖော်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Nittetsu Mining ကုမ္ပဏီနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီး အတွင်း ဓာတ်သတ္တု တူးဖော်မှုပြုလုပ်ရန် သုတေသန ဆောင်ရွက်မှုစတင်မည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ နိုဝင်ဘာ ၇ ရက်က သတင်းထုတ်ပြန်ထားသည်။ တနင်္သာရီတိုင်းဒေသကြီး အတွင်း ဓာတ်သတ္တုနှစ်မျိုးဖြစ်သည့် ခဲမဖြူနှင့်အဖြိုက်နက်များ ထုတ်ယူနိုင်ရေးအတွက် ရေဖြူ ထားဝယ်နှင့် ပုလော မြို့နယ်များအတွင်း ကနဦး လေ့လာမှုများပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

"ကုမ္ပဏီအနေနဲ့ကတော့ သက်ဆိုင်ရာအဆင့်ဆင့်က ခွင့်ပြုချက်တွေ ရရှိတာနဲ့ လုပ်ငန်းစတင်သွားမှာဖြစ်ပါတယ်။ သဘာဝသယံဇာတ ထုတ်ယူရေးဖြစ်တာကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေတွေနဲ့ အကျိုးသက်ရောက်မှုအပိုင်းကိုပါ ထည့်သွင်းစဉ်းစားထားပါတယ်"ဟုအဆိုပါ Nittetsu Mining ၏ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

တူးဖော်မှုများ ပြုလုပ်ရန်နှင့် ခဲမဖြူ အဖြိုက်နက်များ ရှာဖွေစမ်းသပ်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြထားပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ်ကာ ဒေသခံပြည်သူများ၏ သဘောထားဆန္ဒကိုလည်း ရယူသွားမည်ဖြစ်ကြောင်း ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခဲမဖြူနှင့် အဖြိုက်နက်များပေါ်များစွာထွက်ရှိနိုင်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးအတွင်း အဆိုပါသတ္တုများထွက်ရှိခြင်း စုစုပေါင်းမှ ၉၀ ရာခိုင်နှုန်းခန့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒေသခံတွေရဲ့ သဘောထားကလည်းရှိပါသေးတယ်။ ကျွန်တော်တို့ဘက်ကတော့ တူးဖော်ရေး၊ သုတေသနဆောင်ရွက်ရေးတွေမှာ ဖြစ်ပေါ်လာနိုင်တဲ့ သဘာဝပတ်ဝန်းကျင် သယံဇာတထိခိုက်မှုတွေကို ပြန်လည်ကုစားပေးမယ့် သဘောတူညီချက်တွေ ဆောင်ရွက်သွားမယ့်အပြင် ဒေသခံတွေရဲ့ စားဝတ်နေရေးလိုအပ်ချက်၊ အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးရေးတွေကိုလည်း ညှိနှိုင်းထည့်သွင်းဆောင်ရွက်ဖို့ စီစဉ်ထားပါတယ်။ လက်ရှိမှာ သတ္တုတွင်းဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ကနဦးလေ့လာမှုတွေ ပြုပါမယ်"ဟု Nittetsu Mining Co.,Ltd. မှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။ **ခင်ရတနာ**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၈-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၅၀၀၀-၆၄၄၇၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၅၅၀၀-၆၄၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၇-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၄-၁၃၁၁	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၄-၇၈၄	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၉-၃၁. ၁၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅-၁၅. ၄၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၄	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၅၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၁၃၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နွေဆန်	တစ်အိတ်	၁၈၈၀၀
၂။ ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်း	တစ်အိတ်	၂၆၀၀၀-၃၀၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၆၀
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၇၂၅-၁၁၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅-၁၂၀၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၃၀-၅၈၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၂၀၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၂၇၀၀-၃၃၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၂၅-၁၁၀၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မိုးဆန်သစ်လှိုင်လှိုင်ပေါ် အပြိုင်ရောင်းလို့ ဆန်သစ်ဈေးကျလာ

သီတင်းကျွတ်လကုန်ပြီး တန်ဆောင်မုန်းလဆန်းဆို ဆန်သစ်ကပေါ်စမြဲဖြစ်သည်။ ယင်းအချိန်ကာလသည် စပါးစတင်ပေါ်သည့် ရာသီဖြစ်၍ ဆန်ဟောင်းများ ပြန်လည်ဈေးမော့လာချိန်လည်းဖြစ်သည်။ နိုဝင်ဘာ ၇ ရက်က ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ဆန်စပါးကုန်စည်ဒိုင်သို့ ရောက်ရှိခဲ့သည်။ ကုန်စည်ဒိုင်ဂိုဒေါင်ကျယ်ကြီးအတွင်း ရောင်းသူ၊ ဝယ်သူ၊ ဆန်ကုန်သည်၊ ဆန်အကျိုးဆောင် ဆန်ပွဲစားများဖြင့် စည်ကားပြည့်နှက်လျက် ရှိနေသည်ကိုတွေ့ရသည်။

ရွှေဘိုပေါ်ဆန်း ကုန်သည် ကိုမောင်မောင်ဇင်

ယနေ့ ဆန်ဈေးအခြေအနေ စုံစမ်းမေးမြန်းကြည့်ရာ ဆန်စပါးကုန်စည်ဒိုင် အထွေထွေအတွင်းရေးမှူး ဦးတင်ဦးက "အခုဆန်စက်တွေက စပါးဟောင်းတွေ သိပ်မကြိတ်တော့ဘူး။ စပါးအသစ်တွေကိုပဲ ဦးစားပေးကြိတ်ပေးနေတယ်။ စပါးအသစ်က အစိုဓာတ်ရှိလို့ ကြာကြာထားလို့ မရဘူးလေ။ ဆန်အဟောင်းနဲ့ အသစ်မရောခင်၊ အဟောင်းစစ်စစ် လိုချင်ကြသူတွေက ဆန်အဟောင်းကို အဝယ်လိုက်လာတာလည်းပါတယ်။ မနေ့က နဲ့ဒီနေ့တောင်မတူဘူး။ ဆန်ဟောင်းက တစ်အိတ် ၅၀၀ လောက် တက်သွားတယ်။ ဆန်သစ်တွေလည်း အဝင်များလာတယ်" ဟု ဆန်သစ်အဝင်များလာခြင်းနှင့် ဆန်ဟောင်းဈေးမြင့်လာခြင်းကို ရှင်းပြသည်။

မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ကိုဆန်းက "ဒီရက်ပိုင်းဆန်အရောင်းအဝယ် ကောင်းပါတယ်။ ဆန်ဟောင်းဈေး နည်းနည်းတက်ပေမယ့် ဆန်သစ်လည်း သူ့ဈေးနဲ့သူတော့ အရောင်းဖြစ်တယ်။ အရင်တစ်ပတ်က မနောသုခ၊ ဆင်းသွယ်လတ်၊ ရတနာတိုး၊ ဧည့်မထဆန်သစ်တွေကို ငွေကျပ် ၁၆၇၀၀ နဲ့ ရောင်းခဲ့တာ အခုငွေကျပ် ၁၅၇၀၀-၁၅၈၀၀ နဲ့ ရောင်းနေရတယ်။ ၁၀၀၀ လောက် ဈေးကျသွားတာပေါ့" ဟု ပြောပြသည်။ စားသုံးသူအကြိုက်များနေသည့် ရွှေဘိုပေါ်ဆန်း၊ သိင်္ဂီ၊ ရွှေမြန်မာတို့မှာမူ ဈေးအတက်အကျ သိပ်မရှိလှဘဲ ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။ ရွှေဘိုဆန်ကုန်သည် ကိုမောင်မောင်ဇင်က "ရွှေဘိုဆန်ဈေး အတက်အကျသိပ်မများပါဘူး၊ အဝယ်လည်းများပါတယ်။

နေပြည်တော်၊ ပျဉ်းမနားကို ဆန်တွဲတစ်စင်းစာ (နောက်တွဲပါကုန်တင်ယာဉ်) ဆန်အိတ် ၆၇၀ ကို နေ့စဉ်တင်ပို့ပေးနေပါတယ်။ ရေဦး၊ ခင်ဦးတို့ကထွက်တဲ့ အောက်စဆန်တွေကတော့ တစ်အိတ်ကိုငွေကျပ် ၁၅၀၀ လောက်ပြုတ်ကျပြီး ရွှေဘိုဆန်ကတော့ ငွေကျပ် ၅၀၀ လောက်ပဲကျတာပါ" ဟု ရွှေဘိုပေါ်ဆန်းအခြေအနေကို ပြောပြသည်။

ဆန်စပါးကုန်စည်ဒိုင် စာရင်းအရ နိုဝင်ဘာ ၇ ရက် ဆန်ဈေးမှာ ဆန်အရည်အသွေးကိုလိုက်၍ ၁၀၈ ပေါင်ဝင် ဒေးဒရဲ ဖျာပုံပေါ်ဆန်း ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၅၀၀၀၊ မြောင်းမြ ပုသိမ်ပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၃၅၀၀၀၊ ပေါ်ဆန်း(နယ်စုံ) တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၀၀၀၊ ဧည့်မထ တစ်အိတ်လျှင် ငွေကျပ် ၁၄၈၀၀ မှ ၁၉၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀ မှ ၁၅၀၀၀၊ မြီးတုံးတစ်အိတ်လျှင် ၁၈၅၀၀ မှ ၂၃၀၀၀၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀ မှ ၃၆၀၀၀၊ မိုးဆန်းရှယ်သုခ(ဟောင်း) တစ်အိတ်လျှင်ငွေကျပ် ၁၉၈၀၀၊ မိုးဆန်းရှယ်ဇီယာ(ဟောင်း) တစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၊ မိုးဆန်းရှယ် (သစ်) တစ်အိတ်လျှင် ငွေကျပ် ၁၄၈၀၀မှ ၁၅၈၀၀၊ ပေါ်ဆန်းသစ်(ရှယ်) တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀ ဖြစ်ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အမှတ် ၆ ရပ်ကွက်ရှိ အကွက်အမှတ် ၆၄၊ အကွက်အမည် နောင်အင်တောင်ရွာတောင်၊ မြေကွက်အမှတ် ၁၃+၁၄+၂၃+၂၄၊ ဦးပိုင်အမှတ် ၁၃+၁၄+၂၃+၂၄၊ ဧရိယာ ၀ ဒသမ ၄၁၄၈ဧကအကျယ်အဝန်းရှိ မြေကွက်နှင့် အဆောက်အအုံအား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ် (၁၂၀/၁၉၉၄) ဖြင့် ဆီဆိုင်မြို့နယ်သမဝါယမအသင်းမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ဆီဆိုင်မြို့နယ်သမဝါယမအသင်း၏ အထွေထွေကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသော ဦးခွန်ဖေသိန်း(ခ)ခွန်အောင်မင်းထံမှ ၁-၁၂-၂၀၀၃ ရက်တွင် တောင်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၄၄၉/၂၀၀၃) ဖြင့် ကျွန်မ ဒေါ်ငွေငွေဝင်းက အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်၍ ၎င်းမြေကွက်နှင့် အဆောက်အအုံကိုလည်း လက်ဝယ်ရရှိပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အမှတ် (၁၃+၁၄+၂၃+၂၄)၊ ဦးပိုင်အမှတ် (၁၃+၁၄+၂၃+၂၄)၊ ဧရိယာ ၀ဒသမ ၄၁၄၈ဧက၏ မြေငှားဂရန်မူရင်းမှာ ကျွန်မ ဒေါ်ငွေငွေဝင်း၏လက်ဝယ်တွင် ပျောက်ဆုံးသွားပါ၍ ပျောက်ဆုံးအမည်ပြောင်း မြေငှားဂရန်ထုတ်ပေးပါရန် တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မြေကွက်အမှတ် (၁၃+၁၄+၂၃+၂၄)၊ ဦးပိုင်အမှတ် (၁၃+၁၄+၂၃+၂၄)နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့် သက်ဆိုင်ရာသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ငွေငွေဝင်း ၁၃/တကန(နိုင်)၁၂၉၈၃၀
အမှတ် ည/၂၀၊ ဗိုလ်ချုပ်လမ်းသွယ်၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၉၁၂၈ Toyota Corolla CE 96/S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကလျာနေထွန်း ၁၀/မဒန(နိုင်) ၀၀၆၅၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

ပျောက်ဆုံးကြောင်းငြင်း

ကျွန်တော် မောင်နေအောင်၏ နိုင်ငံကူးလက်မှတ်အမှတ် M-၆၇၈၁၇၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၅၅၆၇၅၆**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ မြေကွက်အမှတ် ၈၉၆၊ အလျားပေ၄၀×အနံပေ၆၀ရှိ ဒေါ်ခင်အေးမြင့်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဒေါ်စောမြသီတာလွင် ၁၂/ရကန(နိုင်) ၀၀၀၆၄၂ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးကျော်မောင်မောင်မင်း
အထက်တန်းရှေ့နေ(စဉ်-၂၉၁၄၃)
LL.B, D.B.L
အမှတ် ၂၇၊ ၂၉၊ ဒုတိယထပ်၊ ၃၅ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၆/၂၀၁၃)

၁။ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ
- Aluminium Trichloride 30 MT,
- Trichloroisocyanuric Acid(TCCA) -6 MT

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ
- Steel Dipping Tape,Tyre & Battery

(ဂ) ကုန်ကြမ်းပစ္စည်းများ
- ပလတ်စတစ်အိတ် (၅၄၀၀ ပေါင်)

(ဃ) ပြုပြင်ခြင်းလုပ်ငန်း
- ညောင်တုန်းစက်ရုံ၏ 4 MVA Transformer
- အစိတ်အပိုင်းများလဲလှယ်ပြုပြင်ခြင်း

နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း

စက်နှင့်စက်အရန်ပစ္စည်းများ -Spare for CO_2 Compressor,HMI, Temperature Element,Pressure Gauges,Positioner, Ultrasonic Level Transmitter & Pressure Transmitter,Frame Oil Pumps,Lubricators, Motor for Start up Boiler,Absorber Feed Pump with Spares, Mechanical Seal and Lube Oil Filter

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်/အချိန်

(က) ၂၂-၁၁-၂၀၁၃ ရက်- ညောင်တုန်းစက်ရုံ၏ 4 MVA Transformer ၊ အစိတ်အပိုင်းများလဲလှယ်ပြုပြင်ခြင်း၊ Trichloroisocyanuric Acid (TCCA)-6 MT

(ခ) ၁၁-၁၂-၂၀၁၃ ရက် (ကျန်တင်ဒါများအတွက်ဖြစ်ပါသည်။)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃



၃၁ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ



ဆီးဂိမ်းပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်း ပြိုင်ပွဲရှစ်မျိုးစလုံး၌ယှဉ်ပြိုင်မည်

သတင်း-မိုးသော်ဇင်၊ ဓာတ်ပုံ-စိုးညွန့်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများ ထွက်ပေါ်လာပြီ ဖြစ်သည်။

ပိုက်ကျော်ခြင်း အားကစားနည်းတွင် ကွင်းသွင်း ခြင်းခတ်ပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်ရှစ်မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းအရေအတွက်များသောကြောင့် အုပ်စုများခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲတွင် အုပ်စုပတ်လည်ပုံစံဖြင့် ကျင်းပသွားမည်ဖြစ်သည်။ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ အုပ်စု(က)တွင် စင်ကာပူ၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ ဗီယက်နမ်၊ အုပ်စု(ခ)တွင် မြန်မာ၊ အင်ဒိုနီးရှား၊ မလေးရှား၊ လာအို၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ကမ္ဘောဒီးယားတို့ပါဝင်ကြပြီး ကွင်းသွင်းခြင်းခတ် အမျိုးသားပြိုင်ပွဲတွင် မြန်မာ၊ စင်ကာပူ၊ ထိုင်း၊ ဘရူနိုင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အသင်းလိုက် အမျိုးသားပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှား၊ သုံးယောက်တွဲအမျိုးသား ပြိုင်ပွဲအုပ်စု(က)တွင် မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု(ခ)တွင် မြန်မာ၊ ဗီယက်နမ်၊ ထိုင်း၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် လာအိုတို့ ပါဝင်ကြသည်။ အိမ်ရှင်မြန်မာအသင်းမှာ ပြိုင်ပွဲအမျိုးအစား ရှစ်မျိုးစလုံး၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကျန်အသင်းများမှာ ခြောက်မျိုး၌သာ ယှဉ်ပြိုင်ခွင့်ရှိမည်ဖြစ်သည်။

ပိုက်ကျော်ခြင်းယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

မြန်မာကမ်ပိုအားကစားသမားများ ဆီးဂိမ်းတွင် အနည်းဆုံးရွှေသုံးခုအထက်ရနိုင်

မြန်မာကမ်ပိုကစားသမားများ၏ ယှဉ်ပြိုင်လေ့ကျင့်နေမှုကို တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားသမားများအနေဖြင့် ကမ်ပိုအားကစားနည်းကို ပထမဆုံးအကြိမ် စတင်ယှဉ်ပြိုင်ရသော်လည်း အနည်းဆုံး ရွှေတံဆိပ်သုံးခုထက်မနည်း ဆွတ်ခူးနိုင်ရေး ပြင်ဆင်လေ့ကျင့်နေကြောင်း အောင်နိုင်ရေးတာဝန်ခံလည်းဖြစ် နည်းပြချုပ်လည်းဖြစ်သည့် ဦးဇော်ဝင်းက ပြောသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ အနည်းဆုံး ရွှေတံဆိပ်သုံးခုထက်မနည်း ဆွတ်ခူးနိုင်ရေး ပြင်ဆင်လေ့ကျင့်နေပါတယ်။ မြန်မာကမ်ပိုအားကစားသမားတွေအနေနဲ့ Pre-seagames ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုသုံးခု ဆွတ်ခူးရရှိထားပါတယ်။ ဒီအပေါ်မှာ အားနည်းချက်တွေပြင်ပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်လေ့ကျင့်မှုတွေ ပြုလုပ်နေပါတယ်" ဟု ဦးဇော်ဝင်းက ပြောသည်။

"လာမယ့် ဆီးဂိမ်းမှာ ကမ်ပိုအားကစားနည်းအတွက် စုစုပေါင်း အားကစားသမား ၃၃ ဦး လေ့ကျင့်လျက်ရှိပါတယ်။ အမျိုးသား ၁၈ ဦးနဲ့ အမျိုးသမီး ၁၅ ဦး လေ့ကျင့်နေပါတယ်။ နည်းပြဆရာတွေကတော့ အင်ဒိုနီးရှားနိုင်ငံက ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ်ပိုအားကစားနည်း၏ မူရင်းနိုင်ငံသည် ဂျပန်နိုင်ငံဖြစ်ပြီး (၂၆)ကြိမ်မြောက် ဆီးဂိမ်းမှစ၍ ပြိုင်ပွဲများ ထည့်သွင်းကျင်းပလာကြောင်း သိရသည်။ ယခုဆီးဂိမ်းတွင် ကမ်ပိုအားကစားနည်း အတိုက်ရှစ်မျိုးနှင့် အပြ ၁၀ မျိုး ပါဝင်မည်ဖြစ်ရာ စုစုပေါင်း ရွှေတံဆိပ်ဆု ၁၈ ခု ပေးမည်ဖြစ်သည်။

အဆိုပါကမ်ပို အားကစားပြိုင်ပွဲသည် ဆီးဂိမ်းတွင် ရန်ကုန်၌ ကျင်းပမည့် အားကစားနည်း ခုနစ်မျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်ပရိသတ်အနေဖြင့် မြန်မာကမ်ပိုအားကစားသမားများ၏ ယှဉ်ပြိုင်ပုံများကို အခြားသောပြည်ပပြိုင်ပွဲဝင်များနှင့်အတူ ကြည့်ရှုနိုင်မည့် အခွင့်အလမ်း ဖြစ်ပါသည်။

မောင်ရွှေရိုး

ဆီးဂိမ်းအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ရယူနိုင်ရန် Official Website တစ်ခု လွှင့်တင်ထား

ရန်ကုန် နိုဝင်ဘာ ၈

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံ၌ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့်ပတ်သက်သော သတင်းအချက်အလက်များအား နိုင်ငံတကာနှင့် ပြည်တွင်းမှ ပြည်သူများ သိရှိနိုင်စေရန်နှင့် ပြိုင်ပွဲကာလအတွင်း သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ Official Website ဖြစ်သော www.27seagames2013.com အား လွှင့်တင်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လွှတ်တော်ရုံးနှင့်ပြည်သူ့လွှတ်တော်ရုံးအတွက် မော်တော်ယာဉ်များဝယ်ယူရန် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့တွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါမော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

Saloon (Toyota အမျိုးအစား) ၂၀ စီး
2009 Model နှင့်အထက်
Premio(X-Grade)/Axio (X-Grade)

တင်ဒါပုံစံများရောင်းချမည့်ရက်/အချိန် - ၁၁-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ ရက်အထိ ၀၉း၃၀ နာရီမှ ၁၆း၀၀နာရီအထိ
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ရက်မှ ၁၆း၀၀နာရီ
တင်ဒါပုံစံများရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - ရုံးအမှတ်(၂၀)၊ လွှတ်တော်ရုံး၊ နေပြည်တော်

၂။ တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀၀(ကျပ်နှစ်သောင်းတိတိ)နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၁၈၉၊ ၀၆၇-၅၉၁၁၇၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အုပ်ချုပ်မှုဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့
လွှတ်တော်ရုံး/ပြည်သူ့လွှတ်တော်ရုံး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဇ/၅၈၉၂ Honda Fit ,GD1 S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှိုင်စုမာ ၁၂/သလန(နိုင်)၀၉၄၈၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၉၁၇၊ မြေကွက်တည်နေရာ အမှတ် ၉၁၇၊ ဘရဏီ ၁၂ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ ဦးကြီးမြင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးကြီးမြင့်နှင့် ဇနီးဒေါ်ခင်ကြည် ကွယ်လွန်သဖြင့် ဒေါ်ခင်ခင်ဌေး ၁၂/ဥကတ(နိုင်)၀၂၁၀၆၅၊ ဒေါ်အေးအေးမြင့်၁၂/ဥကတ (နိုင်)၀၂၀၇၅၃တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရေစကြိုမြို့နယ်အသင်းပူဇော်ပွဲ

တိပိဋကရေ-ဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော်နှင့်တကွ+ ရေစကြိုမြို့နယ်အသင်းက ရန်ကုန်မြို့ရောက် ရေစကြိုမြို့နယ်ဖွားကျောင်းတိုက်အသီးသီးမှ ၁၃၇၃ ခုနှစ် ဓမ္မာစရိယဘွဲ့ရ၊ မဟာဝိဒူဘွဲ့ရ၊ ဝိဒူဘွဲ့ရ၊ ပထမကြီးတန်းအောင်၊ ပထမလတ်တန်းအောင်၊ ပထမငယ်တန်းအောင် အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းပူဇော်ဆွမ်းကပ်မည်ဖြစ်ပါ၍ ဆိုင်ရာအောင်လက်မှတ်မိတ္တူအသီးသီးကို ယူဆောင်လျက် ကြွရောက်ချီးမြှောက်တော်မူကြပါရန် လျှောက်ထားအပ်ပါသည်။

ကြွရောက်ရန်ဌာန - တိပိဋကမဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်၊ ၁၃ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ မထသ-၅၂-၂၀၉၊ ၂၁၀အထူးစီး၍ ကျောက်လမ်းမှတ်တိုင်ဆင်းပါ။ မေတ္တာလိုင်း-၂၊ မထသ-၃၆ အထူး၊ ဂိတ်ဆုံးစီးပါ။
နေ့ရက်နှင့်အချိန် - ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်၊ (၁၀-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့ နံနက် ၉နာရီ

ကြိုတင်အကြောင်းကြား ဆက်သွယ်ရန်-
အရှင်နရပတိ - ဖုန်း-၀၉-၅၅၀၆၆၈၇၊ ၀၉-၈၆၃၀၉၉၁၊
အရှင်ပညာသီဟ - ဖုန်း-၀၉- ၄၅၀၀၂၂၄၆၆၊ ၀၉-၇၃၁၅၂၈၂၊
ဦးမြင့်ဆွေ - ဖုန်း-၀၉-၅၀၄၈၄၈၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ အမှတ် ၁၀၈/B၊စမ်းချောင်းလမ်း (သပြေညိုလမ်း ဘက်မျက်နှာမူလျက်)နှစ်ထပ်တိုက် အဆောက်အအုံ၏အကျယ်အဝန်းပေ (၁၄×၄၀)ရှိ ဒုတိယထပ်(ခြေရင်းခန်း)ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးထက်အောင်(ခ) ဦးအောင်လွင်ထွေး ၁၃/ရစန(နိုင်)၀၄၅၉၂၂ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တရားဝင်ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဦးကျော်မောင်မောင်မင်း အထက်တန်းရှေ့နေ
(စဉ်-၂၉၁၄၃) (LL.B, D.B.L)
အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅ လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၆၉၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် ၁၃၀၇/က ဟုခေါ်တွင်သော ဧရိယာပေ(၂၀×၆၀)ရှိ အိမ်၊ ခြံ၊ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသောအိမ်နှင့် အဝိစိတွင်းရေစက်၊ လျှပ်စစ်မီတာ၊ ကြိုးတယ်လီဖုန်း-၀၁-၈၀၁၀၀၉၂အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ရွှေ ၁၂/လမန(နိုင်)၀၂၀၆၀၉က တရားဝင်ပိုင်ဆိုင် လက်ရှိထားသုံးစွဲလျက်ရှိပြီး ဒေါ်ခင်ရွှေထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းဌေး ၁၂/ဘသတ(နိုင်)၀၁၇၁၁၇က ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်သဖြင့် ယင်းရောင်းချမှုအပေါ် ကန့်ကွက်လိုသူများသည် ဥပဒေနှင့်အညီ ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်အတည်ပြု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သင်းသင်းစိုး (LL.B) အထက်တန်းရှေ့နေ (စဉ်-၂၅၁၂၉)
အမှတ် ၆၉၃၊ အောင်ဆုပန်လမ်း၊ (၈၇)ရပ်ကွက်၊
ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ဖုန်း-၀၉-၄၃၀၇၈၀၁၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အောင်ဆုပန်ရပ်ကွက်၊ သံသုမာလမ်းနှင့်ဝေဇယန္တာလမ်းဆုံ၊ ရွှေအင်ကြင်းရိပ်မွန်၊ တိုက်အမှတ် (R)၊ အခန်းအမှတ် (၁)ဟုခေါ်တွင်သည့် မြေညီထပ်တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဇင်မာဝင်း ၂/လကန(ပြု)၀၀၀၀၀၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်စာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း အထက်တန်းရှေ့နေ
အမှတ် (၈၃)၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၈၃၃

နိုင်ငံတကာအားကစားသတင်း

ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၁၁ နိုဝင်ဘာ ၉

အက်စ်တွန်ဗီလာ	- **ကာဒစ်ဖ်**	ည ၉း၃၀	(-)
ချယ်လ်ဆီး	- ဝက်စ်ဘရွန်း	ည ၉း၃၀	(ယခင်နှစ် ၁-၀)
ပဲလေ့စ်	- **အဲဗာတန်**	ည ၉း၃၀	(-)
လီဗာပူး	- ဖူလ်ဟမ်	ည ၉း၃၀	(ယခင်နှစ် ၄-၀)
ဆောက်သမ်တန်	- ဟားလ်စီးတီး	ည ၉း၃၀	(-)
နော်ဝှစ်ချ်	- ဝက်စ်ဟမ်း	ည ၁၂း၀၀	(ယခင်နှစ် ၀-၀)

စပိန်လာလီဂါ ပွဲစဉ်-၁၃ နိုဝင်ဘာ ၉/၁၀

ရီးရဲလ်မက်ဒရစ်	- ဆိုစီဒက်	ည ၉း၃၀	(ယခင်နှစ် ၄-၃)
ဂီတာဖေး	- အဲလ်ချီ	ည ၁၁း၃၀	(-)
ဘီလ်ဘာအို	- လီဗန်တေး	နံနက် ၁း၃၀	(ယခင်နှစ် ၀-၁)
ဆဲလ်တာဗီဂို	- ဗယ်လက်ကာနို	နံနက် ၃း၃၀	(ယခင်နှစ် ၀-၂)

အီတလီစီးရီးအေ ပွဲစဉ်-၁၂ နိုဝင်ဘာ ၉/၁၀

ကာတာနီးယား	- **အူဒီးနီးစ်**	ည ၁၁း၃၀	(ယခင်နှစ် ၃-၁)
အင်တာမီလန်	- လီဗော်နို	နံနက် ၂း၁၅	(-)

ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၂ နိုဝင်ဘာ ၉/၁၀

ဘိုင်ယန်မြူးနစ်	- အော့စ်ဘတ်	ည ၉း၀၀	(ယခင်နှစ် ၃-၀)
ရှော့လ်ကေး	- ဝါဒါဘရီမင်	ည ၉း၀၀	(ယခင်နှစ် ၂-၁)
လေဗာကူဆင်	- ဟမ်းဘတ်	ည ၉း၀၀	(ယခင်နှစ် ၃-၀)
ဝုဖ်ဘတ်	- **ဒေါ့မွန်**	ည ၉း၀၀	(ယခင်နှစ် ၃-၃)
ဟော်ဖန်ဟိမ်း	- **ဟာသာဘာလင်**	ည ၉း၀၀	(-)
ဂလက်ဘတ်	- နူရင်ဘတ်	ည ၁၂း၀၀	(ယခင်နှစ် ၂-၃)

ပြင်သစ်လီဂူး ပွဲစဉ်-၁၃ နိုဝင်ဘာ ၉/၁၀

ပီအက်စ်ဂျီ	- နိုက်စ်	ည ၁၀း၃၀	(ယခင်နှစ် ၃-၀)
ဘတ်စ်တီယာ	- **ရန်းနက်စ်**	နံနက် ၁း၃၀	(ယခင်နှစ် ၀-၂)
ဂူအင်ဂမ့်	- **လိုင်လီ**	နံနက် ၁း၃၀	(-)
လိုရီရန့်	- **ရိမ်းစ်**	နံနက် ၁း၃၀	(ယခင်နှစ် ၂-၂)
တူးလော့စ်	- အဂျာစီယို	နံနက် ၁း၃၀	(ယခင်နှစ် ၂-၄)
ဗလင်စီနက်စ်	- **မောင့်ပယ်လီယာ**	နံနက် ၁း၃၀	(ယခင်နှစ် ၁-၁)

စံချိန်တင်ဂိုးသွင်းခဲ့တဲ့ ဒီဖိုး

အာကာကျော်

စပါးအသင်းရဲ့တိုက်စစ်မှူး ဂျာမိန်းဒီဖိုးကတော့ စံချိန်တင်ဂိုးသွင်းယူလိုက်ပါပြီ။ သူသွင်းတဲ့ဂိုးက စပါးအသင်းရဲ့ယူရိုပါလိဂ်စံချိန်တင်ဂိုး၊ ဒီဂိုးက စပါးအသင်းရဲ့ ယူရိုပါလိဂ်သမိုင်းတစ်လျှောက်မှာ အမြန်ဆုံးသွင်းတဲ့ဂိုး။ ဂိုးအရေအတွက်နဲ့ တိတိကျကျပြောမယ်ဆိုရင် ၂၃ ဂိုးမြောက်။ စပါးအသင်းရဲ့ ယူရိုပါလိဂ်သမိုင်းမှာ အများဆုံးစံချိန်တင်တဲ့ဂိုးဖြစ်ပါတယ်။

အင်္ဂလန်တိုက်စစ်မှူး ဒီဖိုးက အဲဒီစံချိန်တင်ဂိုးကို ရုရစ်တီရာ စပေါ အသင်းနဲ့ ယူရိုပါလိဂ်အုပ်စုပြိုင်ပွဲမှာ သွင်းယူခဲ့တာပါ။ သူက ဒီဂိုးကို ပယ်နယ်တီမှ တစ်ဆင့်သွင်းယူခဲ့တာပါ။ မနေ့ညက ကစားခဲ့တဲ့ ဒီပြိုင်ပွဲမှာ စပါးက နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်သွားတယ်။ စပါးရဲ့အဖွင့်ဂိုးကိုတော့ အဲရစ်လာမီလာက သွင်းယူပေးခဲ့တယ်။ သူသွင်းတဲ့ဂိုးက စပါးအသင်းရဲ့ စံချိန်တင်ဂိုးမဖြစ်သေးဘူး။ ပွဲချိန် ၆၇ မိနစ်မှာ ဒီဖိုးသွင်းတဲ့ ပယ်နယ်တီဂိုးက စပါးအသင်းရဲ့ ယူရိုပါလိဂ် စံချိန်တင်တဲ့ဂိုး။ သို့ပေမယ့် တီရာ စပေါအသင်းရဲ့ တစ်လုံးတည်းသော ချေပဂိုးကိုတော့ အစ်စမေးလ်အီဆာက ပွဲချိန် ၇၂ မိနစ်မှာ သွင်းယူခဲ့ပါတယ်။ အဲဒီနေ့က အိမ်ရှင်စပါးရဲ့ ခံစစ်က အတော်လေးကောင်းနေတာကြောင့် ချေပဂိုးတစ်ဂိုးပဲသွင်းနိုင်ခဲ့ပါတယ်။

စပါးအသင်းရဲ့ ဒီအနိုင်ပွဲဟာ ယူရိုပါလိဂ် အုပ်စု(K)မှ တစ်ဆင့် နောက်ဆုံး ရှုံးထွက်အဆင့်တက်နိုင်တဲ့ အနေအထားရောက်သွားပါပြီ။ စပါးရဲ့ဒီနိုင်ပွဲဟာ ဒီနှစ်ရာသီမှာ ဥရောပပြိုင်ပွဲမှာ ခြောက်ပွဲမြောက် အနိုင်ပွဲလည်း ဖြစ်ပါတယ်။

စပါးတို့ဒီပြိုင်ပွဲအပြီး အုပ်စု K မှာ ၁၂ မှတ်ဖြင့် ဦးဆောင်နေပါတယ်။ အုပ်စုထဲမှာ ငါးမှတ်အသာနဲ့ ဦးဆောင်နေတာဖြစ်ပါတယ်။ ဒါကြောင့် စပါးအသင်းအနေနဲ့ အုပ်စုအဆင့်ကျော်ဖို့ သေချာသွားပြီဖြစ်ပါတယ်။

အဲဒီနေ့က ဝီဂန်ကတော့ ရှူဘင်ကာဇန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့ပါတယ်။ ဝီဂန်တို့က ခြေစွမ်းပြကစားခဲ့ပေမယ့် ရုရှားကလပ်ကို ပြန်လည်ချေပဂိုးသွင်းနိုင်တဲ့ ခြေစွမ်းမရခဲ့ပါဘူး။

ဆွမ်ဆီးကတော့ ကူဘန်အသင်းကို အနိုင်ယူဖို့ အဦးဆုံးဂိုးသွင်းနိုင်ပေမယ့် ရုရှားကလပ်က ပွဲသိမ်းလေလွင့်ချိန်မှာ ဂိုးပြန်သွင်းခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီ တစ်မှတ်နဲ့ပဲ ကျေနပ်ခဲ့ရပါတယ်။

ဂျိုကိုဗစ် အကြိုဗိုလ်လုပွဲတက်လာပြီ



လက်ရှိချန်ပီယံဂျိုကိုဗစ်သည် လန်ဒန်၌ကျင်းပနေသော ATP World Tour Finals ပြိုင်ပွဲတွင် မာတင်ဒယ်ပိုထရိုကိုနိုင်ပြီး အကြိုဗိုလ်လုပွဲ တက်ရောက်နိုင်သည့် ဒုတိယမြောက်ကစားသမားဖြစ်လာသည်။ ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ယင်းပြိုင်ပွဲတွင် ၆-၃၊ ၃-၆၊ ၆-၃ ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ၎င်းပြိုင်ပွဲတွင်အနိုင်ရလိုက်ခြင်းကြောင့် ဂျိုကိုဗစ်သည် ရာဖေးလ်နာဒယ်နှင့်အတူ အကြိုဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ဂျိုကိုဗစ်သည်စက်တင်ဘာလက အမေရိကန်အိုးပင်း ဗိုလ်လုပွဲတွင် ရာဖေးလ်နာဒယ်ကို ရှုံးနိမ့်ခဲ့ပြီးနောက် ၁၉ ပွဲဆက်တိုက်အနိုင်ရရှိခြင်းလည်းဖြစ်သည်။ ဒယ်ပိုထရိုနှင့် ရော်ဂျာဖက်ဒဲရားတို့သည် အုပ်စု (B) တွင် အကြိုဗိုလ်လုပွဲ တစ်နေရာအတွက် နိုဝင်ဘာ ၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ကက်ပီတယ်ဝမ်း ဆန်းဒါးလန်း ကွာတားတက်

ကက်ပီတယ်ဝမ်း ပြိုင်ပွဲတွင် ဆန်းဒါးလန်းက ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်သွားပြီဖြစ်သည်။ ဘတ်စလေနှင့် လာဆင်တို့၏ ဂိုးများဖြင့် ဆန်းဒါးလန်းတို့ အနိုင်ရလိုက်ခြင်းဖြစ်သည်။ အဖွင့်ဂိုးကို ဘတ်စလေက ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။ လူစားဝင်လာသူ လာဆင်ကလည်း ဂိုးဧရိယာအတွင်းမှ လှလှပပတစ်ဂိုး သွင်းယူခဲ့သည်။ ဆောက်သမ်တန်အတွက် ချေပဂိုးတစ်ဂိုးကို ယို့ရှီဒါက နောက်ကျဂိုးဖြင့် ခေါင်းတိုက်ပေးပြီး ရယူသွားသည်။ ဆန်းဒါးလန်းတို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် ကွာတားဖိုင်နယ်တွင် နာမည်ကြီးချယ်လ်ဆီးနှင့်ကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

စုပေါင်းမဟာဘုံကထိန်
အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းရပ်ကွက်၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြ၍ ပုရိမဝါမှ ထတော်မူကုန်ကြသော သံဃာတော်အရှင်မြတ်တို့နှင့် သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်းနှင့် ဒါတဗ္ဗဝတ္ထုအစုစုတို့ကို လှူဒါန်းပူဇော်ကြရာဝယ် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ဖတ်သရဇ္ဈာယ်ဟောကြားတော်မူအပ်သော ကထိန်အနုမောဒနာ ပရိတ်မေတ္တာဘာဝနာတို့ကို နာယူကျင့်သုံးလိုပါသောကြောင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ချီးမြှောက်တော်မူပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

နေ့ရက် - ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်၊ (၁၀-၁၁-၂၀၁၃ရက်) တနင်္ဂနွေနေ့
အချိန် - နံနက် ၁၀ နာရီ (တရားတော်နာယူပြီး ကျွေးမွေးဧည့်ခံပါမည်။)
နေရာ - မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းတိုက်၊ ကျောင်းလမ်းနှင့်အောင်တော်မူလမ်း၊ မြေနီကုန်းမြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၃၇၅၉၇

ကထိန်ဖြစ်မြောက်ရေးအဖွဲ့

အ.ထ.က ဗထူးတပ်မြို့
(ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း)
(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက်ပါမြတ်ဆရာပူဇော်ပွဲအား ၂၈-၁၂-၂၀၁၃ ရက်(စနေနေ့)တွင် အ.ထ.က ဗထူးတပ်မြို့၌ ကျင်းပမည်ဖြစ်ပါသဖြင့် အသက်(၆၀)အထက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ ဆက်သွယ်မှုပြုပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်မောင်ဝင်း	ဖုန်း-၀၉-၅၁၃၅၇၇၂	ဦးစိုးလွင်	ဖုန်း-၀၉-၈၆၂၄၂၅၁
ဦးညွန့်အောင်	ဖုန်း-၀၁-၂၄၆၂၈၃	ဦးစိုးမြင့်	ဖုန်း-၀၈၁-၂၀၄၅၀၀
ဦးဇော်မြင့်ဦး	ဖုန်း-၀၉-၅၁၅၁၅၉၀	ဦးမောင်မောင်စိန်	ဖုန်း-၀၉-၈၃၆၄၀၇၈
ဦးအောင်ဆန်းဦး	ဖုန်း-၀၉-၄၃၀၄၃၅၆၅	ဦးသောင်းဝင်း	ဖုန်း-၀၈၁-၂၀၄၁၇၈
ဦးတင်မိုးကျော်	ဖုန်း-၀၉-၅၀၀၂၈၉၉	ဦးမြင့်ခိုင်	ဖုန်း-၀၉-၄၂၈၃၄၄၅၃၃
ကိုတင်ရဲဝင်း	ဖုန်း-၀၉-၇၃၁၇၉၀၁၁	ဦးမြင့်အောင်	ဖုန်း-၀၈၁-၂၀၄၁၁၅
ကိုဝေဟောင်ထွန်း	ဖုန်း-၀၉-၄၃၁၂၅၃၈၆	ဦးကျော်ကျော်မင်း	ဖုန်း-၀၈၁-၂၀၄၀၄၄
ခင်နီနီအောင်	ဖုန်း-၀၉-၅၀၄၇၄၁၁	ဒေါ်ခင်မျိုးဝင်း	ဖုန်း-၀၈၁-၂၀၄၇၇၆
စိုးစိုးရီ	ဖုန်း-၀၉-၅၀၁၅၆၃၅		
ခင်ခင်အေးချို	ဖုန်း-၀၉-၅၁၀၀၆၁၀		
သဇင်ထွေး	ဖုန်း-၀၉-၅၄၀၄၀၂၅		
တင်တင်အေး	ဖုန်း-၀၉-၅၁၂၁၂၀၆		

ရွှေကြေးစည် - ကျိုက်ထီးရိုး / ရွှေညောင်သာ (နေ့စဉ်)
Nov13/15
240860, 372290 09-49282825 097 3494339

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ရွှေညောင်သာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေကြယ်စင်
ကျိုက်ထီးရိုး(နေ့စဉ်)- 9000
ရွှေညောင်သာ (နေ့စဉ်)-12000
ငွေဆောင် (သောကြာ)-15000
Ph:09-31210000,09-43740000

စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၊
၁၉၈၄ ခုနှစ် ကျောင်းဆင်းသူငယ်ချင်းများ
နှစ် (၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ်
မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ

တို့တစ်တွေ (၂၅)နှစ်မြောက် ငွေရတုတုန်းကလိုပဲ ယခု နှစ်(၃၀)ပြည့် ပုလဲရတုရောက်လို့ ပြန်လည်တွေ့ဆုံကြရအောင်၊ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက်ညမှာ ရေဆင်း-စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ သင်တန်းခန်းမမှာဆုံကြပြီး၊ တို့တစ်တွေကို ပညာသင်ကြားပြသပေးခဲ့ကြတဲ့ အနန္တဂိုဏ်းဝင်ကျေးဇူးရှင် ဆရာ ဆရာမတွေကိုလည်း အတူတူကန်တော့ကြရအောင်နော်....

တို့တစ်တွေတိုင်ပင်စီစဉ်နေကြတယ်သူငယ်ချင်း...သူငယ်ချင်းကိုလည်း ပါဝင်စေချင်တယ်... နီးစပ်ရာ သူငယ်ချင်းတွေကိုလည်း တစ်ဆင့်ပြောပြပါဦး...ကန်တော့စေချင်တာနဲ့ ဆုံချင်တာ အဓိကပါကွာ...ပြီးတော့ ဝမ်းသာပျော်ရွှင်ရမှာကသေချာတယ်ကွ၊ ငယ်မူငယ်သွေး ငယ်ငယ်အကြောင်းလေးများ သတိရစရာ တို့ကျောင်းတော်ကြီးရယ်၊ ရေဆင်းမြေရယ်၊ ဆရာတွေရယ် အားလုံးစုံကြရအောင် သူငယ်ချင်းတို့ကို လာစေချင်တယ်...ဆုံဖြစ်အောင်လာခဲ့ပါကွာ...

(ရန်ပုံငွေထည့်ဝင်မယ်ဆိုရင်တော့ ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးဆက်သွယ်လှူဒါန်းနိုင်ပါတယ်။)

ဆက်သွယ်ရန် - **ဦးအေးကိုကို ဖုန်း-၀၉-၅၃၈၀၄၂၄၊ ဦးလှမြင့်အောင် ဖုန်း-၀၉-၂၀၀၀၂၂၀၊ ဒေါ်သန်းကြွယ် ဖုန်း-၀၉-၂၁၃၁၈၁၄၊ ဦးသက်ဇင်မောင် ဖုန်း-၀၉-၅၀၇၀၇၈၂၊ ဦးသန်းစိုး ဖုန်း-၀၉-၅၁၃၄၆၀၇၊ ဒေါ်နီလာမော် ဖုန်း-၀၉-၅၃၄၀၅၈၀၊ ဦးကျော်စိုး ဖုန်း-၀၉-၅၁၄၂၃၆၇၊ ဦးအောင်နိုင်ဝင်း ဖုန်း-၀၉-၄၂၈၅၃၅၁၂၂၊ ဦးချိုဝင်းလှိုင် ဖုန်း-၀၉-၅၁၃၄၆၀၉၊ ဦးအောင်မော် ဖုန်း-၀၉-၇၃၀၇၉၃၀၅၊ ဦးစိုင်းလိုင်းလိန် ဖုန်း-၀၉-၅၂၁၂၆၄၅၊ ဒေါ်မိုးသန္တာ ဖုန်း-၀၉-၇၃၁၇၀၈၈၈၊ ဦးသက်ထွန်း ဖုန်း-၀၉-၄၉၁၅၄၂၄၁**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ Double Cab လေးစီးအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) **အမျိုးအစား** - Ford Ranger Double Cab (2013 နှင့်အထက်) Brand New လေးစီး
(ခ) **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁၁-၁၁-၂၀၁၃ရက်မှ ၁၈-၁၁-၂၀၁၃ရက်အထိ ရုံးချိန်အတွင်းသာ
(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်
(ဃ) **တင်ဒါတင်သွင်း ဖွင့်ဖောက်မည့်အချိန်/နေရာ** - ၂၀-၁၁-၂၀၁၃ရက် ၁၃း၀၀နာရီ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၃)၊ နေပြည်တော်။
(င) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေကျပ် သိန်း ၃၀ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည်။

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှဝယ်ယူမည့် Ford Ranger Double Cab (2013 နှင့်အထက်) Brand New လေးစီး၏ အသေးစိတ်အချက်အလက်များကို တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၁၇၁သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းအမှတ် ၂၉-သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်း၊ လူသုံးကုန်ပစ္စည်းစက်ရုံအနောက်ဘက်၊ စက်ရုံနှင့် ငမိုးရိပ်ချောင်းကြားရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ဧရိယာ ၂ ဒသမ ၇၁၀ ဧကရှိမြေအား ဦးမောင်မောင်ကြီး ၁၄/ဥပတ(နိုင်)၀၆၀၀၁၈ မှ မြေငှားစာချုပ်(အထူးဂရန်)လျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်အထူး(ဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မြိတ်မြို့၌ ကျောင်းကျန်းမာရေး ကွင်းဆင်းဆောင်ရွက်

မြိတ် နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျောင်းကျန်းမာရေးဌာနမှ

ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် အသိပညာပေး ဟောပြောခြင်းစသည့် ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီက မြိတ်မြို့ ကျွဲကူးကျေးရွာရှိ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းတွင် မြို့နယ်ကျောင်းကျန်းမာရေးဌာနအဖွဲ့ခေါင်းဆောင် ဒေါက်တာရီရီဌေးနှင့် သွားဆရာဝန်၊ အထွေထွေရောဂါဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ဓါတ်ပုံ)**

ပြုလုပ်ပေး

အဆိုပါကျောင်းမှ မူလတန်းကျောင်းသား ကျောင်းသူ ၆၄၄ ဦးအား တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားကျန်းမာရေးနှင့်လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ရှောင်၌ပြည်သူ့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ရှောင် နိုဝင်ဘာ ၈

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ်တွင် ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန် ပြည်သူ့အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီက ရှောင်မြို့နယ် အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

မြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးသန်းဌေးက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် ကာကွယ်တားဆီးရေးကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နှင်းဝတ်ရည်က ဥပဒေအကြောင်း သိကောင်းစရာများနှင့် လူမှောင်ခိုကူးမှုကာကွယ်တားဆီးရေးအကြောင်းကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြူကြူလှိုင်က ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များနှင့် ကျေးရွာရှိပြည်သူများအသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှုနိုင်မြှင့်တင်ရေးကို လည်းကောင်း ရှင်းလင်းဟောပြောကြသည်။

ငှားရမ်း

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများကလည်း အင်းကုန်းငါးဆူကျေးရွာရှိ မူလတန်းကျောင်းတွင် စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲများ ပြုလုပ်ကာ စာအုပ်စာပေများငှားရမ်းပေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါး ပညာပေးဟောပြောပွဲ အင်းစိန်၌ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၈

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးနှင့် ပတ်သက်၍ သိကောင်းစရာဟောပြောပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီ က အင်းစိန် အောင်ဆန်း အထက (၃) ကျောင်းခန်းမ၌ ကျင်းပရာ မူးယစ်ဆေးဝါးသည် ကောင်းကျိုးမပေးသည့်အပြင် အိမ်သုံးဆေးဝါးများ အလွဲသုံးသဖြင့် ဆိုးကျိုးဖြစ်နိုင်သည်များကို ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဗဟိုမီဒီယာတာဝန်ခံ ဒါရိုက်တာ မောင်ယဉ်ကျော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဗိုလ်သံမဏိ၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူးသန်းထွန်း၊ မြို့နယ်တရားသူကြီး ဦးကျင်ဇကပ်၊ မြို့နယ်ဒုတိယ ဥပဒေအရာရှိ ဒေါ်တင်ဇာလှိုင်၊ မြို့နယ်ကျန်းမာရေးဌာနမှ ဒေါက်တာ ပြည့်စုံ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းသိန်း၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဦးတို့က ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၀၀၀ ကျော်တို့ကို ကောင်းကျိုးမပေးသည့် မူးယစ်ဆေးဝါးများနှင့်အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ် ဆိုးကျိုးများအကြောင်းကို အသိပညာပေး ဟောပြောခဲ့ကြသည်။

မျိုးသန့်(အင်းစိန်)

ဗန်းမော်၌ ကာကွယ်ဆေးများထိုးနှံ

ဗန်းမော် နိုဝင်ဘာ ၈

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်နန်းဆိုင်လမ်း၊ သားဖွားဆရာမ ဒေါ်ဝေဝေခိုင်နှင့် ဒေါ်ဂျာနန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်အေးနှင့် ရာအိမ်မှူးများသည် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ပေါက်ကုန်းရပ်ကွက်ရုံး၌ မွေးစမှ နှစ်နှစ်အောက် ကလေးငယ်များကို ဘီစီဂျီ၊ ဆုံဆို့ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယို၊ ဝက်သက်ရောဂါကာကွယ်ဆေးများ ထိုးပေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဆီမီးခုံ-နန်းရီ

စပါးအထွက်တိုး နည်းပညာသင်တန်း တန့်ယန်း၌ဖွင့်

တန့်ယန်း နိုဝင်ဘာ ၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် စပါးခေါင်နှံရွေးချယ်နည်းသင်တန်းကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှစိုးဝင်းက ဒေသဝမ်းစာဖူလုံပိုလျှံစေရေးနှင့် အထူးအထွက်ကောင်းမျိုးများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်သုံးစွဲရေးနှင့် စပါးခေါင်နှံရွေးချယ်နည်းစနစ်များကိုပို့ချပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ အမှတ် (၉)ရပ်ကွက်ရှိ တောင်သူ ဦးစိုင်းဖိုးဟန်၏ လယ်မြေ၌ လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့သည်။

အဆိုပါ သင်တန်းသို့ တောင်သူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မောင်တောရှိ မောရဝတီ(နတလ)စံပြကျေးရွာ မူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် အုတ်မြစ်ချမင်္ဂလာ ကျင်းပ

မောင်တော နိုဝင်ဘာ ၈

ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ်ရှိ မောရဝတီ(နတလ)စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတည်ဆောက်မည့် မြေနေရာ၌ ကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တော်များ ချီးမြှင့်တော်မူခဲ့ပြီး ရေစက်ချ အမျှပေးဝေခဲ့သည်။ ဆက်လက်၍ဆရာတော် သံဃာတော်များနှင့် မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကြည်စန်းတို့က ရတနာအုတ်မြစ် စီချတော်မူခဲ့ပြီး အမွှေးနံ့သာပက်ဖျန်း ပေးခဲ့ကြသည်။

အဆိုပါကျောင်းဆောင်သစ်ကြီးမှာ အလျားပေ ၁၄၀၊ အနံ ၂၆ ပေ၊ အာရ်စီ နှစ်ထပ်အမျိုးအစားဖြစ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အင်ဒိုနီးရှားသမ္မတနိုင်ငံမှ လှူဒါန်းငွေဖြင့် မင်းလွင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်သည်။ မောရဝတီရွာသားများက ယခုလိုခေတ်မီနှစ်ထပ်စာသင်ကျောင်းကြီး ခြောက်လအတွင်းအပြီး တည်ဆောက်မည်ဖြစ်၍ အံ့သြဝမ်းသာမဆုံးရှိနေကြပြီး ကျောင်းဆောင်သစ်ကြီး ဆောက်လုပ်ပြီးစီးပါက နိုင်ငံတော်က အလယ်တန်းအဆင့် တိုးမြှင့်ပေးရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တိရစ္ဆာန်ရောဂါများကာကွယ်ထိန်းချုပ်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးမှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ KOICA အဖွဲ့တို့ ပူးပေါင်း၍ တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေးအလုပ်ရုံဆွေးနွေးပွဲ(Animal Disease Control Strategy in Korea) ကို အောက်တိုဘာ ၃၁ ရက် နံနက် ၉ နာရီက ဒက္ခိဏခရိုင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးသိမ်းက အမှာစကားပြောကြားပြီး ကိုရီးယားပညာရှင်များဖြစ်သော Mr.Joo Yi Seok က ခွာနာလျှာနာရောဂါအကြောင်း၊ Mr.Ji Ho Kim က ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းများနှင့် ကိုရီးယားနိုင်ငံတွင် ဖြစ်ပွားခြင်း၊ ထိန်းချုပ်မှု၊ သုတေသနဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
အဆင့်မြင့်စက္ကူစက်ရုံ(သာပေါင်း)အရောင်မချွတ်ရသေးသော
ပျော့ဖတ်များအား Open Tender စနစ်ဖြင့် ရောင်းချနိုင်ရန်
ဖိတ်ခေါ်ခြင်းအား ရက်ထပ်မံတိုးမြှင့်ခြင်း

၂၁-၁၀-၂၀၁၃ရက်နှင့် ၂၂-၁၀-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အဆင့်မြင့် စက္ကူစက်ရုံ(သာပေါင်း)မှ အရောင်မချွတ်ရသေးသော ပျော့ဖတ်များအား Open Tender စနစ်ဖြင့် ရောင်းချနိုင်ရန် ၄-၁၁-၂၀၁၃ရက် နောက်ဆုံးဖိတ်ခေါ်ခြင်းအစား ၁၄-၁၁-၂၀၁၃ရက်အထိ ရက်ထပ်မံတိုးမြှင့်ပါသည်။

အိတ်ဖွင့်တင်ဒါ(Tender)ခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တမူးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကျောက်အမျိုးအစား	အရေအတွက်
(က)	၆"-၉" ကျောက်ကြီး	၅၄၉၃ ကျင်း
(ခ)	ခွဲကျောက်သေး	၂၄၃ ကျင်း
(ဂ)	ချောင်းကျောက်စရစ်	၂၇၅၇ ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၁၃-၁၁-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ ၅ နာရီ

တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၃-၄၀၀၀၈

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၃၃)၊ ဦးပိုင်အမှတ်(၂၆/ c)၊ ဧရိယာ ၀ဒသမ ၅၃၃၈ဧကအနက် ၀ဒသမ ၂၆၈ဧကရှိမြေသည် ဂျီဒီရမ် တီဝါရီ အမည်ပေါက်ပြီး ၉၉ နှစ် အငှားဂရန်မြေအမျိုးအစားဖြစ်ပါသည်။ အဆိုပါမြေအား ဒေါ်သိန်းညွန့်မှ အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်လာရာ ဝယ်ယူစဉ် ၉၉ နှစ် အငှားဂရန်ကို လက်ခံရရှိခြင်းမရှိခဲ့ကြောင်း ဒေါ်သိန်းညွန့် အမည်ဖြင့် ဧရိယာ ၀ဒသမ ၂၆၈ဧကကို နှစ် ၃၀ အငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာထုတ်ပြီး ၁၄ရက်အတွင်း ခိုင်လုံသည့် အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အုပ်ချုပ်ရေးမှူး
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့

အိတ်ဖွင့်တင်ဒါပယ်ဖျက်ကြောင်း ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်အတွင်း တည်ဆောက်မည့် အမှတ်(၂) ပေါက်တံတား(ရေပြာ) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းအစီအစဉ်ပြောင်းလဲမှုကြောင့် ၂၉-၈-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာပါ အိတ်ဖွင့်တင်ဒါခေါ်ယူထားမှုအား ပယ်ဖျက်ပါကြောင်း တင်ဒါလျှောက်လွှာ ဝယ်ယူထားသူများအား အသိပေးကြေညာ အပ်ပါသည်။ လုပ်ငန်းအစီအစဉ် အတည်ပြုပြီးပါက တင်ဒါခေါ်ယူခြင်းကို ထပ်မံကြေညာပေးပါမည်။**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

အထူးစီမံကိန်းကြီးအဖွဲ့(၃)
ဖုန်း-၀၉-၈၃၀၄၅၉၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ခရိုင်/မြို့နယ်/မြို့နယ်ခွဲ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန၊ ခွေးများတွင်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့်ဆေးဝါးအချက်အလက်များကို သိရှိလိုပါက ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ စစ်တွေမြို့သို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ ရက် (တနင်္လာနေ့)
တင်ဒါပိတ်ရက် - ၁၁-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ

တင်ဒါစိစစ်ရေးအဖွဲ့
ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
စစ်တွေမြို့၊
ဖုန်း-၀၄၃-၂၁၂၀၂၊ ၂၃၃၆၆

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မဂ္ဂဇင်းထုတ်ဝေရန် စာမူများဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ မဂ္ဂဇင်းထုတ်ဝေရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး စာတည်းအဖွဲ့ကိုလည်း ရွေးချယ်တာဝန်ပေးထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပေးစာ၊ ကာတွန်း၊ (မြန်မာ၊ ရခိုင်၊ အင်္ဂလိပ်)စာမူများကို ၁၅-၁-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

စာမူပေးပို့ရန်လိပ်စာ
ဦးလှသိန်း (စာတည်းမှူးချုပ်)
မဂ္ဂဇင်းထုတ်ဝေရေးကော်မတီ
ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး
စစ်တွေမြို့၊
ဖုန်း-၀၄၃-၂၂၇၅၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျူးကျော်နေအိမ်များကြားမှ ယဉ်ကျေးမှုအမွေ ဟံသာဝတီရှေးဟောင်းမြို့ရိုး

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့ထုတ်သတင်းစာများတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနက သတိပေးကြေညာချက်ထုတ်ပြန်ခဲ့သည်။ ခေါင်းစဉ်မှာ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဝင်းခြံများတိုးချဲ့ခြင်း၊ ကာရံခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ သတိပေးကြေညာခြင်းဖြစ်သည်။

နိုင်ငံတော်သည် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းရန်အတွက် ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအား ပြင်ဆင်သည့်ဥပဒေကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်းပြဋ္ဌာန်းခဲ့သည်။အဆိုပါ ဥပဒေပုဒ်မ ၄ အရ တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၆ ခုကိုသတ်မှတ်၍ ဥပဒေဖြင့်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ယခုအခါ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ **ကန့်သတ်ထားသော ဇုန်များအတွင်းတွင် ဝင်းခြံများတိုးချဲ့ခြင်း၊ အဆောက်အအုံများ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ အုတ်ဖုတ်ခြင်းများ ဆောင်ရွက်နေခြင်းကြောင့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများ ပျက်စီးမှုတို့ဖြစ်ပေါ်လျက်ရှိပါသည်။**

စာရေးသူတို့ ပဲခူးမြို့တွင် ဘုရင့်နောင်မင်းတရားကြီး၏ ရှေးဟောင်းသမိုင်းဝင် ကမ္ဘောဇသာဒီနန်းတော်ကြီးနှင့် ဟံသာဝတီခေတ်၊ ဥဿာခေတ်၊ ရှေးဟောင်းမြို့ရိုးနှင့်ကျုံးများ အထင်ကရတည်ရှိပါသည်။ ယခုအခါ ကမ္ဘောဇသာဒီနန်းတော်ကြီးကို ဦးစားပေးအဆင့်ဖြင့် စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ကျုံးနှင့်မြို့ရိုးတို့ကိုမူ ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်းမပြုနိုင်ကြောင်း တွေ့ရပါသည်။ သို့ဖြစ်ရာ ကျုံးသည်လည်းကောင်း၊ မြို့ရိုးသည်လည်းကောင်း စည်းကမ်းမဲ့ကျူးကျော်ဝင်ရောက်သူတို့၏နေအိမ်ဆောက်လုပ်နေထိုင်ရာ နေရာတစ်ခုကဲ့သို့ဖြစ်ပေါ်လျက်ရှိပါသည်။

များမကြာမီကာလတွင် ပဲခူးမြို့၏ဂုဏ်ဆောင်မြန်မာနိုင်ငံတွင်အကြီးဆုံးဖြစ်သော ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးကို စတင် တည်ဆောက်ပါတော့မည်။ လေယာဉ်ကွင်းကြီးပြီးလျှင် နိုင်ငံတကာမှ ဧည့်သည်များ ဆိုက်ရောက်ဆင်းသက်ကြပါတော့မည်။ နိုင်ငံခြားသားဧည့်သည်များသည် ပဲခူးမြို့သို့ ရောက်ရှိလာလျှင် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာစေတီ၊ ပုထိုး၊ ကျောင်းကန်များသို့ သွားရောက်လေ့လာကြည့်ရှုမည့်နည်းတူ မလွဲမသွေသွားရောက်မည့်နေရာမှာ ကမ္ဘောဇသာဒီနန်းတော်ဖြစ်သည်။ ထိုမှတစ်ဆင့်ရှေးဟောင်းအမွေအနှစ်ကျုံးနှင့်မြို့ရိုးကို လေ့လာကြည့်ရှုကြပါလိမ့်မည်။ သို့ဆိုလျှင် စာရေးသူတို့အခက်ကြုံရနိုင်သည်။ အကြောင်းမှာ **ကျုံးကိုလည်းကောင်း၊ မြို့ရိုးကိုလည်းကောင်း စည်းကမ်းမဲ့စွာကျူးကျော်ဝင်ရောက်နေအိမ်ဆောက်လုပ်နေထိုင်ကြသူများကြောင့် ကျုံးပျောက်၊ မြို့ရိုးပျောက်ဘဝသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဝမ်းနည်းစွာတင်ပြအပ်ပါသည်။** နိုင်ငံခြားသားဧည့်သည်များကို စည်းကမ်းမဲ့ကျူးကျော်ဆောက်လုပ်ထားသော အိမ်ပေါင်းများစွာ၏ကြားမှ မြို့ရိုးနှင့်ကျုံးကိုပြသရန်အမြင်မတော်တော့ပါ။

ဟံသာဝတီမြို့ရိုးသည် မော်ကန်၊ ပုဏ္ဏားစုရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ နန်းတော်ရာရပ်ကွက် အပါအဝင် ရပ်ကွက်အချို့နှင့်ထိစပ်ကာရံထားရာ နန်းတော်ရာရပ်ကွက်နယ်မြေတစ်ခုတည်းမှာပင် ဟံသာဝတီမြို့ရိုးပေါ်သို့ စည်းကမ်းမဲ့စွာ ကျူးကျော်ဆောက်လုပ်ထားသောအိမ်ပေါင်း ၇၀၀ကျော်ရှိကြောင်း စုံစမ်းသိရှိရပါသည်။ ကျန်ရပ်ကွက်များနှင့် ရှေးဟောင်းကျုံးနယ်မြေအပါအဝင် ကျူးကျော်အိမ်ပေါင်းမှာ ထောင်နှင့်ချီ၍ ရှိနိုင်ပါသည်။ များမကြာခင်က သီတင်းကျွတ်လျှင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသော အိမ်များကို ဖယ်ရှားမည်ဟု အတည်မပြုနိုင်သော သတင်းတစ်ရပ်ထွက်ပေါ်ခဲ့ဖူးပါသည်။ ထိုသတင်းမှန်လျှင် ကောင်းလေစွဟု မျှော်လင့်စောင့်စားခဲ့သော်လည်း ကျူးကျော်အိမ်များတိုး၍ တိုး၍သာ ဆောက်လုပ်လာသည်။ ဖယ်ရှားရေးအမိန့်ကတော့ အကောင်အထည်ပေါ်မလာပါ။

နန်းတော်ရာနယ်မြေအတွင်းရှိ ရှေးဟောင်းမြို့ရိုးပေါ်တွင် ကျူးကျော်သူတို့သည် မူလတဲအိမ်ကိုဖျက်၍ အုတ်၊ ကွန်ကရစ်တို့ဖြင့် တည်ဆောက်ပြီး သွပ်မိုးလာကြပါသည်။ မိမွေ၊ ဖမွေ၊ ဘိုးဘွားပိုင်သဖွယ်တစ်ဆင့်နှင့်တစ်ဆင့်လက်ဆင့်ကမ်းရောင်းစားသူ၊ အငှားချထားသူများပင်ရှိနေကြောင်း ရင်နာစွာ တွေ့မြင်နေရပါသည်။ အချို့မှာ ဖယ်ရှားလျှင်လည်း မြေကွက်အစား ပြန်ရမည်ဟူသော မတော်လောဘမျှော်မှန်းချက်ဖြင့် ဆွေမျိုးသားချင်းများကိုခေါ်ယူ၍ကျူးကျော်ပွဲကြီး ဆင်နွှဲနေကြပါသည်။ အခြေမဲ့အနေမဲ့အချို့ ဥပဒေအပြင်ဘက်မှ ဒုစရိုက်သမားအချို့၏ ခိုလှုံရာဒေသလည်းဖြစ်နေပါသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ အကျည်းတန်နေပါသည်။

ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ **အခန်း(၇)၊ တားမြစ်ချက်များတွင် ပုဒ်မ ၁၈ ၌ အဆောက်အအုံတည်ဆောက်ခြင်းအတွက်လည်းကောင်း၊ ပုဒ်မ ၁၉ တွင် တည်ဆောက်ခြင်း(သို့) တိုးချဲ့ဆောက်လုပ်ခြင်းအတွက်လည်းကောင်း၊ ပြင်ဆင်ခြင်း(သို့)ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းအတွက်လည်းကောင်း၊** တားမြစ်ထားပြီး ဖောက်ဖျက်ကျူးလွန်ပါက ယင်းဥပဒေအခန်း(၈)ပါ ပြစ်ဒဏ်များချမှတ်ရမည်ဖြစ်ကြောင်း ပြစ်မှုတစ်ခုချင်းအလိုက် ဖော်ပြပြဋ္ဌာန်းထားပါသည်။ လိုက်နာရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဒုတိယ မြန်မာနိုင်ငံတော်ကို တည်ဆောက်သူ ဘုရင့်နောင်မင်းတရားကြီး စနစ်တကျတည်ဆောက်ခဲ့သော ရှေးဟောင်းသမိုင်းဝင် နန်းတော်၊ ကျုံးနှင့်မြို့ရိုးတို့တွင် ကမ္ဘောဇသာဒီနန်းတော်မှအပ ကျုံးနှင့်မြို့ရိုးပျောက်ကွယ်လုနီးပါးအထိ ရှေးဟောင်းယဉ်ကျေးမှုကိုဖျက်ဆီးနေသူများအား လက်ပိုက်ကြည့်နေရန်မသင့်တော့ပါ။ မျက်နှာလွှဲ၍ ဥပေက္ခာမပြုသင့်ပါ။ ဥပဒေရှိပါလျက်၊ ဥပဒေပြဋ္ဌာန်းထားပါလျက် ဥပဒေကို အသက်မသွင်းပါကကြာလျှင် အစားထိုး၍မရနိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်သွားမည့်အရေး ရင်လေးဖွယ်ရာဖြစ်ပါသည်။

(စိန်လှိုင်ဗိုလ်)

စားသုံးသူအကာအကွယ်ပေးရေးနှင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဝါးတန်းဆိပ်ကမ်းနယ်မြေ ကိုင်းတန်း (၁)ဆိပ်ခံဗောတံတားတွင် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီခန့်က ဆိပ်ကမ်း နယ်မြေတာဝန် (Mobile Team) အဖွဲ့သည် မြိတ်မှ ရန်ကုန်ပြေးဆွဲနေသော ရွှေဖြိုးအောင်သင်္ဘောပေါ်သို့ စားသုံးသူအကာအကွယ်ပေးရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်တရားမဝင်ကုန်သွယ်မှုပပျောက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါသင်္ဘောပေါ်တွင် စားအုန်းဆီကြမ်းပီပါ ၄၄၀ နှင့်အခြားဒေသထွက်ကုန်ပစ္စည်းများပါရှိပြီး စားအုန်းဆီကြမ်းဆီပီပါများကို ယုဇနစားအုန်းဆီကြမ်းချက်စက်ရုံသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်မြင့်အေး(ပြန်/ဆက်)

တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ ဆတ်ရိုးကျအိမ်ရာစခန်းတွင် ကျန်းမာရေးစောင့်ရှောက်ပေး

စစ်တွေ နိုဝင်ဘာ ၈

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန်အတွက်တပ်မတော်နယ်လှည့်အထူးဆေးကုအဖွဲ့ အမှတ်(၁)သည် နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ ဆတ်ရိုးကျအိမ်ရာစခန်းတွင် နေထိုင်လျက်ရှိသောဒေသခံတိုင်းရင်းသားအိမ်ထောင်စုမိသားစုဝင်များကိုအခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ ဗိုလ်မှူးကြီးကျော်စိုး ဦးစီးသည့်အဖွဲ့သည် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုး၊ အကြော၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါကုသမှုခံယူမည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခဲ့ရာ စစ်တွေတပ်နယ်မှ အရာရှိကြီးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဆေးကုသဆောင်တွင် ငှက်ဖျားရောဂါ၊ သွားနှင့်ခံတွင်းရောဂါများအကြောင်းကို ကျန်းမာရေးပညာပေးဟောပြောခြင်း၊ နေအိမ်များတွင် ခြင်ဆေးဖျန်းခြင်းများပြုလုပ်ပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကလှူဒါန်းသည့်ခေါက်ဆွဲခြောက်၊ အချိုရည်၊ သောက်ရေသန့်၊ နို့ဆီ၊ ဆပ်ပြာ၊ ကော်ဖီထုပ်၊ ဘီစကွတ်မုန့်ထုပ်များကို တာဝန်ရှိသူများက ဆေးကုသရန် ရောက်ရှိလာသည့် ဒေသခံပြည်သူများသို့ ပေးအပ်လှူဒါန်းသည်။ အဆိုပါ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့တွင် အခြေပြုဆေးကုသရေး အဖွဲ့သုံးဖွဲ့၊ နယ်လှည့်ဆေးကုသရေးအဖွဲ့ ၁၀ ဖွဲ့ စုစုပေါင်း ၁၃ ဖွဲ့ခွဲ၍ အမ်း၊ တောင်ကုတ်၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ သံတွဲ၊ ဂွ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေမြို့နယ်နှင့် ကျေးရွာများတွင်လည်း ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ၂၀၁၄ ခုနှစ်အတွက် မှတ်စုစာအုပ်နှင့် လက်ကိုင်မှတ်စုစာအုပ် ရိုက်နှိပ်ထုတ်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** ၄-၁၁-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ **တင်ဒါပိတ်ရက်နှင့်အချိန်မှာ** ၂၉-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၃)၊ ရုံးအမှတ်(၁၅)တွင် အမျိုးအစားတစ်ခု ၃၀၀ဝိ/-ဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

မှတ်စုစာအုပ်အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ် ၁၅၊ ဖုန်း-၀၆၇-၄၁၀၀၉၄

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုက္ကရိုဝေ့ဗ် ရေဒီယိုစက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးစက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။
- GbE IP Microwave Radio Equipment - 42 Hops

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၅၀၀၀ဝိ/-နှုန်းဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၂-၁၁-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ အဝေးဆက်သွယ်ရေးဌာန
၁၂၅ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း-၀၁-၃၇၀၇၂၇

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရှမ်းပြည်နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ ပြည်နယ်၊ မြို့နယ် အဆောက်အအုံများ ဆောက်လုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ပြည်နယ်ရုံးဆောက်လုပ်ခြင်း ပေ(၄၀×၃၀×၁၂) အုတ်ညှပ်တစ်ထပ်(တောင်ကြီး) (၁)ရုံး

(ခ) မြို့နယ်ရုံးဆောက်လုပ်ခြင်း ပေ(၃၀×၂၀×၁၂) အုတ်ညှပ်တစ်ထပ်(ရွာငံ၊ ရပ်စောက်၊ သီပေါ၊ လောက်ကိုင်) (၁)ရုံးစီ

(ဂ) ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း ပေ(၄၀×၁၈×၁၂)အုတ်ညှပ်တစ်ထပ် (၅)လုံး တောင်ကြီး(၃)လုံး၊ လားရှိုး(၁)လုံး၊ ကျိုင်းတုံ(၁)လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၆-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၂-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက် - ၁၀-၁၂-၂၀၁၃ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၂၇၁၂သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်လမ်း၊ သစ်တောရပ်၊ တောင်ကြီးမြို့

မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တာလေမြို့နယ်ခွဲ
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

တာချီလိတ်ခရိုင်၊ တာလေမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း အုတ်တံတိုင်း (၂၅၂ပေ×၆ပေ)ကာရံခြင်း၊ ရုံးဝင်း သွပ်ဆူးကြိုး (ပေ ၈၀၀× ၆ပေ) ကာရံခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါအား ၁၀-၁၁-၂၀၁၃ရက် နောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
တာလေမြို့နယ်ခွဲ

ချိပ်ပိတ်တင်ဒါကြော်ငြာ

ညောင်ဦးခရိုင်၊ ပုဂံမြို့သမိုင်းဝင်ရှေးဟောင်းဘုရားဖြစ်သည့် အာနန္ဒာမြတ်စွာဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၈ရက်မှ ပြာသိုလကွယ်နေ့အထိ) ၈-၁-၂၀၁၄ရက်မှ ၃၀-၁-၂၀၁၄ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဈေးဆိုင်ခန်းများနှင့် ဇာတ်ရုံဆောက်လုပ်လိုသူများသည် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဂေါပကအဖွဲ့ရုံးသို့ ၁၅-၁၁-၂၀၁၃ရက်၊ ၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ရက် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက အာနန္ဒာဂေါပကရုံး ဖုန်း-၀၉-၄၀၂၅၀၀၁၉၆၊ ၀၉-၆၅၀၅၀၆၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အာနန္ဒာဘုရားဂေါပကအဖွဲ့
အတွင်းရေးမှူး
အာနန္ဒာဘုရားဂေါပကအဖွဲ့၊ ပုဂံမြို့.

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခုတင် (၁၅၀) နှစ်ရုံ၊ ခုတင် (၁၀၀) သုံးရုံ၊ ခုတင် (၅၀) ငါးရုံ၊ ခုတင်(၂၅) (၁၁)ရုံတို့အတွက် ဆေးဝါးနှင့်ဆေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၁၂-၂၀၁၃ရက် ညနေ ၄:၃၀နာရီ

၃။ တင်ဒါစည်းမျဉ်းများနှင့် ဆေးပစ္စည်းစာရင်းကိုရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
လားရှိုးမြို့၊
ဖုန်း-၀၈၂-၂၃၀၁၃၊ ၀၈၂-၃၀၃၈၇

9-11 (16).pmd 1 11/8/2013, 9:33 AM

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စည်းဝေး

နေပြည်တော် နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ရွေးချယ်ရေးအတွက် အကြံဉာဏ်ရယူခြင်း အစည်းအဝေးကို နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အဖွဲ့တာဝန်ခံများက အုပ်စုအလိုက် ရလဒ်များအပေါ် ဆွေးနွေးတင်ပြကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီးအတွင်း ပထမဦးစားပေး မင်းတုန်းမြို့နယ်၊ ဒုတိယဦးစားပေး စေတုတ္တရာမြို့နယ်နှင့် တတိယဦးစားပေး ဆောမြို့နယ်တို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့နှင့် ထိုင်းရဲတပ်ဖွဲ့တို့ အမြင်ဖလှယ်မှုကြောင့် အတွေ့အကြုံကောင်းများရရှိခဲ့

ရန်ကုန် နိုဝင်ဘာ ၈

ဖွံ့ဖြိုးတိုးတက်လာသည့် ခရီးသွားလုပ်ငန်းအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ အတွေ့အကြုံ ပိုမိုရရှိလာစေရန်အတွက် ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့နှင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီး အကျိုးရလဒ်ကောင်းများရရှိခဲ့ကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီးဌာနနှင့်ဂျာမနီနိုင်ငံအခြေစိုက် ဟန်းဆိုက်ဒယ်ဖောင်ဒေးရှင်းတို့ပူးပေါင်းကျင်းပသည့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေး ရဲတပ်ဖွဲ့အခန်းကဏ္ဍနှင့် လေ့ကျင့်ရေးလုပ်ဆောင်ချက်များ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို စင်ထရယ်ဟိုတယ်၌ နိုဝင်ဘာလဆန်းက ကျင်းပခဲ့ပြီး နှစ်နိုင်ငံ တာဝန်ရှိသူများဖြစ်ကြသော ကမ္ဘာလှည့်ခရီးသွားလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီးဟန်ထွန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ ခရီးသွားရဲတပ်ဖွဲ့မှ Police Colonel Mr. Thakoon Nimsomboon နှင့် တာဝန်ရှိသူများ၊ ဟန်းဆိုက်ဒယ်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံကိုယ်စားလှယ် မစ္စတာ အာခင်းမွန်စ်တို့က အလုပ်ရုံဆွေးနွေးပွဲများအတွင်း လိမ်လည်မှု၊ ခါးပိုက်နှိုက်မှု၊ ဟိုတယ်တွင်းခိုးယူခြင်း၊ ခိုးရာပါပစ္စည်းများ ရောင်းချခြင်းနှင့် အမှုသဘာဝတစ်ခုချင်းအလိုက် လူကုန်ကူးခြင်းဆိုင်ရာ၊ ပြည့်တန်ဆာနှင့် ရာဇဝတ်ဂိုဏ်းများ၊ အကြမ်းဖက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ အခမ်းအနားများ၊ တာဝန်ယူကျင်းပခြင်းဆိုင်ရာများကို ဆွေးနွေးအကြံပြုခဲ့ကြပြီး လက်တွေ့လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားများအတွက် လိုအပ်ချက်အရ မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွား လုံခြုံရေးဆိုင်ရာ ရဲတပ်ဖွဲ့ကို ဖေဖော်ဝါရီလ၌ စတင်ဖွဲ့စည်းခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားလာမှုများပြားသည့် ထိုင်းနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များ၏ အတွေ့အကြုံများကို သိရှိခွင့်ရရှိသည့်အတွက် အထောက်အကူများစွာရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့မှ ရဲမှူးကြီးဟန်ထွန်းက "ထိုင်းရဲတပ်ဖွဲ့က အတွေ့အကြုံ အနှစ် ၂၀ လောက်စောပါတယ်။ အသုံးပြုတဲ့ နည်းပညာတွေကလည်းမြင့်တယ်။ သူတို့ဆီက အတွေ့အကြုံတွေ ရရှိတဲ့အတွက် အထောက်အကူများစွာ ရရှိခဲ့ပြီး မကြာခင်မှာ မြန်မာနိုင်ငံကလည်း သူတို့လိုပဲအောင်မြင်အောင်ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်တယ်"ဟု ပြောကြားသည်။

မြတ်စန္ဒီသင်းဇော်

လူကုန်ကူးမှုနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာခြင်း ကျိုင်းတုံမြို့တွင် ပညာပေးဟောပြော

ကျိုင်းတုံ နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက် မြို့သစ်ရပ် မြရတနာလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ လူကုန်ကူးမှုအကြောင်းနှင့် တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ဟောပြောပွဲတွင် လူကုန်တားတပ်ဖွဲ့စု (ကျိုင်းတုံ) မှ ရဲအုပ်သက်ဇော်ထွန်းက လူကုန်ကူးမှုအကြောင်းနှင့် တပ်ကြပ်ကြီး သီဟဇော်က တရားမဝင်ရွှေ့ပြောင်းသွားလာခြင်းအကြောင်းတို့ကို ဟောပြောခဲ့ကြပြီးအသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

"ဒီနေ့ဟောပြောပွဲကို တက်ရောက်နားထောင်ခဲ့ရပြီး မရှင်းလင်းတဲ့အချက်များကို ပြန်လည်မေးမြန်းခွင့်ရရှိခဲ့ပါတယ်။ အခုဆိုရင် လူကုန်ကူးမှုနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့အချက်အလက်အကြောင်းအရာ စုံစုံလင်လင်ကို သိရှိခဲ့ရတဲ့အတွက် လာရောက်ဟောပြောပေးခဲ့ကြသူ တာဝန်ရှိလူကြီးမင်းများကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ သင်တန်းသူ အမျိုးသမီးများအတွက် အလွန်ကို ဗဟုသုတတိုးပွားစေခဲ့ပြီး အကျိုးရှိတဲ့ ဟောပြောပွဲလေးဖြစ်ခဲ့ပါတယ်"ဟု သင်တန်းသူတစ်ဦးက မြန်မာ့အလင်းသို့ပြောပြသည်။

နိုင်နိုင်အောင်ဝေ

ဈေးသူ ဈေးသားများအတွက် ချေးငွေထုတ်ပေး

မြိတ် နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် ပုလဲရတနာခန်းမ၌ မြို့နယ်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမှ ဆိပ်ငယ်ဈေးသူ ဈေးသားများအတွက် ချေးငွေထုတ်ပေးခြင်း အခမ်းအနားကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီခွဲက ကျင်းပခဲ့ရာ မြို့နယ်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်း**(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး အဆိုပါဈေးမှ ဈေးသူ ဈေးသား ၁၃၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ချေးငွေ ကျပ် ၁၃၅ သိန်းကို မြို့နယ်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ချေးငွေများကို မြိတ်အများပိုင်ကော်ပိုရေးရှင်းလီမိတက်က ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရမည်းသင်းမြို့ (၇၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့နယ်လုံးကျွတ်စုပေါင်းမဟာဘုံကထိန်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီက ရန်အောင်မြင်သာသနာ့ဗိမာန်ရှေ့ ဘုံကထိန်ကွင်း၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့် ဘုံကထိန်ပွဲတော်ကျင်းပရေးဥက္ကဋ္ဌဦးစံတင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကြီးကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ငါးရက်တိုင်တိုင် ရွှေညီအစ်ကို ဇာတ်ပွဲသဘင်ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

ဆားလင်းကြီးမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားဆောင်ရွက်

ဆားလင်းကြီး နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့တွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်း ဦးဆောင်၍ နိုဝင်ဘာ ၁ ရက် နံနက် ၇ နာရီက ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ကွပ်ကွပ်အိတ်များ လိုက်လံကောက်ယူသိမ်းဆည်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းတို့ကို ပြုလုပ်ရာ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုပေါင်း၍ကျောင်းဝင်းအတွင်း၌ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီခွဲတွင် သဘာဝပတ်ဝန်းကျင်ဟောပြောပွဲနှင့် စာဖတ်ရှုမြှင့်တင်ရေး ဟောပြောခဲ့ရာ ပထမဦးစွာ မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ညိုက ကွပ်ကွပ်အိတ်အသုံးပြုမှုကြောင့် လူသားများအပေါ် အကျိုးသက်ရောက်မှုနှင့် မြေဆီလွှာများပျက်စီးမှုရှင်းလင်းဆွေးနွေးခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က စာကြည့်တိုက်ရှင်သန်ရေး၊ စာဖတ်ရှုမြှင့်တင်ရေးနှင့် စာဖတ်ပွဲကျင်းပရခြင်းအကြောင်းကိုဆွေးနွေးပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များ လှူဒါန်းခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

စလင်းမြို့တွင် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု ဓမ္မစကူးလ်ဖွင့်

စလင်း နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ အခြေခံပညာဗုဒ္ဓဘာသာယဉ်ကျေးမှု ဓမ္မစကူးလ်သင်တန်းကို ထေရဝါဒဗုဒ္ဓသာသနာ့ရက္ခိတအသင်းကြီး၏ ဆရာတော်ကြီးများက ကြီးမှူး၍ မြတ်ရတနာဓမ္မာရုံတွင် အောက်တိုဘာ ၃ ရက်မှ စတင်သင်ကြားခဲ့ရာ စလင်းမြို့နယ် ကျောင်းများမှ ပထမတန်းကျောင်းသားကျောင်းသူ ၁၀၉ ဦး၊ ဒုတိယတန်းမှ ၁၁၅ ဦး၊ တတိယတန်းမှ ၁၂၆ ဦး စုစုပေါင်း ၃၅၀ တက်ရောက်သင်ကြားပြီး ဝါတွင်းကာလတွင် အဖိတ်-ဥပုသ်နေ့များနှင့် ဝါပကာလတွင် စနေ၊ တနင်္ဂနွေနေ့တိုင်း ကျောင်းတိုက်များမှ ဆရာတော်များနှင့် သီလရှင်ဆရာလေးများက သင်ကြားပေးလျက်ရှိသည်။

မြို့နေပြည်သူများက အဆိုပါ သင်တန်းသားများအား အာဟာရဒါနနှင့် အခြားလိုအပ်သော သင်ထောက်ကူပစ္စည်းများကို လှူဒါန်းကြပြီး လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

စစ်ကြည်(စလင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၅၀၀ ကေဗွီ သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ နှစ်ထပ်ဓာတ်အားလိုင်း Foundation လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်။

ဆောင်ရွက်လိုသည့်ကုမ္ပဏီများအနေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် အနည်းဆုံး စီမံကိန်း(၃)ခု၌ ပါဝင်ဆောင်ရွက်ခဲ့ဖူးသည့်အတွေ့အကြုံရှိရပါမည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အမည်ပြောင်း တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ မိဘဂုဏ်ရည်တိုက်၊ အခန်း(Aa-2) နေ ဒေါ်စိန်အေး(ခ)ဒေါ်ယုယုနိုင် ၁၃/တကန(နိုင်)၀၁၂၉၄၀အား ဒေါ်ယုဇနဝင်းဟု ပြောင်းလဲခေါ်ပါရန်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ တောင်ကုတ်-သံတွဲ ၆၆ ကေဗွီ ဓာတ်အားလိုင်း (၃၅)မိုင်နှင့် ကျောက်ဖြူ GT- မဒဲကျွန်း (LNG Project) ၆၆ ကေဗွီဓာတ်အားလိုင်း (၂၈)မိုင်တို့အတွက် လိုအပ်သော ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၈-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၁၁-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်

အမည်ပြောင်း တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ မိဘဂုဏ်ရည်တိုက်၊ အခန်း(Aa-2) နေ မသီသီနိုင်ထွန်း(ခ)မသိမ့်သိမ့်သူ ၁၃/တကန(နိုင်)၂၃၈၈၉၅အား မခင်သန္တာမိုးဟု ပြောင်းလဲခေါ်ပါရန်။

မှန်အရောင်းကိုယ်စားလှယ်ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၃၆) အကြီးစားစက်ရုံ (ကျောက်ဆည်)တွင် ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလမှစ၍ (၇'×၁၀')အရွယ်နှင့် နှစ်မီလီမီတာမှ ၁၀မီလီမီတာအထူရှိသော မှန်အကြည် (Clear Glass) တစ်နှစ်လျှင် ၄၂၇၀၀တန်အား Float Glass Process ဖြင့် စီးပွားဖြစ် ထုတ်လုပ်ရောင်းချတော့မည်ဖြစ်ပါသည်။

၂။ အထက်ပါမှန်အကြည်များအပြင် Deep Process နည်းဖြင့် အောက်ပါတန်ဖိုးမြှင့်မှန်များအားလည်း ထုတ်လုပ်ရောင်းချပေးနိုင်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	(၇'×၁၀')အရွယ်အစားရှိ မှန်အထူ
(က)	လွှာထပ်မှန် (Laminated Glass)	(၄~၁၀) မမ
-	လုံခြုံရေးမှန် (Security Glass)	(၅~၃၀) မမ
-	အန္တရာယ်ကင်းမှန် (Windshield Glass) ကားရှေ့လေကာမှန်	(၅~၃၀) မမ
-	ကျည်ကာမှန် (Bulletproof Glass) ပစ္စတိုကျည်ခံ	(၂၀) မမ
(ခ)	အားဖြည့်မှန် (Tempered Glass)	
-	လေကာမှန် (Side Glass)	(၂~၁၀) မမ
-	အန္တရာယ်ကင်းမှန် (Safety Glass)	(၂~၁၀) မမ
(ဂ)	ကြည့်မှန် (Mirror Glass)	(၄~၁၀) မမ

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ရောင်းချဖြန့်ဖြူးရေးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၃၇၂၊ ၀၆၇-၄၀၈၂၉၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း

အမည်ပြောင်း တောင်ကြီးမြို့၊ ဟော်ကုန်းရပ်၊ မိဘဂုဏ်ရည်တိုက်၊ အခန်း(Aa-2) နေ မောင်တေဇာအောင်(ခ)မောင်တေဇာနိုင်ထွန်း ၁၃/တကန(နိုင်)၂၈၆၄၃၃ အား မောင်တေဇအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မှုခင်းသတင်းနှင့်ကြော်ငြာ

တရားမဝင်သစ်များ သိမ်းဆည်းရမိ

မန်စီ နိုဝင်ဘာ ၈

ကချင်ပြည်နယ် မန်စီမြို့နယ် နမ့်ဟန်ကျေးရွာအနီးတွင် အောက်တိုဘာ ၂၂ ရက်က ကျွန်းသစ်လုံး ၁၅၁ ဒသမ ၅၅၄ တန်၊ ကျွန်းသစ်ခွဲသား ၆ ဒသမ ၃၈၃တန်၊ တမလန်း၊ပိတောက်၊ စကားဝါသစ်လုံး ၁၁၂ ဒသမ ၁၇၃ တန်နှင့် သစ်ခွဲသား ၁၃၁ ဒသမ ၈၄၉ တန် တရားမဝင်သစ်လုံးသစ်ခွဲသား စုစုပေါင်း ၄၀၁ ဒသမ ၉၅၉ တန် သိမ်းဆည်းရမိသည်။

အောက်တိုဘာ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ တမလန်းသစ်ရွေသား ၁ ဒသမ ၆၄၈ တန်၊ ကလေးခရိုင်တွင် အင်၊ တမလန်းခွဲသား ၆ ဒသမ ၂၅၃ တန်၊ အောက်တိုဘာ ၃၀ ရက်တွင် ပုလဲမြို့နယ်၌ ကျွန်းသစ် ၂ ဒသမ ၂၄တန်၊ ကန့်ဘလူမြို့နယ်တွင် ကျွန်းသစ် ၃ ဒသမ ၄၉၅ တန်၊ အင်ခွဲသား ၀ ဒသမ ၉၈၇၄ တန်၊ တရားမဝင်သစ် စုစုပေါင်း ၁၄ ဒသမ ၆၂၄ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည်။

အောက်တိုဘာ ၂၈ ရက်တွင် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ယန်းလုရွာ၌ တရားမဝင် ပိတောက်နှင့် တမလန်းသစ်ခွဲသား ၁၂ ဒသမ ၆၈၇ တန်၊ ကျွန်းခွဲသား ၀ ဒသမ ၂၂၆တန်နှင့် ပိတောက်သစ် ၅ ဒသမ ၉၄၉ တန် ပေါင်း ၆ ဒသမ ၁၇၅ တန်၊ ယာဉ်နှစ်စီးပေါ်မှ စုစုပေါင်း ၁၈ ဒသမ ၈၆၂တန်ကို ဖမ်းဆီးရမိခဲ့သည်။

နိုဝင်ဘာ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင် ၄၅/၅ အနီး၌ ကညင်ခွဲသား ၅ ဒသမ ၁၉၇တန်ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မသင်္ကာဖွယ်တွေ့ရှိသူအား စစ်ဆေးရာမှ ဟန်းဖုန်းခိုးယူကြောင်း ပေါ်ပေါက်

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁)မြို့မရဲစခန်းမှ တပ်ကြပ်ကြီး ဆန်းညွန့်ပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် သက်သေနှင့်အတူ နိုဝင်ဘာ ၅ ရက် ညနေက သပြေကုန်းဈေးရှေ့ ကားလမ်းမကြီးပေါ်တွင် လှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာဖွယ် အမျိုးသားတစ်ဦးကိုတွေ့ရှိရ၍ စစ်ဆေးမေးမြန်းရာ မျိုးကိုကို (၃၀နှစ်) ကျပန်း၊ ရန်ကင်းရပ်ကွက် မုံရွာမြို့နေသူဖြစ်ပြီး ၎င်းနှင့်အတူ တွေ့ရှိရသော i Phone အမျိုးအစား အဖြူရောင်တစ်လုံး (ဆင်းကတ်ပါ)၊ i Pad အဖြူရောင်ဖုန်းတစ်လုံး (ဆင်းကတ်မပါ) Guy Levach စာတန်းပါ အနက်ရောင် ပိုက်ဆံအိတ်တစ်လုံးတို့ကိုတွေ့ရှိရပြီး ပိုင်ဆိုင်ကြောင်း အထောက်အထားပြသ ပြောဆိုနိုင်ခြင်းမရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းပြီး တပ်ကြပ်ကြီးဆန်းညွန့်က တရားလိုပြုလုပ်၍ အမှတ်(၁) မြို့မရဲစခန်းသို့ တိုင်တန်းသောကြောင့် ဒုရဲအုပ်စိုးမြင့်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုကိုရှုပ

ကြိုးတံတားအဆင်းတွင် ယာဉ်ထပ်ဆင့် တိုက်မှုဖြစ်ပွား

ရန်ကုန် နိုဝင်ဘာ ၈

လှိုင်သာယာမြို့နယ် အောင်ဇေယျကြိုးတံတားပေါ်မှ အဆင်းလမ်းအတိုင်းမောင်းနှင်လာသော ယာဉ်မောင်း ဇော်မင်းဦး (၃၄နှစ်) တောင်ဒဂုံတွင် နေထိုင်သူသည် အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီခန့်က တိုယိုအေ့ အစိမ်းရောင် ၃က/--(အနောက်ပိုင်းခရိုင် မထသ ၂၂၄ ယာဉ်လိုင်း)ယာဉ်အား မောင်းနှင်လာစဉ် တပင်ရွှေထီး လမ်းဆုံအရောက်၌ အရှိန်လွန်၍ ၎င်းရှေ့တွင်ရှိသော အောင်ကျော်ထွေး (၃၆နှစ်) ၏ ဆိုက်ကားကို တိုက်မိပြီး ဆက်လက်၍ ကျော်ဟိန်း (၄၁နှစ်) မောင်းနှင်သော လီမိတက် ဆလွန်း (ဖြူ) တက္ကစီယာဉ်နှင့်စည်သူ (၄၂ နှစ်) မောင်းနှင်သော AA/-- -- မီးခိုးရောင် တက္ကစီယာဉ်တို့ကို ထပ်ဆင့်တိုက်မိကာ ရန်နိုင်လင်း (၂၄နှစ်)၏ လက်တွန်းလှည်းကိုလည်း ထပ်မံတိုက်မိသည်။ ဆိုက်ကားနင်းသူ အောင်ကျော်ထွေးမှာ ထိခိုက်ဒဏ်ရာရရှိကာ အင်းစိန်ဆေးရုံ၌ အတွင်းလူနာအဖြစ် ပို့ဆောင်ကုသထားရကြောင်း သိရသည်။

အရေးယူဆောင်ရွက်

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စု (၁၇)က ယာဉ်မောင်းဇော်မင်းဦးကို အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(၁၆၄)

ထော်လာဂျီယာဉ် တိမ်းမှောက်

ပွင့်ဖြူ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီဆည်မြောက် မုန်းမြောင်းမကြီး ရွှေဘိုကျေးရွာအနီး နိုဝင်ဘာ ၆ ရက် နံနက် ၉ နာရီက ထော်လာဂျီယာဉ်အရှိန်လွန်ပြီး ရေမြောင်းအတွင်း တိမ်းမှောက်သွားခဲ့သည်။ ထော်လာဂျီယာဉ်မောင်းမှာ ကုန်းဇောင်းကျေးရွာမှ မောင်နိုင် (၂၇နှစ်)ဖြစ်ပြီး ယာဉ်ပေါ်တွင် နွားနှစ်ကောင်နှင့် နွားထိန်းနှစ်ဦးလိုက်ပါလာခဲ့ရာ ယာဉ်တိမ်းမှောက်သည်နှင့် ယာဉ်မောင်းအပါအဝင် နွားတစ်ကောင်ရေနစ် သေဆုံးသွားခဲ့ပြီး ယာဉ်နောက်လိုက် နွားထိန်းနှစ်ဦးမှာ ရေကူး၍ လွတ်မြောက်သွားခဲ့သည်။

ပွင့်ဖြူ (ခင်မောင်ဌေး)

ပွင့်ဖြူ၌ ဆိုင်ကယ်ချင်းတိုက်၍ လူတစ်ဦးသေဆုံး

ပွင့်ဖြူ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းကုန်းကြီးကျေးရွာ၌ နိုဝင်ဘာ ၆ ရက် နံနက် ၈ နာရီခွဲက ဆိုင်ကယ်နှစ်စီးတိုက်မိပြီး ကျောင်းကုန်းကြီးကျေးရွာမှ ဦးပိုးသိန်း (၇၀ နှစ်)နှင့် ကုန်းဇောင်းကျေးရွာမှ ကိုဟိန်း (၂၃နှစ်) တို့သည် မဲဇလီဆည်မြောက်မုန်းမြောင်းမကြီး ကျောင်းကုန်းကြီးကျေးရွာ ကုန်းအဆင်းတွင် တိုက်မိခဲ့ကြခြင်းဖြစ်ကာ ဦးပိုးသိန်းအား ပွင့်ဖြူဆေးရုံသို့တင်ပို့ခဲ့သော်လည်း သေဆုံးသွားခဲ့သည်။

၎င်းဖြစ်စဉ်ကို ပွင့်ဖြူမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူ (ခင်မောင်ဌေး)

ဓာတ်တိုင်ကိုကားပိ၍ လူနှစ်ဦးဓာတ်လိုက်သေဆုံး

သနပ်ပင် နိုဝင်ဘာ ၈

သနပ်ပင်မြို့ ဘုရားကြီးပိုင်းရပ်ကွက်တွင် အောက်တိုဘာ ၆ ရက် ညနေ ၃ နာရီခန့်က သဲများတင်ဆောင်ထားသည့် "ဖော"ကားတစ်စီးသည် ဒက္ခိဏသာခါဘုရားဝင်းအတွင်းရှိ ဓာတ်တိုင်ကိုဖိမိ၍ ယာဉ်ပေါ်ပါသူနှစ်ဦး ဓာတ်လိုက်သေဆုံးခဲ့မှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

သနပ်ပင်မြို့ ဘုရားကြီးပိုင်းရပ်ကွက်(၂)လမ်းနေ ယာဉ်မောင်း မောင်အာဂ (၁၉ နှစ်)နှင့် ယာဉ်နောက်ပါ မောင်ဖြိုးကျော်ကျော် (၁၅ နှစ်)အောက်စုပိုင်း သနပ်ပင်မြို့နေသူတို့ မောင်းနှင်လာသော သဲများတင်ဆောင်ထားသည့် ကား ၉၄/---- သည် သနပ်ပင်မြို့ ဘုရားကြီးပိုင်းရပ်ကွက်မှ ဒက္ခိဏသာခါဘုရားဝင်းအတွင်းသို့ မောင်းနှင်လာစဉ် လမ်း၏လက်ယာဘက်သို့ မြေကျွံပြီး လမ်းဘေးရေမြောင်းအတွင်းသို့ တိမ်းမှောက်ရာ လမ်းဘေးရှိ သစ်သားဓာတ်တိုင်ကို ဖိမိပြီး သွယ်တန်းထားသော လျှပ်စစ်မီးကြိုးပြတ်ကျ၍ ယာဉ်နောက်လိုက် မောင်ဖြိုးကျော်ကျော် ဓာတ်လိုက်နေသည်ကို ယာဉ်မောင်းမောင်အာဂက သွားရောက်ဆွဲယူရာ နှစ်ဦးစလုံး ဓာတ်လိုက်မှုဖြစ်ပွားခဲ့သည်။

စစ်ဆေး

အဆိုပါ ဓာတ်လိုက်သူနှစ်ဦးအား သနပ်ပင်ဆေးရုံသို့ တင်ပို့ခဲ့ရာ ယာဉ်မောင်း မောင်အာဂနှင့် ယာဉ်နောက်လိုက် မောင်ဖြိုးကျော်ကျော်တို့ ဒဏ်ရာများပြင်းထန်သဖြင့် သေဆုံးခဲ့သဖြင့် သနပ်ပင်ရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲထွဋ်(မင်းရွာ)

ဆေးစိမ်ခြင်ထောင်နှင့် ဆေးပြားများ ထောက်ပံ့လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၄ ရက်က ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းလှူဒါန်းသည့် ဆေးစိမ်ခြင်ထောင်များနှင့် ဆေးပြားများအား ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမာက မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများအား ဆေးစိမ်ခြင်ထောင် အလုံး ၁၀၀ နှင့် ကိုတက်ဆေးပြား ၁၀၄ ပြားတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

ပေးအပ်

ယင်းနောက် ခရိုင်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းမာက မင်္ဂလာဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီအား ဆေးစိမ်ခြင်ထောင် ၁၂လုံး၊ ကိုတက်ဆေးပြား ၁၃ ပြားတို့ကို မြို့နယ်အတွင်းရှိ သဃ်န်းကျွန်းကြီး ကျေးရွာအုပ်စုအတွက် ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ လေ့ကျင့်ရေးဂေါက်ကွင်း ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းပိုင်ဆိုင်သည့် မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိ မြေဧရိယာ ၁၇ဒသမ ၅၀ဧကအတွင်း၌ အလျား ၂၅၀မီတာ၊ အနံ ၁၅၀မီတာ အကျယ်အဝန်းရှိသော လေ့ကျင့်ရေးဂေါက်ကွင်းအား ငှားရမ်းသွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များမှာ ၁၉-၁၁-၂၀၁၃ရက် (အင်္ဂါနေ့) ၁၃:၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဈေးနှုန်းတင်သွင်းလွှာများ စတင်ထုတ်ယူနိုင်မည့်ရက်** - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)

(ခ) **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

ဖုန်း-၀၆၇-၄၀၅၃၄၉၊ ၀၆၇-၄၀၅၄၁၄၊ ၀၆၇-၄၀၅၄၅၁

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၄ယ/၁၇၃၈၄ ယာဉ်လက်ဝယ်ရှိသူ Lucky Saturday Co.,Ltd. မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ယ/၅၂၄၈၆ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန်း ၂/လကန(နိုင်)၀၀၇၇၇၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး(လွိုင်ကော်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် (GSM/WCDMA)အား Optimization ပြုလုပ်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ မိုဘိုင်းဆက်သွယ်ရေးကွန်ရက် (GSM/ WCDMA)အား Optimization ပြုလုပ်မည်ဖြစ်ရာ အဆိုပါလုပ်ငန်းအား ဆောင်ရွက်လိုသည့် ကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ တင်ဒါပုံစံတို့ကို တစ်စုံလျှင် ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ)ဖြင့် ၁၁-၁၁-၂၀၁၃ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော် (ဒက္ခိဏသီရိအိတ်ချိန်းဝင်း)
ဖုန်း-၀၉-၄၄၈၀၀၀၀၂၃

၃။ တင်ဒါတင်သွင်းမည့်သူသည် လုပ်ငန်းစိတ်ဝင်စားကြေးအဖြစ် တင်ဒါတစ်စုံလျှင် ကျပ်သိန်း ၅၀ (ကျပ်သိန်းငါးဆယ်တိတိ)အား ဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက်တင်သွင်းရပါမည်။

၅။ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၉ရက်တွင် ရုံးချိန် ၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၁၅၇၄ Tip Top(TTJ-J2) Jeep (4x2) Ⓛ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်ဇင် ၉/ကပတ(နိုင်)၁၇၇၃၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

စက်မှုဝန်ကြီးဌာန
အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

(က) Multi-Purpose Heating Furnace ၏ P.V.H Program Controller/CP 2000 စစ်ဆေးပြုပြင်လဲလှယ်ခြင်း

(ခ) သံရည်ကျိုအလုပ်ရုံတွင် အသုံးပြုရန် မျဉ်ပုံကြီးသဲ ၁၂၀ ကျင်း ဝယ်ယူခြင်း

၂။ **တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၁-၁၁-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၁၁-၂၀၁၃ ရက်

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)တွင် ၁၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၈၄၃၀၀၀၅၊ ၀၅၄-၂၄၆၇၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့
အမှတ်(၁၄) အကြီးစားစက်ရုံ(သာဂရ)

သဲအင်းဂူ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၁၇ရက်မှ ၂၄ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဇဝနတိက္ခ(မုံရွာ) အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ နိုဝင်ဘာ ၁၆ရက် (စနေနေ့) ညနေ ၅:၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

နယ်သတင်းနှင့်ကြော်ငြာ

လမ်း၊တံတားများအခြေအနေကြည့်ရှုစစ်ဆေး

ပေါက် နိုဝင်ဘာ ၈

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(နေပြည်တော်)မှ အင်ဂျင်နီယာချုပ်(လမ်း)ဦးအုန်းလွင်နှင့် မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်၊ ပခုက္ကူခရိုင် အင်ဂျင်နီယာမှူး ဦးမြင့်သိန်းတို့အဖွဲ့သည် ပခုက္ကူ-ပေါက်-ကျောက်ထု-ကံကြီး-မင်းတပ်လမ်းပိုင်းတွင်ပေါက်မြို့နယ်မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော မူလသစ်သားတံတား ၁၂စင်းအား သံကူကွန်ကရစ်တံတားအဖြစ်ဆောင်ရွက်ခြင်းလုပ်ငန်း၊ကတ္တရာလမ်း၁၂မိုင်ဖြာလုံထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း၊ အထူးစီမံကိန်းအဖွဲ့(၃)မှ ဆောင်ရွက်လျက်ရှိသည့် ရှုခွလေးချောင်း၊ မစမ်းချောင်း၊ နွားလန်တက်ချောင်းတို့တွင်သံကူကွန်ကရစ်တံတားတည်ဆောက်မည့်နေရာများ ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း၁၀၀၀စီဖြင့်ဆောင်ရွက်မည့် အုန်းတောချောင်းတံတား၊ ရေပြာချောင်းတံတားများကို သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများနှင့် ပေါက်-ပခုက္ကူလမ်းပေါ်ရှိ မိုးတွင်းကာလသွားလာရေးခက်ခဲသောကမ္ဘာဖြူချောင်း အပါအဝင် ချောင်းခုနစ်ချောင်း၏အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီးပွင့်လင်းရာသီတွင် ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာမှုအဆင်ပြေစေရန်အတွက် လိုအပ်သောစက်ယန္တရားများဖြင့် ချောင်းတွင်းလမ်းအတက်အဆင်းများကိုအမြန်ဆုံးဆောင်ရွက်သွားရန်စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အုန်းတောတံတားနှင့် ရေပြာတံတားတို့ကို ၂၀၁၃-၂၀၁၄ခုနှစ်တွင်ဆောင်ရွက်ပြီးစီးမှုမရှိပါက ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယင်းလမ်း/တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်-မတူပီလမ်းများကောင်းမွန်ချောမွေ့ပြီး လမ်းပန်းဆက်သွယ်ရေးလွယ်ကူတော့မည်ဖြစ်ကြောင်းတာဝန်ခံမြို့နယ် လက်ထောက်အင်ဂျင်နီယာဦးစိုးမော်၏ပြောကြားချက်အရ သိရသည်။ **အောင်(မန်းတက္ကသိုလ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ရက်နီးကပ်လာပြီဖြစ်ရာ လှုံ့ဆော်ရေးမြေစိုက်ပိုစတာကို နိုဝင်ဘာ၅ရက်က နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် (ပျဉ်းမနား-တောင်ညိုလမ်း)သပြေကုန်းအဝိုင်း၌ ထားရှိထားသည်ကို တွေ့ရစဉ်။

မင်းမင်းလတ် (မန်းတက္ကသိုလ်)

ရောဝတီမြစ်ကူး ပိုလ်မြတ်ထွန်းတံတား ရေလမ်းပြောင်းလဲမည်

ရန်ကုန် နိုဝင်ဘာ ၈

ဧရာဝတီမြစ်ကူးဗိုလ်မြတ်ထွန်းတံတား ရေလမ်းတွင် ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ်ရေလယ်တိုင်အမှတ် ၁၂နှင့် ၁၃အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်၁၁နှင့်၁၂အကြားမှလည်းကောင်း ဖွင့်လှစ်ထားပါသည်။ ယခုအခါ ရေလမ်းကြောင်း အခြေအနေအရ ရေယာဉ်များဖြတ်သန်းရန် ရေလမ်းကြောင်းကို နိုဝင်ဘာ ၇ရက်မှစ၍ အစုန်လမ်းအဖြစ်ရေလယ်တိုင်အမှတ်၁၃နှင့်၁၄အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် ၁၂နှင့်၁၃အကြားမှ လည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၃၆၀ပေရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်ထက် ၅၅ ပေရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ညအခါမီးနီထွန်းပြသထားမည်။

တံတား ရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင်၁၅ပေခန့်အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင်လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးချက်ထုတ်ပြန်ထားကြောင်းသိရသည်။**(သတင်းစဉ်)**

ဧည့်လမ်းညွှန်(အခြေခံ)သင်တန်း ဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဝင်ရောက်ခဲ့သဖြင့် အချို့ဒေသများတွင် ဧည့်လမ်းညွှန်များ မလုံလောက်သည့်ဖြစ်စဉ်များ မပေါ်ပေါက်စေရန်နှင့် အရည်အချင်းပြည့်မီသော ဧည့်လမ်းညွှန်ကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဧည့်လမ်းညွှန်(အခြေခံ) သင်တန်းအမှတ်စဉ်(၄၄)ကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဖွင့်လှစ်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဝင်ခွင့်လျှောက်လွှာများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ နိုဝင်ဘာ ၁၅ရက်အထိ ရန်ကုန်မြို့ အမှတ်(၄၅၈/၄၆၀)၊ မဟာဗန္ဓုလလမ်းနှင့် ၃၁ လမ်းထောင့်ရှိ ရသာကွန်ဒို(ဒုတိယထပ်) ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၌ တင်သွင်းနိုင်သည်။ သင်တန်းသို့ တက်ရောက်လိုသူများသည် အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ (သို့မဟုတ်)တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်ကြောင်းနှင့် လျှောက်လွှာတင်သွင်းရာတွင်ပါရှိရမည့်အချက်အလက်များနှင့်ပတ်သက်၍ ဖုန်း-၃၇၃၇၉၂သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နယ်မြေလုံခြုံရေးအရ ခေတ္တတိမ်းရှောင်မိသားစုဝင်များအား ထောက်ပံ့ငွေနှင့်ပစ္စည်း ဗန်းမော်မြို့၌ ပေးအပ်

မန်စီ နိုဝင်ဘာ ၈

ကချင်ပြည်နယ်အတွင်းနယ်မြေ လုံခြုံရေးအခြေအနေကြောင့် မန်စီမြို့နယ်၊ မုန်းဒိန်ပါကျေးရွာမှ ခေတ္တပြောင်းရွှေ့ မိသားစု ၁၄၀၊ လူဦးရေ ၅၄၇ဦးတို့အတွက်လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှကယ်ဆယ်ရေးပစ္စည်းရှစ်မျိုး တန်ဖိုး၂၂၀၉၃၄၀ကျပ်၊ ဗန်းမော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျပ်ငွေ ၇၉၀၀၀၀၊မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ကချင်ပြည်နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ကယ်ဆယ်ရေးပစ္စည်း၊ ကျောင်းသားကျောင်းသူသုံးပစ္စည်းအပါ ငါးမျိုးတန်ဖိုး ၂၀၆၆၇၅၀၀ကျပ်၊ စုစုပေါင်းကျပ် ၂၃၆၆၆၈၄၀ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းနှင့် ငွေသားများကို နိုဝင်ဘာ ၄ရက် နံနက် ၉နာရီက ဗန်းမော်မြို့၊ စိန်ပက်ထရစ်၊ ထွယ်ဆန်၊ ဖန်ခါးကုန်းစခန်းနှင့် မန်စီမြို့ နှစ်ခြင်းစခန်း၌ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ကျိုခါး-ကလေး ခါတော်မှီခရီးသည် ပို့ဆောင်ရေး ယာဉ်လိုင်းသစ်ပြေးဆွဲ

ကျိုခါး နိုဝင်ဘာ ၈

ချင်းပြည်နယ်အတွင်း ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးလွယ်ကူချောမွေ့စေရေးအတွက် ကျိုခါး-ကလေး အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး လူစီးသီးသန့်ခရီးစဉ်ခါတော်မှီလိုင်းကား ဂိတ်ဖွင့်ပွဲကို နိုဝင်ဘာ ၂ရက် နံနက် ၇နာရီက ကျိုခါးမြို့ အမှတ် (၁)ရပ်ကွက်ရှိ ဦးထောင်းခင်းမုန် နေအိမ်ရှေ့ကွင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးမင်းမင်းစိုးက အမှာစကားပြောကြားပြီး လိုင်းကားသစ်ပြေးဆွဲရေးအဖွဲ့မှ ခရီးစဉ်ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းတင်ပြသည်။

နေစု(ချင်းရိုးမ)

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသောလူနာများအားကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြု ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁-၁၁-၂၀၁၃ ရက် (သောကြာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၇

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၇၈၂အမည်ပေါက် ဦးကြွက် TKA -၀၀၈၃၈၇၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်မြင့် ၁၂/သလန(နိုင်)၀၅၈၅၆၁က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့်အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေ၊ နိုင်ငံခြားငွေ(Euro)ဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမျိုးအမည်
(က)	၃၀၅/မမ/ပတ(CE) (Kyat)	[illegible]
(ခ)	15(T)8/MR(E) (Euro)	Raw Material for Concrete Sleeper Production(4 Items) 3mm Ø x 3 Ply HT Steel Strand(957) M.Ton, Cast Iron Inserts (700000) Nos, Fibre Pad (500000) Nos, Nylon Liners (Inner & Outer) (1200000) Nos များ ဝယ်ယူရန်

တင်ဒါပိတ်ရက်နှင့် အချိန်စဉ်(က) - [illegible]
တင်ဒါပိတ်ရက်နှင့် အချိန်စဉ်(ခ) - [illegible]

၂။ [illegible]

[illegible] ဖုန်း -01- 291985, 294352, 291994

ရခိုင်သဟာယအသင်း(ရန်ကုန်)
တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လျှောက်ထားနိုင်

ရခိုင်သဟာယအသင်း(ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသားများအနက်မှ စနစ်တကျစိစစ်ရွေးချယ်၍ နှစ်စဉ်ပညာသင်ထောက်ပံ့ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အမှန်တကယ်လိုအပ်သော ကျောင်းသားများအနေဖြင့် ရခိုင်သဟာသအသင်း(ရန်ကုန်)တက္ကသိုလ်ပညာထောက်ပံ့ဆု လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ မြို့နယ်များရှိ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်း၏မြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ် ၄၈၁၊ ဒုတိယထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေအခွန်လွတ်ဈေးအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်ရှိ ရခိုင်သဟာယအသင်း(ရန်ကုန်)ရုံးခန်းတို့၌ ရယူနိုင်ပြီး ပြည့်စုံစွာရေးသားဖြည့်စွက်ထားသောလျှောက်လွှာများကို ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ပေးပို့ရမည်ဖြစ်ပါသည်။

တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးဘသိန်း ဖုန်း-၀၉-၅၁၆၂၁၈၇၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဒေါ်လှလှရီ ဖုန်း-၀၉-၄၂၀၀၁၀၀၂၀၊ Capt.Dr. စိုးဟန် ဖုန်း-၀၉-၅၀၂၉၇၇၀၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးထွန်းဝင်း ဖုန်း-၀၉-၅၁၃၉၀၈၂၊ ဦးကျော်ဇောလှ ဖုန်း-၀၉-၇၃၂၅၇၆၂၈၊ ဦးကျော်ဝင်းခိုင် ဖုန်း-၀၉-၅၁၅၇၀၄၈နှင့် အသင်းရုံးခန်း ဖုန်း-၀၁-၄၃၀၁၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ယာဉ်မှတ်တင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၈၁၉၆၀ ဟွန်ဒါဝေ့(ဖ်) NF-110 ယာဉ်လက်ဝယ်ရှိသူ ဦးမြသန်း ၁၀/မလမ(နိုင်)၁၆၀၇၅၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄ယ/၃၀၃၅ HONDA-C100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သက်နှင်းရွှေ ၈/မကန(နိုင်)၁၃၁၆၁၁က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁၀ယ/၈၁၃၁၆ Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာရွှေ ၈/မကန(နိုင်)၁၅၁၅၇၅က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)

ဌာနဆိုင်ရာနှင့်စီးပွားရေးကြော်ငြာ

အိတ်ဖွင့်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနပိုင် အောက်ဖော်ပြပါ အဆောက်အအုံတစ်လုံး၊ အခန်းတစ်ခန်း၊ မြေတစ်ကွက်၊ သိုလှောင်ရုံ ၁၉ လုံးအား ဈေးပြိုင်တင်ဒါစနစ်ဖြင့် တစ်နှစ်သက်တမ်း တစ်လတစ်ကြိမ်စာချုပ်ဖြင့် ငှားရမ်းပေးသွားမည်ဖြစ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးမှ မော်တော်ယာဉ်စတိုအဆောက်အအုံတစ်လုံး၊ သိုလှောင်ရုံတစ်လုံး
(၁) (၁၂၀'×၈၀'×၃၀') (အင်္ဂတေ၊ သွပ်၊ အင်္ဂတေ) မော်တော်ယာဉ်စတို၊ အလုံမြို့နယ်၊ အမှတ် ၁၀၄/၁၀၈၊ ကမ်းနားလမ်း၊ မော်တော်ယာဉ်ဝင်း
(၂) (၈၀'×၃၄'×၁၄') (သွပ်၊ သွပ်၊ ကွန်)၊ (သိုရုံ-၉)၊ (ဒေါပုံ၊ စတီးဝင်း)

(ခ) ဧရာဝတီတိုင်းဒေသကြီးမှ အခန်းတစ်ခန်း၊ မြေတစ်ကွက်၊ သိုလှောင်ရုံသုံးလုံး
(၁) ပဆ-၇၇၀၆၀/၁၂၊ ဘိုကလေးမြို့၊ ၅ ရပ်ကွက်၊ ကမ်းနားလမ်း
(၂) မြေ ၀ ဒသမ ၀၁၈၈ဧက၊ မြောင်းမြမြို့
(၃) (၈၀'×၆၀'×၁၄') (သွပ်၊ သွပ်၊ ကွန်)(မြ-၂၆)၊ (ပုသိမ်မြို့၊ဆပ္ပလိုင်းကုန်း)
(၄) (၆၀'×၃၅'×၁၂') (သွပ်၊ သွပ်၊ ကွန်)(မြ-၃၀)၊ (ပုသိမ်မြို့၊ဆပ္ပလိုင်းကုန်း)
(၅) (၁၁၀'×၅၀'×၁၅') (ဖိုင်ဘာ၊ အုတ်၊ ကွန်)(မြ-၁၉)၊ (ပုသိမ်မြို့၊ ကျောက်ငူ)

(ဂ) မကွေးတိုင်းဒေသကြီးမှ သိုလှောင်ရုံ ရှစ်လုံး
(၁) (၁၂၀'×၅၀'×၁၅') (သွပ်၊ သွပ်၊ ကွန်) (မြ-၁) (ချောက်၊ အုတ်ဖိုရပ်)
(၂) (၇၂'×၃၄'×၁၂') (သွပ်၊ သွပ်၊ ကွန်) (မြ-၃) (ချောက်၊ အုတ်ဖိုရပ်)
(၃) (၇၂'×၃၄'×၁၂') (သွပ်၊ သွပ်၊ ကွန်) (မြ-၄) (ချောက်၊ အုတ်ဖိုရပ်)
(၄) (၇၂'×၃၄'×၁၂') (သွပ်၊ သွပ်၊ ကွန်) (မြ-၅) (ချောက်၊ အုတ်ဖိုရပ်)
(၅) (၁၀၀'×၄၀'×၁၂') (သွပ်၊ သွပ်၊ ကွန်) (မြ-၅) (ပခုက္ကူ၊ ၆ ရပ်ကွက်)
(၆) (၁၀၀'×၄၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) (မြ-၁၀) (ပခုက္ကူ၊ ၆ ရပ်ကွက်)
(၇) (၁၀၀'×၄၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) (မြ-၁၁) (ပခုက္ကူ၊ ၆ ရပ်ကွက်)
(၈) (၆၀'×၃၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) (မြ-၁၂) (ပခုက္ကူ၊ ၆ ရပ်ကွက်)

(ဃ) ရှမ်းပြည်နယ်(တောင်ပိုင်း)မှ သိုလှောင်ရုံ သုံးလုံး
(၁) (၈၀'×၄၀'×၁၂') (သွပ်၊ အုတ်၊ ကွန်) (သိုရုံ-၁) (ရွှေညောင်မြို့)
(၂) (၁၂၀'×၅၀'×၁၅') (သွပ်၊ သွပ်၊ ကွန်) (သိုရုံ-၃) (တောင်ကြီး၊ ရေအေးကွင်း)
(၃) (၁၂၀'×၅၀'×၁၅') (သွပ်၊ သွပ်၊ ကွန်) (သိုရုံ-၄) (တောင်ကြီး၊ ရေအေးကွင်း)

(င) ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိုလှောင်ရုံနှစ်လုံး
(၁) (၁၀၀'×၄၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) (မြ-၄) (မူဆယ်၊ မန့်ဝိန်းရပ်)
(၂) (၁၀၀'×၄၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) (မြ-၆) (မူဆယ်၊ မန့်ဝိန်းရပ်)

(စ) တနင်္သာရီတိုင်းဒေသကြီးမှ သိုလှောင်ရုံနှစ်လုံး
(၁) (၁၂၀'×၅၀'×၁၆') (သွပ်၊ သွပ်၊ ကွန်) (သိုရုံ-၂) (ထားဝယ်မြို့နယ်၊ ဗျောတော)
(၂) (၁၀၀'×၈၀'×၁၅') (သွပ်၊ အုတ်၊ ကွန်) (သိုရုံ-၃) (ထားဝယ်မြို့နယ်၊ ဗျောတော)

(ဆ) တင်ဒါပုံစံရောင်းချမည့်ရက် -၁၁-၁၁-၂၀၁၃ရက်မှ ၂၆-၁၁-၂၀၁၃ရက်အထိ
အချိန် -နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ဇ) တင်ဒါစည်းကမ်းချက်များ ရှင်းလင်းခြင်း -၂၈-၁၁-၂၀၁၃ ရက် ၁၂း၀၀ နာရီ
(ဈ) တင်ဒါပိတ်မည့်ရက်၊အချိန် -၂၈-၁၁-၂၀၁၃ရက် မွန်းလွဲ ၁၃း၀၀နာရီ
(ည) တင်ဒါပုံစံရောင်းချမည့်နေရာ -ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊စီမံရေးရာဌာနခွဲ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ရန်ကုန်မြို့ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မကွေးမြို့ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ထားဝယ်မြို့ ပြည်နယ်ဦးစီးမှူးရုံး၊ တောင်ကြီး တွဲဖက်ပြည်နယ်ဦးစီးမှူးရုံး၊ လားရှိုးမြို့
(ဋ) Deposit ပေးသွင်းရမည့်နေရာ- Deposit ငွေကို တင်ဒါပုံစံတစ်စောင်လျှင် ရန်ကုန်တိုင်းဒေသကြီးမှ ကျပ် ၁၅ သိန်းနှုန်းဖြင့်လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ဒါပုံစံတစ်စောင်လျှင် ကျပ်ငါးသိန်းဖြင့်လည်းကောင်း ဖော်ပြပါ မြန်မာ့စီးပွားရေးဘဏ်များတွင် (P.O)cheque ဖြင့် ဝယ်ယူပေးသွင်းရမည်ဖြစ်ပါသည်။ (ရန်ကုန်မြို့ ဘဏ်ခွဲ-၅၊ နေပြည်တော်၊ ပုသိမ်မြို့၊မကွေးမြို့၊ တောင်ကြီး၊ လားရှိုးမြို့၊ ထားဝယ်)
(ဌ) စာရင်းပေးသွင်းရမည့်နေရာ -ရုံးအမှတ် ၅၂၊ နေပြည်တော်
(ဍ) တင်ဒါတင်သွင်းရမည့်နေရာ -စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၃၊ နေပြည်တော်

၂။ အဆိုပါအဆောက်အအုံတစ်လုံး၊ အခန်းတစ်ခန်း၊ မြေတစ်ကွက်၊ သိုလှောင်ရုံ ၁၉လုံးတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၁-၂၂၂၂၄၈၊ ၀၁-၂၁၆၄၂၀၊ ၀၄၂-၂၄၅၂၀၊ ၂၄၅၂၃၊ ၀၆၃-၂၃၁၉၇၊ ၀၈၁-၂၁၂၁၆၂၇၊ ၀၈၂-၂၃၀၃၉၊ ၀၅၉-၂၁၀၆၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၁/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-083 (2013-2014)	Spare for CAT-D333C Lighting Set Engine	(11) Items	US$
(၂)	IFB-084 (2013-2014)	Spare for Main Air Compressor, Oxygen Generator and Oxygen Compressor	(10) Items	US$
(၃)	IFB-085 (2013-2014)	Roller Chains and Sprockets	(18) Items	US$
(၄)	IFB-086 (2013-2014)	27/8" x 6.5 lb/ft J55 EUE Tubing	(5000) Mtr	US$
(၅)	IFB-087 (2013-2014)	Bearings and Seals for PZ-7 Rig Pump Ex NAT 55/1 Drilling Rig	(6) Items	US$
(၆)	IFB-088 (2013-2014)	Hydraulic Cathead and Hydraulic Cylinder	(5) Items	US$
(၇)	IFB-089 (2013-2014)	Skid Mounted Single Pump Cementing Unit (With Engine Driven)	(1) Unit	US$
(၈)	IFB-090 (2013-2014)	Welding Machine (400AMP) Mobile Type Diesel Engine Driven	(3) Units	US$
(၉)	IFB-091 (2013-2014)	Portable Welding Machine & Accessories (200AMP DC)	(4) Units	US$
(၁၀)	IFB-092 (2013-2014)	BOP Control Accumulator Unit	(1) Set	US$
(၁၁)	IFB-093 (2013-2014)	6x8 R Mixing Pump	(3) Sets	US$
(၁၂)	IFB-094 (2013-2014)	Stirred Fluid Loss Cell (Model-7120)	(1) Set	US$
(၁၃)	DMP/L-040(2013-2014)	Hydraulic Oil Light (Hol)	(270)Drums	Kyat
(၁၄)	DMP/L-041(2013-2014)	Gear Oil (PGO-140EP)(GL-5)	(300)Drums	Kyat
(၁၅)	DMP/L-042(2013-2014)	5KW Diesel Engine Driven Generating Set(3) Sets & 5HP 3Phase Induction Motor (1) No	(2)Items	Kyat
(၁၆)	DMP/L-043(2013-2014)	Telephone Cable(3)Items & Cordless Telephone	(1)Lot	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၁၂-၂၀၁၃ ရက် ရုံးချိန်အတွင်း ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ လူနေရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၁၀၄၆/ခ၊ ဧရိယာစတုရန်းပေ ၁၈၀၀၊ မြေအမျိုးအစား နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် ၁၀၄၆(ခ)ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်သန်းသန်းဆွေ ၁၂/ကတတ(နိုင်)၀၀၈၁၇၆အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အရ ဒေါ်အိအိဇင် ၁၂/သဃက(နိုင်)၀၃၄၂၈၀က မိမိတရားဝင်ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၃)၊ နဝဒေးလမ်း၊ အကျယ်အဝန်းပေ(၄၀×၆၀)အသီးသီးရှိ ပါမစ်မြေ မြေကွက်အမှတ်(၁၅)နှင့်(၁၆)တို့အား မူလအမည်ပေါက်သူများထံမှ ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းဝင်း ၈/ခမန(နိုင်)၀၉၅၄၁၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။
သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်ဝင်း
B.A(Eco)H.G.P,D.B.L,D.I.L
အထက်တန်းရှေ့နေ
အမှတ်(၉၃၉)၊ ဆည်မြောင်းလမ်း၊ (၄၅)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၈၆၂၆၈၃၈

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ လေးကျွန်းကြာခိုင်လမ်း၊ အိမ်အမှတ် ၃၉၇၊ အလျားပေ၄၀×အနံပေ၆၀၊ နှစ် ၆၀ဂရန်မြေရှိ မြေနှင့်အိမ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံလက်ရောက်ပိုင်ဆိုင်နေထိုင်သူဖြစ်သော ဒေါ်ပြုံးသက်နွယ်(ဘ)ဦးကျော်မြင့် ၁၂/ရကန(နိုင်)၀၅၂၆၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုနေ့ရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအာကာလင်း
အထက်တန်းရှေ့နေ (လိုင်စင်အမှတ်-၂၅၁၃၄)
အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၉၇၈၂၆၅၇

ကန့်ကွက်နိုင်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အောက်ကျင်းရပ်ကွက်၊ အကွက်အမှတ် ၃၊ ဦးပိုင်အမှတ် (၁၃/က)၊ မြေချိန်ဧရိယာ ၀ဒသမ၁၃၅ဧကရှိ (အငှားဂရန်)မြို့မြေပေါ်ရှိ မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ မြို့ရှောင်လမ်း၊ အမှတ်(၆)ဟုခေါ်တွင်သည့် မြေကွက်အတွင်းမှ တစ်စိတ်တစ်ဒေသဖြစ်သော ဝက်ကြီးလမ်း၊ မျက်နှာစာ (၄၂ပေ×ပေ၄၀×ပေ၄၀×ပေ၅၀)အကျယ်အဝန်းရှိသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုးနိုင် ပါ(၃)ဦးထံမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်ကိုယ်တိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ၂၄-၁၀-၂၀၁၃ရက်တွင် ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးယူနိုင်သည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးကျော်သူဆွေ (ဘ)ဦးခင်မောင်ညို ၁၂/စခန(နိုင်)၀၀၇၁၇၁
အခန်း (၉)၊ တိုက် (၃၁)၊ ဦးဝိစာရအိမ်ရာ၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၁၀၉၇ အမည်ပေါက် ဦးခင်ဝင်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းနီ ၁၂/လသန(နိုင်)၀၀၉၁၇၂က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၁၃၈၅ အမည်ပေါက် ဦးကျင်လှ၊ KTN -၀၂၀၈၅၀ ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးခင်မောင်ဝင်း ၁၂/ကတန(နိုင်)၀၈၂၂၈၃က မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ (၂)မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အသိပေးကြေညာခြင်း

ကျွန်တော် ဦးသက်ဦးဇင် ၁၂/မဂဒ(နိုင်)၀၁၈၉၄၂သည် ဂီတအစည်းရုံးသို့ နိုင်ငံတော်မှချပေးသော အကွက်ကြီး(၆၁) မြေကွက်နံပါတ်-၁၉၀၈၊ ၁၉၀၉ကို ရရှိခဲ့ပြီး ပါမစ်ပြုလုပ်ရန် သက်ဆိုင်ရာဌာနသို့ စုံစမ်းဆက်သွယ်ရာ အခြားသူတစ်ဦးမှ ၎င်းမြေကွက်နှစ်ကွက်ကို ပါမစ်ထုတ်ယူသွားကြောင်း သိရှိရပါသဖြင့် ၎င်းမြေကွက်ကို ကိုင်ဆောင်ထားသူက ယခုကြေညာသည့်ရက်မှ ၁၄ရက်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အကြောင်းကြားပါရန်နှင့် အကြောင်းကြားမှုမရှိပါက ပိုင်ရှင်ဖြစ်သူ ဦးသက်ဦးဇင်မှ နှစ် ၆၀ မြေဂရန်လျှောက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသက်ဦးဇင်
ဖုန်း-၀၉-၃၁၁၅၄၂၈၃
၀၉-၇၃၂၁၄၄၇၈
၀၉-၄၃၀၄၀၇၃၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၁၁၉၂၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေချပါမစ်အမည်ပေါက်သူ ဦးသောင်းညွှန့် ၃/ဘအန(နိုင်)၀၁၃၅၆၁ထံမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဒေါ်ပြုံးပြုံးရီ ၁၂/ရကန(နိုင်)၀၅၃၃၅၃ထံမှ ဝယ်ယူရန်အတွက် အရောင်းတန်ဖိုး၏ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများက ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားမူရင်းစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို တရားဝင် ပြီးဆုံးသည်အထိ ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခိုင်ဇော်လင်း ၁၀/မလမ(နိုင်)၁၈၇၃၁၉
ဖုန်း-၀၉-၅၃၂၁၄၀၄

အထူးကျေးဇူးတင်ရှိပါကြောင်း

ကျွန်တော် ကျွန်မတို့၏ မင်္ဂလာဧည့်ခံပွဲတွင် မအားမလပ်သည့်ကြားမှ အချိန်ယူပြီး ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး၊ ဒုတိယဗိုလ်မှူးကြီး ဝုန်ဆွမ်ထန်(ပါမောက္ခ၊ စိတ်ကျန်းမာရေးသုနာပြုစုမှုဌာန၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ဆိုင်ရာ ပညာတက္ကသိုလ်၊ မင်္ဂလာဒုံ)နှင့်ဇနီး၊ မန္တလေး အထွေထွေဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းနှင့်မိသားစု၊ တပ်ရင်းမှူးဒုတိယဗိုလ်မှူးကြီး ဇော်မင်းမင်းထွန်းနှင့်ဇနီး၊ မိဘဆွေမျိုးများနှင့်မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူအားလုံး အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **မောင်မောင်ချင်းနှင့် နော်တင်တင်ဆိုင်**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၁၉ လမ်း၊ တိုက်အမှတ် ၃၁၊ အကျယ်အဝန်းပေ(၁၅×၄၀)ခန့်ရှိ မြေညီထပ်(တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် ညာဘက်ခြမ်း) တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော ဦးမောင်ဇုရ်ဟာဆောင်း AK-၂၂၉၄၆နှင့်ဦးဆွေယောအာလင်း MDW-၂၄၄၂၇၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤနို့တစ်စာထုတ်သည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောစိုင်းဦး (စဉ်-၄၁၈၀၁)
ဥပဒေဘွဲ့ LL.B အထက်တန်းရှေ့နေ
အမှတ် G-1၊ ကန်တော်ကလေးလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၆၀၄၅၊ ၃၉၄၀၈၀

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ မြေတိုင်းအမှတ် (၅၂)၊ မြေကွက်အမှတ် (၂၀)၊ အောဘီ ၁၊ အိမ်အမှတ်(၁၂၇)၊ တတိယထပ်နေ ဦးခင်မောင်တာ ၁၂/ဗဟန(နိုင်)၀၃၅၁၄၀နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ အုတ်လမ်း၊ မြေတိုင်းအမှတ် ၅၂၊ မြေကွက်အမှတ် (၂၀)၊ အောဘီ ၁၊ အိမ်အမှတ် (၁၂၇)နေ ဒေါ်မေသန်း၏သားသမီးများဖြစ်ကြသော ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ညဏ် ၁၂/ဗဟန(နိုင်)၀၃၉၄၀၁၊ ဦးခင်မောင်ကြီး ၁၂/ဗဟန(နိုင်) ၀၃၈၁၃၇၊ ဒေါ်ခင်ဖုန်းတင့် ၁၂/ဗဟန(နိုင်)၀၃၇၈၈၉၊ ဦးခင်မောင်ပိုင် ၁၂/ဗဟန (နိုင်)၀၁၈၇၇၅၊ ဦးမင်းဇော် ၁၂/ဗဟန(နိုင်)၀၃၇၂၅၆ ငါးဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေပေါ်တွင် မြေရှင် မိခင်ဒေါ်မေသန်းနှင့် မြတ်ဆုမွန်ကန်ထရိုက်တိုက် ဆောက်လုပ်ရေးတို့နှစ်ဦးသဘောတူ ခြောက်ထပ်တိုက်တစ်ခြမ်းပေးတစ်ခြမ်းယူစနစ်ဖြင့် ဆောက်လုပ်ခဲ့ရာ ခေါင်းရင်းခန်းကို မြေရှင်၊ ခြေရင်းခန်းကို ကန်ထရိုက်တို့မှ ရယူခဲ့ပါသည်။

တိုက်ခန်းပြီးစီးသွားသည့်အခါ မြေညီထပ်ကို မိခင်ဒေါ်မေသန်းမှရယူပြီး သားငါးဦးအား ပထမထပ်ကို ဦးခင်မောင်ကြီး၊ ဒုတိယထပ်ကို ဦးအောင်ညဏ်၊ တတိယထပ်ကို ဦးခင်မောင်တာ၊ စတုတ္ထထပ်ကို ဦးခင်မောင်ပိုင်၊ ပဉ္စမထပ်ကို ဦးမင်းဇော်တို့အား မိခင်မှလက်ရောက်ပေးအပ်သဖြင့် ယနေ့ထိတိုင်နေထိုင်ကြပါသည်။

မိခင် ဒေါ်မေသန်းမှာ ၂၀၁၂ခုနှစ်က ကွယ်လွန်ခဲ့ပြီး မိခင်ပိုင်မြေညီထပ်အခန်းသော့နှင့် မိခင်အမည်ပေါက်မြေဂရန်၊ တိုက်ခန်းနှင့်ပတ်သက်သော စာချုပ်စာတမ်းများအားလုံးတို့ကို လူကြီးမင်းလက်ဝယ်၌ သိမ်းဆည်းထားသည်ဟု သိရပါသည်။ ဖော်ပြပါမြေနှင့် မြေညီထပ်တိုက်ခန်းကို မိခင် ဒေါ်မေသန်း၏သားသမီး ခြောက်ဦးတို့ကသာ အမွေဆိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေနှင့်မိခင် ဒေါ်မေသန်းပိုင်မြေညီထပ်တိုက်ခန်းနှင့်ပတ်သက်၍ မိခင် မကွယ်လွန်မီကတည်းကပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ဌားရမ်း၊ လဲလှယ်၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ထားခြင်းမရှိခဲ့ပါ။ အကယ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ငါးဦး၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ဌားရမ်း၊ လဲလှယ်၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဝင်း LL.B, D.B.L, D.M.L	**ဒေါ်ခင်ခင်အေး B.Sc, R.L**
(စဉ်-၅၁၂၁)	**(စဉ်-၄၂၈၂)**
ဖုန်း-၀၉-၅၁၈၈၇၉၂	**ဖုန်း-၀၉-၅၀၄၇၄၇၉**

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၉/၁၁၊ အခန်း (၁၀၂/စီ)၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ [illegible] တိုက်အမှတ်(၇)၊ အခန်း(၁၀၄)၊ အကျယ်အဝန်း (၁၅ပေ × ၅၅ပေ) [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

LL.B, D.B.L, D.I.L, Dip.CA, WIPO   LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ပြည်တော်သာရပ်၊ လူနေရပ်ကွက်အမှတ်(၃)၊ ဦးကြီးခမ်းတောင်၊ မြေကွက်အမှတ်(၆၃)၊ မြေဧရိယာ ၀ဒသမ၁၀၄ဧကရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အမှတ်(ပ/၃၁၉)၊ ဂုဏ်ထူးလမ်း၊ ပြည်တော်သာရပ်ဟု ခေါ်တွင်သော လူနေအိမ်တစ်လုံး၊ ဆိုင်ခန်းတစ်ခန်းအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တောင်ကြီးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉၉၈ခုနှစ်တွင်ထုတ်ပေးသော နှစ် ၃၀မြေငှားဂရန်အမှတ်(၃၇၃)အရ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်လက်ရှိထားခံစားလျက်ရှိပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံအဆိုပြုလာသူ ဒေါ်ကျန် NYHE-၀၄၄၇၂၉၊ ၁၃/တကန(နိုင်)၀၁၂၃၀၈ (ဘ)ဦးပိန်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ တွယ်ကပ်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တရားဝင်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲသော်
LL.B,D.B.L,DL-WIPO (Geneva)
အထက်တန်းရှေ့နေ (စဉ်-၂၄၀၃၈)
အမှတ်(၂၇/အေ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၇၃၄၂၉၊ ၀၉-၃၁၅၇၅၃၂၄

အမည်မှန်

ပေါက်တောမြို့၊ ဦးအောင်လှထွန်း၏သမီး မစမ်းစမ်းအောင် ၁၁/ပတန(နိုင်)၀၅၇၅၃၇၏ အမည်မှန်မှာ မစန်းစန်းအောင် ဖြစ်ပါကြောင်း။ **မစန်းစန်းအောင်**

ရန်ကုန်မြို့၊ မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တန်ဆောင်မုန်းတရားစခန်း

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်သော ဓမ္မကထိက ဆရာဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်းနှင့် ဆရာဦးသိန်းဆွေ(ရန်ကုန်)တို့က ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော်များဟောပြောပြသလျက် (၁၀၉)ကြိမ်မြောက် တန်ဆောင်မုန်းတရားစခန်းကို တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ မာဃဓမ္မာရုံတော်ကြီးတွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်ရောက်လိုသူများ ၂၄-၁၁-၂၀၁၃ရက် ညနေ ၅း၃၀နာရီထက် နောက်မကျဘဲ အရောက်လာကြရပါမည်။

ကိုယ်ပိုင်ရိပ်သာကို ၂၀၁၃ခုနှစ် ဇူလိုင်လတွင် ဆောက်လုပ်နေရာ ဒုတိယထပ်သို့ ရောက်ရှိပြီဖြစ်ပါ၍ ဆောက်လုပ်ဆဲကာလ အင်တိုက်အားတိုက် ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အသေးစိတ်သိလိုသူများနှင့် လှူဒါန်းလိုသူများ ဦးချစ်ရင် (နာယက) ဖုန်း-၀၉-၅၀၅၂၁၁၅၊ ဦးသိန်းစိန် (နာယက) ဖုန်း-၀၉-၇၃၀၀၀၃၉၃၊ ဦးမောင်အုန်း (ဓမ္မကထိက) ဖုန်း-၀၉-၄၂၁၀၁၆၃၅၁၊ ဦးခင်မောင်ရီ (ဓမ္မကထိက)ဖုန်း-၀၉-၇၃၀၆၅၆၈၅၊ ဦးသိန်းဆွေ (ဓမ္မကထိက) ဖုန်း-၀၉-၅၀၆၃၁၈၄၊ ဦးမြသောင်း (ဥက္ကဋ္ဌ) ဖုန်း-၂၉၂၀၅၀၊ ဦးညွန့်လှိုင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၄၆၈၃၈၊ ဦးသန်းလွင် (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၀၀၁၂၉၊ ဦးစိန်ဝင်း (အတွင်းရေးမှူး) ဖုန်း-၀၉-၄၉၃၂၆၅၉၃၊ ဦးစိုးဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၅၆၄၇၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥပဒေကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

B.A(Law), LL.B 7th Batch

(၁၉၆၉-၁၉၇၄)ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို လာမည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၀၀နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်ရှိ M3 စားသောက်ဆိုင်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အောက်ပါသူငယ်ချင်းများထံ အမြန်ဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

အလှူငွေများကိုလည်း ကျောက်တံတားမြို့နယ်၊ YOMA BANK ငွေစာရင်းအမှတ် ၀၂၀-၃၃-၅၀၀၈၁၆-၃ သို့လည်း ပေးပို့လှူဒါန်းနိုင်ကြပါသည်။

ဦးကျော်ပိုင်	ဖုန်း-၀၉-၅၁၆၉၁၆၄	ဦးစိန်လေး	ဖုန်း-၀၉-၅၀၈၁၄၆၀
ဦးတင်ဝင်းအောင်	ဖုန်း-၀၉-၇၃၂၀၈၉၈၁	ဦးကျော်စိုး	ဖုန်း-၀၉-၅၁၈၈၃၀၈
ဦးထွန်းရှိန်(ဆန်နီ)	ဖုန်း-၀၉-၅၀၃၃၂၉၄	ဦးရီဝင်း	ဖုန်း-၀၉-၅၁၅၃၉၄၀
ဒေါ်မော်မော်အေး	ဖုန်း-၀၉-၈၃၀၂၁၀၅		

(၁၉၆၉-၁၉၇၄) ဥပဒေကျောင်းသားကျောင်းသူဟောင်းများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်း-၂၀)
တောင်ကြီးမြို့နယ်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၆

ဒေါ်ဝင်းမြင့်	**နှင့်**	ဦးမြင့်အောင်
တရားလို		**တရားပြိုင်**

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ရပ်ကွက်(၅)၊ နယ်မြေ(၃)၊ အမှတ် (၂၅)နေ ဦးမြင့်အောင် (ယခုလိပ်စာမသိ)သိစေရမည်။။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းမြင့်က အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုအဖြစ် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မီမီဝင်း)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၁ နှင့် ၅)
မြစ်ကြီးနားခရိုင် တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၅၃

ဒေါ်ဆိုင်းအုန်	**နှင့်**	ဒေါ်သန်းအေး
၁/မကတ(နိုင်)၀၁၃၆၁၆		၁/မကန(နိုင်)၀၁၈၁၇၃
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ		အမှတ်(၈၇၀)၊ ခေမာသီရိရပ်ကွက်၊
ဒေါ်ဂျာရော် ၁/မကတ(နိုင်)၀၁၄၃၇၅)		နယ်မြေ(၇)၊ မြစ်ကြီးနားမြို့။
အမှတ်(၁၉၆)၊ စံပြ၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့။		
တရားလို		**တရားပြိုင်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ခေမာသီရိရပ်ကွက်၊ နယ်မြေ(၇)၊ အိမ်အမှတ်(၈၇၀)နေ တရားပြိုင်ဖြစ်သော ဒေါ်သန်းအေး ၁/မကန(နိုင်)၀၁၈၁၇၃ (ယခုနေရပ်မသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ချေးယူငွေကျပ်သိန်း(၂၆၀၀၀၀၀၀/-)(ကျပ်သိန်းနှစ်ရာ့ ခြောက်ဆယ်တိတိ)နှင့် နှစ်နာကြေးငွေကျပ်သိန်း(၄၀)စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀၀၀/-/-(ကျပ်သိန်းသုံးရာတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေလင်း)
ဒုတိယခရိုင်တရားသူကြီး
မြစ်ကြီးနားခရိုင်တရားရုံး

စီးပွားရေးကြော်ငြာ

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
သထုံခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၆
(ယခင်) သထုံခရိုင်တရားရုံး တရားမကြီးမှုအမှတ် (၁၅/၂၀၁၂)မှ ဒီကရီကို အတည်ပြုလုပ်မှု။

ဦးလင်းလင်းထိုက်	**နှင့်**	ဦးမောင်ထွေး
အမှတ် (၁၃၉)၊ ရှမ်းစုအလယ်တန်းလမ်း၊		အမှတ် (၃၁၂)၊ ဘုရားလမ်း၊
နန်းခဲရပ်ကွက်၊ သထုံမြို့။		အောက်ကျင်းရပ်ကွက်၊ သထုံမြို့။
တရားနိုင်		**တရားရှုံး**

သထုံခရိုင်တရားရုံး၊ ၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ် ၁၅ တွင် ရရှိခဲ့သောအနိုင်ဒီကရီအရ အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၅ရက် နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်အောင် ကြေညာလိုက်သည်။

<u>ပစ္စည်းစာရင်း</u>

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဦးပိုင်အမှတ် (၄၃ ^(ခ))၊ အကွက်အမှတ် ၅၆၊ ဧရိယာ ၀ဒသမ၀၇၈ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၃၁၂၊ ဘုရားလမ်း၊ အောက်ကျင်းရပ်ကွက်၊ သထုံမြို့ဟုခေါ်တွင်သော နှစ်ထပ်တိုက်နှင့်သွပ်မိုး အဆောက်အအုံတစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၆၀၀ သတ်မှတ်သည်။

<u>လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးယူမည့်ဈေးနှုန်းမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်မခံသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ရာခိုင်နှုန်းကိုကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချမည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ ကျန်ငွေကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် နိုဝင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာ ထုတ်ပေးလိုက်သည်။

(ဇေယျာတင့်ညို)
ဒုတိယခရိုင်တရားသူကြီး
သထုံခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ လူနေရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၁၄၈၊ ဧရိယာ ဝဒသမ၀၅၅ဧက နှစ် ၆၀ဂရန် မြေအမျိုးအစားမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၈ ရပ်ကွက်၊ လင်းပင်လမ်း၊ အမှတ် ၁၄၈ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးမြသန်း ၁၂/ဥကတ(နိုင်)၀၇၀၀၇၈နှင့်ဦးမြသိန်း ၁၂/ ဥကတ(နိုင်)၀၇၀၀၈၄တို့ အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော်	**ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅H၊ လူနေရပ်ကွက်အမှတ် ဗိုလ်စိန်မှန်၊ မြေကွက်အမှတ်-၂၁၄၊ (အလျားပေ ၂၀× အနံပေ၄၀)ရှိ နှစ် ၆၀မြေအမျိုးအစား ဂရန်မြေကွက်နှင့်မြေကွက်ပေါ်ရှိ အမှတ်-၂၀၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးသက်နိုင်မြင့် ၁၃/တကန(နိုင်)၀၀၄၆၅၃ထံမှ ကျွန်ုပ်မ၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့် ကျွန်ုပ်မထံ လူကိုယ်တိုင်ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်ဝင်းမြင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၄၂)
အမှတ်(၁၆)၊ အနော်ရထာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၀၈၅၈

အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ [illegible] မြို့နယ်၊ [illegible] ကွင်းအမှတ်(၅၁၁-ခ)နှင့်(၅၁၉-က) [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

LL.B, D.B.L, D.I.L, Dip.CA, WIPO   LL.B, D.B.L, D.I.L, D.M.L, WIPO

Hein Htet San Law Firm

[illegible]

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ် ၁၀၉၈ အမည်ပေါက် ဒေါ်မေသူဇာ၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးထွန်းနီ ၁၂/လသန(နိုင်)၀၀၉၁၇၂က မြေကွက်စလစ်မူရင်း၊ငွေသွင်းချလန်မူရင်းနှင့်အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၃၊ မြေကွက်အမှတ် ၁၊ မြေကွက်တည်နေရာအမှတ်-၁၊ ၁၃၃ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်(တပ်မတော်မှတ်တမ်းရုံး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်အေးချို ၁၃/ရစန(နိုင်)၀၀၁၂၄၆ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၃၊ မြေကွက်အမှတ် ၂၊ မြေကွက်တည်နေရာအမှတ် ၂၊ ၁၃၃ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် တပ်မတော်မှတ်တမ်းရုံး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်အေးချို ၁၃/ရစန(နိုင်)၀၀၁၂၄၆က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀မြေငှားစာချုပ် (ဂရန်)ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကတ(၁၁)၊ မြေကွက်အမှတ် ၉၃၊ မြေကွက်တည်နေရာအမှတ်-၉၃၊ ဦးမောင်ရင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်ရင်ထံမှ SP. ၁၃၆၈၇/၁၃(၇-၈-၁၃)ဖြင့် ရရှိသူ ဦးဆန်းထွန်းဦး ၁၄/အဂပ(နိုင်)၀၄၈၃၅၂က ၂၀၁၁ခုနှစ် အရောင်းမြေပုံထုတ်ယူခဲ့ခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၁၊ မြေကွက်အမှတ် ၉အေ/၁၊ မြေကွက်တည်နေရာအမှတ် ၁၀၁၊ အုတ်လမ်း၊ ဗဟန်းမြို့နယ် မောင်စိန်ထွန်း၊ ဦးညွှန့်မောင်၊ မအုံးခင်၊ မစောမြိုင်အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် မောင်စိန်ထွန်း+၃ ထံမှအရောင်းအဝယ်စာချုပ် ၂၁၉၀/၃၁-၁၂-၆၂(၄၀'×၃၄') Portionဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ညွှန့် ကွယ်လွန်သဖြင့် ဒေါ်နွဲ့တင် ၁၂/ဗဟန(နိုင်)၀၁၉၁၄၈ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာတို့တင်ပြ၍ ဒေါ်နွဲ့တင်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၇၆/၁၃-၁-၂၀၁၂ ရရှိသူ ဒေါ်ခင်ခင်ထူး ၁၂/ဗဟန(နိုင်)၀၁၉၁၀၅ က ဦးအောင်ညွှန့် ပိုင်ဆိုင်သည့် အစိတ်အပိုင်းအား ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း(ညောင်တုန်းမြို့)

အသက်(၉၂)နှစ်

စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမျိုးအောင်-ဒေါ်တင်ဇာနီးမြင့်တို့၏ ဖခင် ဦးကိုကိုသိန်း(ခ)ဦးကိုသိန်း သည် ၂-၁၁-၂၀၁၃ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း-

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်၊ ဥက္ကဋ္ဌ- အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာသန်းထွန်း+ဒေါ်မြသွေး(ကုံးတော်ရွှေပြည်)မိသားစု၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၅၂၅၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးမြသောင်းအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် ၅၂၅ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန္ဒာမိုး ၁၂/ရကန(နိုင်)၀၂၇၃၂၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးအောင်နိုင်ဝင်း(စဥ်-၈၂၁၉)	**ဒေါ်တင်တင်ခိုင်(စဥ်-၈၀၀၈)**
LL.B, D.I.L	**LL.B, D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ် ၁၀/၁၂၊အခန်း ၁၀၄(အီး)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၄၁၅၄၁၀၊ ၀၉-၄၃၀၆၅၅၄၉၊ ၀၉-၄၄၈၀၂၅၉၉၃

မြေငှားများအဖြစ်မှ ရပ်စဲလိုက်ကြောင်းနှင့် ယာယီနေအိမ်ကို ဖျက်ယူ၍ မြေကွက်ပေါ်မှ ပြောင်းရွှေ့ပေးကာ မြေကွက်လွတ်ကို မြေပိုင်ရှင်သို့ အပ်နှံပေးရန် အသိပေးနို့တစ်စာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရှမ်းချောင်း၊ မြေကွက်အမှတ် ၇၉၁ နှင့် မြေကွက်အမှတ် ၇၉၂တို့၏ ပိုင်ရှင်ဦးတင်ငွေ ၁၂/စခန(နိုင်)၀၄၅၇၈၀ ၏ ညွှန်ကြားချက်အရ-

၁။ မြေကွက်အမှတ် ၇၉၁၊ မြေကွက်အကျယ်ပေ (၄၀×၆၀)ပေါ်တွင် (၁-၅-၂၀၀၇)ရက်မှစ၍ (၁) ဦးထိန်းဝင်း-ဒေါ်စန်း၊ (၂) ဦးတင်စိုး-ဒေါ်ဖြူဖြူမိုး၊ (၃) ဦးစိုးဦး-ဒေါ်ထွေး၊ (၄) ဦးတင်အောင်မိုး-ဒေါ်သက်မာဦး၊ (၅)ဦးရဲရင့်ဦး-ဒေါ်အေးသီတာ၊ (၆)ဦးတင်စိုး-ဒေါ်မြရွှေ၊ (၇)ဦးညွှန့်လှိုင်၊ (၈) ဦးအောင်ငွေး၊ (၉) ဦးမြင့်မောင်၊ (၁၀)ဦးရှမ်းကြည်-မတင်ဝင်းမိသားစုတို့ ကို မြေပေါ်တွင် ယာယီအိမ်ဆောက်နေရန် လစဉ်မြေငှားရမ်းခ တစ်လလျှင် ၇၀၀၀ိ/-နှုန်းဖြင့် လည်းကောင်း။

၂။ မြေကွက်အမှတ် ၇၉၂၊ မြေအကျယ် ပေ(၄၀×၆၀)ပေါ်တွင် (၁-၅-၂၀၀၇)ရက်မှစ၍ (၁) ဦးသန်းဟိန်း-ဒေါ်တင်နွဲ့ရီ၊ (၂) မသန္တာမိုး၊ (၃)ဒေါ်စောရွှေ မိသားစု၊ (၄) ဦးဖိုးလန်း- ဒေါ်တင်မြင့်၊ (၅) ဦးခင်ဝင်း-ဒေါ်စိန်သန်း၊ (၆) ဦးခင်ဇော်-ဒေါ်ရွှေရီ၊ (၇) ဦးစန်းမောင်-မဆွေတို့ကို မြေပေါ်၌ ယာယီအိမ်ဆောက်လုပ်နေရန် လစဉ်မြေငှားရမ်းခ တစ်လ ၇၀၀၀ိ/- နှုန်းဖြင့်လည်းကောင်း ငှားရမ်းနေထိုင်ခွင့် ပေးထားသည်ဟု သိရှိရပါသည်။

၃။ လူကြီးမင်း မြေငှားမိသားစု (၁၇)စုသည် မြေရှင်ကို မြေလခ မပေးသည့်အပြင် မြေရှင်၏ပိုင်ဆိုင်မှုကို ထိပါးနှောင့်ယှက်လာ၍ (၁၅-၁၂-၂၀၁၃)ရက်မှစတင်ကာ မြေရှင်/မြေငှား အဖြစ် ရပ်စဲလိုက်ပြီးဖြစ်ပါကြောင်းနှင့် (၁၆-၁၂-၂၀၁၃)ရက်တွင် ယာယီအိမ်ကို ဖျက်ယူ၍ အခြားသို့ပြောင်းရွှေ့သွားကာ မြေကွက်အလွတ်ကို မြေပိုင်ရှင်သို့ အပ်နှံပေးရန် ကျွန်ုပ်တို့မှ တစ်ဆင့်အသိပေးအကြောင်းကြားလိုက်ပါသည်။

၄။ ထို့ပြင် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်ငွေ၏ဇနီး ဒေါ်နန်းဟိန်းခမ်း၏ ညွှန်ကြားချက်အရ ရှေ့နေဦးဌေးမြင့်မောင်မှ တစ်ဆင့်လူကြီးမင်း မြေငှားမိသားစုများထံ ပေးပို့ခဲ့ဖူးသည့် (၁၉- ၂-၂၀၁၃)ရက်စွဲပါ နို့တစ်စာကို ဤကြော်ငြာဖြင့် ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

၅။ ဤအကြောင်းကြားနို့တစ်စာပါအတိုင်း လူကြီးမင်း မြေငှားမိသားစု (၁၇)စုသည် လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက တည်ဆဲဥပဒေအရ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ရာ ကုန်ကျသော တရားစရိတ်များသည် လူကြီးမင်း မြေငှားမိသားစု၏ တာဝန်ဖြစ်လိမ့်မည်ဖြစ်ကြောင်း လေးစားစွာ ကြိုတင်အသိပေးထားအပ်ပါသည် **ညွှန်ကြားချက်အရ-**

ဦးလှမြင့်(ဒဂုံ) (စဥ်-၉၀၁၂)၊ အထက်တန်းရှေ့နေကြီး
ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀၃၁၈၁၀
ဦးတင်အောင်ကြည် (တောင်သုံးလုံး) (စဥ်-၃၀၇၂၂)LL.B အထက်တန်းရှေ့နေ ဒေါ်စုမြတ်မွန် (စဥ်-၄၀၅၃၇)LL.B အထက်တန်းရှေ့နေ
အခန်း -၇၊ မြေညီ၊ ၃၃ လမ်း(အောက်)၊ ၁-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန် အသိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ ဘုရားလမ်းရှိ မြေကွက်အမှတ်နှင့်အမည် ၃၄(ကုန်းသာကျောင်းရပ်)၊ ဦးပိုင်အမှတ်နှင့်ခုနှစ်-F 54 221၊ ၁၉၈၀-၈၁၊ ဧရိယာ ၀ဒသမ၀၆၈၏၊ ဂရန်အမှုတွဲအမှတ်-၁၇၁/၁၉၈၁-၈၂(နှစ် ၃၀ ဂရန်)၊ ဒေါ်စဝ်ပြုံးရီ အမည်ပေါက် အိမ်မြေဥပစာကို ဒေါ်ညီညီမြင့်က ၂၆-၁၀-၁၉၈၉ရက်တွင် ဝယ်ယူခဲ့ပါသည်။

အထက်ဖော်ပြပါ အိမ်မြေဥပစာနှင့်ပတ်သက်ပြီး ဒေါ်ညီညီမြင့်က ၎င်း၏အမည်ပေါက် ဂရန်ဆောင်ရွက်လိုပါသဖြင့် ဒေါ်စဝ်ပြုံးရီမှ ယခုကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်မာရီ LL.B တရားလွှတ်တော်ရှေ့နေ(စဥ်-၈၀၁၃)
အမှတ်(၁၅၆)၊ ကြံ့ခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊
ဖုန်း-၀၉-၇၃၈၃၀၃၀၇၊ ၀၈၁-၂၀၅၆၆၄

အများသိစေရန်နှင့် ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးစိုးဝင်း ၁၂/ဥကမ(နိုင်)၀၁၁၇၈၃ လက်ရောက်ရရှိပိုင်ဆိုင်သည်ဟုဆိုသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁ရပ်ကွက်၊ ထိပ်တင်မှတ်လမ်း၊ မြေကွက်အမှတ်(၂၁၅)၊ ပေ(၄၀×၆၀)မြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်သီတာဆွေ ၇/ပတန(နိုင်)၀၉၅၉၆၇ က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး၊ မြေကွက်အားလက်ရောက်ရယူထားပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများ ယင်းမြေကွက်နှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အစုံအလင်တို့နှင့်တကွ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးအောင်မြင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီတာဆွေ၏အတိအလင်း လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇောကျော်အောင်(စဥ်-၃၄၄၉၀)	**ဒေါ်ကြည်သာဝင်း(စဥ်-၂၉၅၅၃)**	**ဒေါ်နန်းဆိုင်အုံ(စဥ်-၃၄၅၃၀)**	**ဒေါ်ဇင်လင်းထွေး(စဥ်-၃၈၂၃၈)**
LL.B,C.B.L	**LL.B,L.L.M**	**LL.B**	**LL.B**

အထက်တန်းရှေ့နေများ(ရွှေဟသာအိမ်ခြံမြေ ဥပဒေအတိုင်ပင်ခံအကျိုးဆောင်)
အမှတ်-၈၆၄၊ ပင်လုံလမ်း၊ (၃၆)အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး[၃]၊ မြေကွက်အမှတ် IV $\frac{၁၂}{၁၂}$၊ မြေကွက်တည်နေရာအမှတ် ၆၄၁၊ ပဒင်းတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်စောရီ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်စောရီနှင့်ခင်ပွန်း ဦးကျော်ငြိမ်း သားသမီးဖြစ်သူ ဒေါ်သင်းသင်းဆွေ(အပျိုကြီးဘ၀)၊ ဦးသိန်းထွဋ်(လူပျိုကြီးဘ၀)၊ ဦးကျော်ကျော်လှိုင်တို့ ကွယ်လွန်သဖြင့် ၁။ ဒေါ်ယဉ်ယဉ်ကြည် ၁၂/ကမတ(နိုင်)၀၁၅၈၄၇၊ ၂။ ဦးမြင့်မော် ၁၂/ကမတ(နိုင်)၀၁၇၀၆၅၊ ၃။ ဦးကျော် လင်း ၁၂/ကမတ(နိုင်)၀၁၇၀၆၇၊ ၄။ ဒေါ်ဂျာရော် ၁၂/ကတတ(နိုင်)၀၀၈၀၉၄တို့က သားသမီး၊ ချွေးမတော်စပ်ကြောင်း ကတိသစ္စာပြုကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးချစ်လှိုင် (ရေကြောင်းဦးစီးဌာန၊ ငြိမ်း) အသက်(၉၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊အမှတ် ၈၊ဇေယျာသီရိလမ်းနေ (ဦးသန်းမောင်-ဒေါ်သင်း)တို့၏သား၊ (ဦးထွန်းမြတ်-ဒေါ်သိန်း)တို့၏ သားသမက်၊ ဒေါ်မြိုင်၏ခင်ပွန်း၊ (ဦးလှထွန်း)-ဒေါ်ခင်လှကြူ၊ ဦးမြအေး-ဒေါ်ခင်လှမူ(KBZလမ်းမတော်)၊ ဦးဖုန်းမြင့်အောင်-ဒေါ်အေးသန်း၊ (ဦးကျော်စိန်)-ဒေါ်လှိုင်ဝင့်အေး၊ဦးအောင်မြင့်-ဒေါ်သီသီဝင်း (USA)၊ ဦးလှနိုင် (C/E-RAFFLE Shipping Co., Ltd.)-ဒေါ်လှဥမ္မာသိန်း၊ ဦးနိုင်တင့်ထွေး(မော်စီ)-ဒေါ်မိုးကြည်အောင်တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက်၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

မချိုသဲဦး

အသက်(၃၈)နှစ်

ညောင်လေးပင်မြို့၊ ရွှေဟသာလမ်း၊ အမှတ် ၂၇နေ(ဦးစံသိန်း-ဒေါ်သိန်းမြင့်) တို့၏သမီး၊ (Rev: Denis Moule- Mrs Moule)တို့၏သမီးချွေးမ၊ ဒေါ်ခင်မဦး (အထက၊ ပုဇွန်မြောင်း)၊ (ဦးခင်မောင်သိန်း)-ဒေါ်အုံးသိန်း၊ ဒေါ်သီတာဦးတို့၏ ညီမ၊ ဒေါ်နီလာဦး၊ ကိုနော်ဆိုင်း-ဒေါ်သင်းသင်းမိုးတို့၏အစ်မ၊ မရူပါကံထွန်း-မောင်ဟန်ဇာကံထွန်းတို့၏မိခင်၊ အမှတ် ၁၅၊ တိုက် ၂၀/R၊ လှိုင်မြင့်မိုရ်အိမ်ရာနေ ဦးကံထွန်း၏ ဇနီးသည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၂း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၉-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟတို့အား သိစေအပ်ပါသည်။ (လှိုင်မြင့်မိုရ်အိမ်ရာမှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

၃-၁၁-၂၀၁၃ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ (၄)ပါ အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာချက်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာ ၁လမ်း၊ အမှတ် (၂၅/A)နေ ဦးမျိုးအောင် ၁၂/ကမရ(နိုင်)၀၄၀၅၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ဒေါ်ခင်တင့် ၁၂/ကမရ(နိုင်) ၀၄၀၈၈၉ မှ သားကြီး ဦးမျိုးအောင်တို့ မိသားစုများအကြား သဘောတူညီချက်ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅-၄-၂၀၁၃ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၅၈၂၀ဖြင့် အထူးကိုယ်စားလှယ်လွှဲစာကို ဥပဒေနှင့်အညီ လွှဲအပ်ခဲ့ပါသည်။ အဆိုပါအထူးကိုယ်စားလှယ်လွှဲစာအား ယနေ့အချိန်အထိ မည်သည့်တရားရုံးများကမှ ပြန်လည်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခဲ့ခြင်းတို့အလျဉ်းမရှိသကဲ့သို့ အထူးကိုယ်စားလှယ်လွှဲစာပါ လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်၍လည်း ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ရ ခြင်းမျိုးမရှိသောကြောင့် အထက်ပါအထူးကိုယ်စားလှယ်လွှဲစာမှာ ယနေ့အချိန်အထိ တည်မြဲခိုင်မာလျက်ရှိနေပါသည်။ သို့ပါ၍လူကြီးမင်းတို့၏ သတင်းစာကြေညာချက်မှာ စာချုပ်စာတမ်းဥပဒေနှင့်ညီညွတ်ခြင်းမရှိသောကြောင့် တရားမဝင်သောကြေညာချက် သက်သက်သာဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမိုးမင်းဆွေ LL.B, D.B.L အထက်တန်းရှေ့နေ(စဥ်-၂၈၆၄၁)
အမှတ် (၁၃၆/၁၃၈)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၂၂၁၁၂

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ကညွန့်မဟီရပ်ကွက်၊ လမ်း၃၀၊ (၇၇×၇၈) လမ်းကြား အိမ်အမှတ် B ၆/၇၊ SY-တိုက်ခန်းနေထိုင်သူ ဦးတင်ဝင်း ၉/မရမ(နိုင်)၀၆၀၄၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်-ကျောက်တန်းမြို့နယ်မှ ဦးအေးမြင့်သို့ ချထားပေးသော မြေကွက်အမှတ် ၉၆၅၊ ဦးအုန်းသန်းသို့ချထားပေးသောမြေကွက်အမှတ် ၇၇၂၊ ဦးစိန်မြင့်သို့ချထားပေးသော မြေကွက်အမှတ် ၁၈၆၀ စသည့်မြေကွက်သုံးကွက်အား ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ၂၉-၁၁-၁၉၉၆ရက်တွင် သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အမှတ် ခ/၄၄၃နေထိုင်သူ ဦးကိုကိုလတ် SRM-၀၈၇၀၅၈ထံမှ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်ခဲ့သောမြေကွက်သုံးကွက်ဖြစ်ပါသည်။ ယင်းသို့အရောင်းအဝယ်ပြုရာတွင် မြေကွက်စလစ်သုံးကွက်၏မူရင်းများအား ဦးကိုကိုလတ်မှ ကျွန်ုပ်မိတ်ဆွေ အရောင်းအဝယ်ပြုလုပ်စဉ်က ပေးခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေမှ ဦးကိုကိုလတ်ထံတွင် အဆက်စပ်စာချုပ်များ တောင်းခံခဲ့သော်လည်း ယခုအချိန်ထိ ပေးအပ်ခြင်းမရှိသည့်အပြင် လာရောက်တွေ့ဆုံခြင်းလည်းမရှိပါ။

ကျွန်ုပ်မိတ်ဆွေမှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန သန်လျင်-ကျောက်တန်းမြို့နယ်သို့ ယင်းမြေကွက်သုံးကွက်၏ မြေချစလစ်ကို လာရောက်စစ်ဆေးခဲ့ရာ ဦးကိုကိုလတ်မှ မြေချစလစ်ပျောက်ဆုံးကြောင်း အကြောင်းပြပြီး ယင်းမြေကွက်သုံးကွက်၏ပါမစ်အား ထုတ်ယူသွားကြောင်း သိရှိရပါသည်။

ယင်းမြေကွက်သုံးကွက်နှင့်ပတ်သက်၍ မြေတိုင်းတာခြင်း၊ ခြံခတ်ခြင်း၊ အဆောက်အအုံပြုလုပ်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ လွှဲပြောင်းခြင်း၊ပေးကမ်းစွန့်လွှတ်ခြင်းစသည့် ကိစ္စအဝဝ မပြုလုပ်နိုင်ရန်အတွက် ၅-၁၁-၂၀၁၃ ရက်တွင် ကျွန်ုပ်မိတ်ဆွေမှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အေးသစ္စာရပ်ကွက်ရုံးတွင် ကန့်ကွက်တင်ပြလျှောက်ထားခဲ့ပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်သုံးကွက်အား အရောင်းအဝယ်မပြုလုပ်ရန်၊အရောင်းအဝယ်ပြုလုပ်ခဲ့ပါက ဝယ်ယူသူများပိုင်ဆိုင်မှုမရှိနိုင်ကြောင်း၊ ထိုသို့ မလိုက်နာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလှ LL.B	**ဒေါ်သီရိဦး LL.B, LL.M**
(စဥ်-၉၃၁၄)	**(စဥ်-၂၉၇၁၃)**
တရားလွှတ်တော်ရှေ့နေ	**ဒေါ်အေးပပလင်း LL.B**
အမှတ် ၉၊ မဂ္ဂင်လမ်း၊	**(စဥ်-၄၀၀၀၄)**
ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့နယ်	**ဒေါ်အေးအေးနွယ် LL.B**
ဖုန်း-၀၉-၇၃၁၀၈၃၃၂	**(စဥ်-၄၂၇၃၅)**
	အထက်တန်းရှေ့နေများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြင်တော်သာအိမ်ရာရှိ တိုက်အမှတ် ၆၊ အခန်းအမှတ် ၁၀၁ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဌေးထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်မြသွယ် ၁၂/ရကန(နိုင်)၀၅၁၃၂၇က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂ ၊မြေကွက်အမှတ် ၁၅၇၊ မြေကွက်တည်နေရာအမှတ်-၁၅၇၊ ဗိုလ်ကြာညွှန့်လမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးခင်လှိုင် TRGN-၀၀၅၉၇၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်လှိုင် ကွယ်လွန်သဖြင့် ဒေါ်ခင်ရီ ၁၂/မရက(နိုင်)၀၅၃၈၄၁ က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

9-11 (22).pmd 1 11/8/2013, 9:33 AM

ကြော်ငြာ

ဗိုလ်မှူးကြီးကောင်းလှဖြူ (ငြိမ်း)
ကြည်း-၃၃၇၈
အသက်(၈၇)နှစ်

စစ်တွေမြို့နေ ဦးသထော်ဦး-ဒေါ်စံလှဖြူတို့၏သားကြီး၊ ရန်ကုန်မြို့နေ ဒေါက်တာဦးစံထွန်းအောင်-ဒေါ်ကျက်ရုံးဖြူတို့၏သားသမက်၊ ရန်ကုန်မြို့၊အမှတ် ၂၁၅၊ အင်းကြင်းမြိုင်လမ်းသွယ်(၂)၊ သုဝဏ္ဏနေ ဗိုလ်မှူးခင်ဝင်းမြင့်(ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်ကြည်ကြည်လှ၊ ဒေါ်အေးအေးမြ၊ ဦးကျော်ကျော်ဝင်း-ဒေါ်ခိုင်ခိုင်စိုး၊ ဒေါ်လဲ့လဲ့ဝင်းတို့၏ဖခင်၊ မဝင်းဖြူခိုင်၏အဘိုးသည် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်မှူးကြီးကောင်းလှဖြူ(ငြိမ်း) BC-၃၃၇၈
အသက်(၈၇)နှစ်

စစ်တွေမြို့နေ ဦးသထော်ဦး-ဒေါ်စံလှဖြူတို့၏သားကြီး၊ ရန်ကုန်မြို့နေ ဒေါက်တာဦးစံထွန်းအောင်-ဒေါ်ကျက်ရုံးဖြူတို့၏သားသမက်၊ ဒေါ်အုံးကြာဖြူ ဦးစောလှဖြူ-(ဒေါ်မခင်)၊ ဦးကျော်ထွန်း-ဒေါ်တင်ရီ၊ ဦးသာဒိုး-ဒေါ်မြရွှေ၊ ဒေါ်သာနုဖြူ-ဦးမောင်နီ၊ ဒေါ်မြညွန့်-(ဦးဘသန်း)၊ ဒေါ်မြသန်း-ဒေါက်တာဦးလှဖော်၊ ဦးငွေအောင်-ဒေါ်မြစန္ဒာ၊ ဒေါ်မြဝိုင်း၊ ဦးဇေ့အောင်-ဒေါက်တာကြည်ကြည်သာ တို့၏အစ်ကိုကြီးသည် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဦးနေဝင်း (ကုန်သွယ်ရေး၊ ငြိမ်း)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ဦးလွန်းလမ်း၊ အမှတ် ၂၀၊ သုံးလွှာနေ (ဦးအိမ်-ဒေါ်မြသိမ်း)တို့၏သားကြီး၊ (ဦးပု-ဒေါ်မြကြည်)တို့၏ သားသမက်၊ (ဒေါ်ခင်မျိုးတင့်)၏ခင်ပွန်း၊ ဒေါ်ခင်ဆွေနွဲ့၊ ဦးအုန်းမြင့်-ဒေါ်ခင်ဆွေမြင့်၊ ဦးသန်းလွင်-(ဒေါ်နီနီရွှေ)၊ (ဦးလှဒင်)-ဒေါ်မေဝါ၊ ဦးဝင်းကြည်-ဒေါ်အေးမြင့်၊ (ဦးသန်းအောင်)-ဒေါ်ခင်ဆွေဝင်း(USA)တို့၏အစ်ကိုကြီး၊ ဦးသန့်ဇင်ဦး (စုံစမ်းရေးမှူး၊ ငြိမ်း၊ စစစ၊ Micasa)-ဒေါ်နွယ်နီချစ်(PPE)တို့၏ဖခင်၊ မထက်အိဝင်း၊ မခိုင်ကေဇင်သွယ်(အထက-၅၊ ဗိုလ်တထောင်)တို့၏အဘိုးသည် ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၀း၄၂နာရီတွင် အောင်ရတနာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၈-၁၁-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးချိန်အထိ အဘက်ဘက်မှကူညီပံ့ပိုးပေးသော ဆွေမျိုးညီအစ်ကို မောင်နှမများနှင့် မိတ်ဆွေအပေါင်းအသင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးအောင်သန်း (စာရေးဆရာ အောင်သန်းချစ်)
အသက်(၇၃)နှစ်

သန်လျင်မြို့၊ ဗိုလ်ချုပ်ရွာနေ (ဦးစံလုံး-ဒေါ်အေးစိန်)တို့၏သား၊ မန္တလေးမြို့၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အကွက်(၁၆၃)နေ (ဝဏ္ဏကျော်ထင်ဦးချစ်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒေါက်တာကျော်မြတ်သူ(နည်းပညာတက္ကသိုလ်၊ ပင်လုံ)၊ မအေးမြတ်မိုးတို့၏ဖခင်၊ မမေသီရိ၏အဘိုး၊ အမှတ် ၆၈၊ ၁၄လမ်း၊ ၆၈×၆၉လမ်းကြားနေ ဒေါ်ခင်မေချစ်၏ခင်ပွန်းသည် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၃ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ထွေး(အောင်သပြေ ရတနာရွှေဆိုင်၊ အင်းစိန်ဈေးကြီး)
အသက်(၆၆)နှစ်

မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ်ကျေးရွာနေ (ဦးစွမ်-ဒေါ်အေးကြည်)တို့၏ သမီးထွေး၊ ဒေါ်ကြည်လှိုင်၊ (ဦးသိန်းဟန်)၊ (ဦးသောင်းဟန်)၊ ဒေါ်ခင်ရှိန်တို့၏ ညီမထွေး၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်းရပ်ကွက်၊ အမှတ် ၅၅၀နေ (ဦးစိုးလွင်၊ တိမ္ဘေးကု)၏ဇနီး၊ ဦးကျော်စိုးမိုး၊ ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းအောင်-ဒေါ်ဝါဝါဝင်း၊ဦးထွန်းညွန့်ရွှေ-ဒေါ်နီနီစိုး၊ဒေါက်တာအာကာသန့်စင်-ဒေါ်မိုးသန္တာတို့၏မိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၈-၁၁-၂၀၁၃ ရက် (သောကြာနေ့) နံနက် ၆း၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးထွဋ်ခေါင်ကျော်(ခ) ဦးလမ်းဗိုလ်
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးအောင်ကျော်-ဒေါ်စိန်ရှင်)တို့၏ သား၊(ဦးကြင်သိန်း)-ဒေါ်ညွှန့်တို့၏သားသမက်၊ ဦးမြင့်စိုး၊ ဦးထွန်းလှ(ကပရ)-ဒေါ်မြင့်မြင့်စန်းတို့၏ညီ/မောင်၊ ဦးချစ်ချစ်-ဒေါ်အေးအေးသိန်း (ပင်မအလုပ်ရုံ၊ တောင်)တို့၏အစ်ကို၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ္ဌ)ရပ်ကွက်၊ အမှတ် ၅၄၀၊ သုနန္ဒာလမ်းမကြီးနေ ဒေါ်ခိုင်ခိုင်ဝင်း (အလက-၈၊ မ/ဥက္ကလာ)၏ ခင်ပွန်း၊ မောင်ချမ်းငြိမ်းအောင်၏ဖခင်သည် ၇-၁၁-၂၀၁၃ရက်(ကြာသပတေးနေ့)ညနေ ၅း၄၀နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကိုကြည်စိုး
(မဟာတံဆိပ်ရိုက်လုပ်ငန်း)
အထက(၁)ဗဟန်း ကျောင်းသားဟောင်း
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးအေးမောင်-ဒေါ်စိန်ဝင်း (မဟာတံဆိပ်ရိုက်လုပ်ငန်း)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်ဘီ)တို့၏သားသမက်၊မစန်းစန်းထွေး၏ခင်ပွန်း၊ ကိုသိန်းတိုး၊ မခင်သီတာစိုးတို့၏အစ်ကိုသည် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀း၁၅နာရီတွင် SSC ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၆၆-၆၈/၅-ခ၊ရေတာရှည်လမ်းဟောင်း၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ် နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၄-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သီလရှင်ဆရာကြီး ဒေါ်ဝေဒါရီ
(သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)၊ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ
သက်တော်(၉၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁)ဝိုင်း၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာနေ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ သီလရှင်ဆရာကြီး ဒေါ်ဝေဒါရီသည် ၂၀၁၃ခုနှစ် နိုဝင်ဘာ ၈ရက် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ရက်) နံနက် ၄နာရီတွင် အထက်ပါကျောင်းတိုက်၌ ခန္ဓာချုပ်ငြိမ်း ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

သီလရှင်ဆရာကြီး ဒေါ်ဝေဒါရီ
(သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)
ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ
သက်တော်(၉၅)နှစ်

မင်းလှမြို့၊ လမ်းမတော်နေ (ဦးသာဒင်-ဒေါ်စု)တို့၏သမီး၊ (ဦးအိုက်မောင်)-ဒေါ်သန်းသန်းဆွေ၊ ဦးသန်းဆွေ-ဒေါ်ခင်ခင်ဆွေ(ဒေါ်တင်တင်ဆွေ)၊ ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း) (ပြည်ထဲရေးဝန်ကြီး) (ငြိမ်း)-(ဒေါ်ခင်လှလှ)၊ ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)-ဒေါ်ဝေဝေအောင်၊ ဦးနေဇော်လတ်-ဒေါ်ခင်မာကြည်၊ ဦးဖုန်းမြင့်-ဒေါ်အေးအေးသန်း၊ ဦးအောင်မြင့်-(ဒေါ်ခင်မူမူတင်)၊ ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)-ဒေါ်ခင်ကြူကြူတင်၊ ဦးသန်းဌေး-ဒေါ်ရီရီသန်း၊ (ဦးစံလှ)-ဒေါ်ရီရီသန်း(အတူး)၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်ဆွေမာဝေ၊ ဦးရဲလွင်မြင့်တို့၏အဒေါ်၊ မြေး ၃၁ယောက်၊ မြစ် ၂၀ယောက်တို့၏အဘွားသည် ၈-၁၁-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဂေါ်ဆိုင်းဟွန်(ခ)ဒေါ်ကျင်မြိုင်
(တိုက်ကြီး၊ သာကေတ)
အသက်(၈၅)နှစ်

တိုက်ကြီးမြို့နေ (ဦးကြူးဝါး-ဒေါ်ပွင့်)တို့၏သမီး၊ အမှတ် ၂/၁၆၊ မင်းနန္ဒာလမ်း၊ ဒေါပုံမြို့နယ်နေ [တန်ရုတ်တုံး(ခ)ဦးစိန်ဝင်း]၏ဇနီး၊ ဦးဝင်းချို-ဒေါ်သန်းသန်းဌေး၊ ဒေါ်အေးအေးသင်း(ရေနံချက်စက်ရုံ၊ သန်လျင်)၊ တန်ဟုတ်စွန်(ခ)ဦးစိုးနိုင်ထွန်း-ဒေါ်သင်းသင်းလှိုင်(D-5၊ ညောင်ပင်လေးပလာဇာ)၊ တန်ဟုတ်လွင်(ခ)ဦးဟိန်းဇော်သန့်-ဒေါ်လင်းလင်းစိန်တို့၏မိခင်ကြီး၊ မြေးငါးယောက်တို့၏အဘွားသည် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄း၂၀နာရီတွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးပြား
တပ်မတော်ချည်မျှင်နှင့်အထည်စက် R-၂၆ တွင်ကုန်ဌာန(ငြိမ်း)၊ မိတ္ထီလာ
အသက်(၆၈)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ညောင်ပင်လှိုအုပ်စု၊ ဝက်ကျောက်ကျေးရွာနေ (ဦးဖိုးမာ)-ဒေါ်သန်းရွှေတို့၏သား၊ မိတ္ထီလာမြို့နယ်၊ မြင်းကန်အုပ်စု၊ ဆင်စလွယ်ကျေးရွာနေ (ဦးသိန်းဖေ - ဒေါ်မင်းညွန့်)တို့၏သားသမက်၊ (ဒေါ်အမာတင်)၏ ခင်ပွန်း၊ ဦးကျော်ကျော်ဦး-ဒေါ်မြမြဌေး၊ ဦးသန်းထွန်းအေး(အမက၊သရက်ခြံ)-ဒေါ်သန္တာစိုး (အမက၊ ဇရပ်ကုန်း)၊ ဦးအေးဇော်-ဒေါ်သန်းသန်း (ကော့သောင်း)၊ (ဦးစိုးလွင်)-ဒေါ်ခင်မျိုးသွယ်၊ဦးအောင်အောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်သန်းညွန့်၊ ဦးပိုလို(ပွဲစားကြီး)-ဒေါ်မြမြ(ငြိမ်း)၊ ဦးဆန်းဝင်း-ဒေါ်အေးအေးမြင့်၊ ဒေါ်သိန်းသိန်းမြင့်၊ ဦးမောင်ဌေး-ဒေါ်ဝင်းမေ(မူဆယ်)၊ ဒေါ်ခင်မာဌေး၊ ဦးမောင်မြင့် (ခေတ္တ-မလေးရှား)-ဒေါ်သူဇာ၊ ဦးစိုးဝင်း (ခေတ္တ-မလေးရှား)-ဒေါ်အိအိခင်တို့၏ အစ်ကိုကြီးသည် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့)နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ၄း၃၀နာရီတွင် ဆင်စလွယ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၂-၁၁-၂၀၁၃ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ကိုသုခ
အသက်(၂၉)နှစ်

မန္တလေးမြို့၊ ၃၂လမ်း၊ ၇၃×၇၄လမ်းကြား၊ အောင်ဆန်းဆောင်နေ ဦးအောင်သိန်းထွန်း(ကထိက၊ဌာနမှူး၊အင်္ဂလိပ်စာဌာန၊ ဆေးတက္ကသိုလ်၊ မန္တလေး)၊ ဒေါ်မြင့်မြင့်စိန်တို့၏သားကြီး၊ ဒေါက်တာအောင်ခိုင်၊ မသီရိရတနာအောင်တို့၏အစ်ကိုကြီးသည် ၅-၁၁-၂၀၁၃ရက် ညနေ ၄း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၁-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရှိန် (ဝါးသုံးအိုင်)
အသက်(၇၅)နှစ်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဝါးသုံးအိုင်ကျေးရွာနေ (ဦးထယ်-ဒေါ်ငြိမ်းချမ်း)တို့၏သား၊ (ဦးသူ-ဒေါ်ချယ်)တို့၏သားသမက်၊ (ဦးထွန်းခင်)-ဒေါ်အုန်းခင်၊ (ဦးသာခွေး)-ဒေါ်စောမြ၊ ဒေါ်လှခင်၊ (ဦးပိန်)-ဒေါ်ဖွားကျူးတို့၏ညီ/မောင်၊ ရန်ကုန်မြို့၊ အမှတ် ၂၁၇/၁၊ ချယ်ရီလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏနေ ဒေါ်သိန်းမြ၏ခင်ပွန်း၊ (ဦးခင်ဇော်)-ဒေါ်ယဉ်မူယာ၊ဦးကျော်အောင်-ဒေါ်ခင်မာရီ၊ ဦးဇော်ထွန်းဦး - ဒေါ်သင်းသင်းမြတ်၊ ဦးထက်အောင် - ဒေါ်အေးနန္ဒာထွန်း၊ ဦးအေးဝင်း-ဒေါ်မြတ်သူ၊ ဦးညွန့်လှိုင်-ဒေါ်သူဇာဝင်း၊ ကိုခင်မောင်ဝင်း၊ ဦးနေလင်း-ဒေါ်အေးသန္တာခိုင်၊မောင်ငြိမ်းမင်းသူတို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၇-၁၁-၂၀၁၃ရက် ည ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၉-၁၁-၂၀၁၃ ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၃-၁၁-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
အဟ်မဒ်ဘိုင်(ခ) ကိုဇော်မင်းထွေး
B.A (Eng)
ဒါရိုက်တာ (သိက္ခာ၊ မြန်မာ အင်စတီကျု)
အသက်(၂၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ အမှတ် ၆၄/၆၈၊သုံးလွှာ၊ကမ္ဘောဇဘဏ်ရှေ့နေ ဟာဂျီဦးကျော်သိန်း-ဟာဂျီမ ဒေါ်စန်းစန်းမြင့်တို့၏သားသည် ၈-၁၁-၂၀၁၃ရက် ညနေ ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉-၁၁-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးကဘာရ်စတန်သို့ ပို့ဆောင်ဒါဖနာမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေ သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ရှုလင်း (ကညွတ်ကွင်း)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊မေဓာဝီလမ်းမကြီး၊ အမှတ် ၂၃၄နေ (ဦးထွန်းငွေ-ဒေါ်သန်း)တို့၏ သမီးကြီး၊ (ဦးတင်ဦး)၏ဇနီး၊ ဒေါ်စန်းစန်းဦး(အထက်တန်းပြဆရာမ၊အထက-၂၊လမ်းမတော်)၊ ဦးအောင်မြင့်(ကျန်းမာရေးမှူး၊ ငြိမ်း)-ဒေါ်နွဲ့နွဲ့ဦး(ခ)ဒေါ်သစ်သစ်ဦး (အထက်တန်းသုနာပြုဆရာမ၊ ၅၀/ဒေသန္တရကျန်းမာရေးဌာနခွဲ၊ မ/ဒဂုံ)၊ ဒေါ်မာမာဦး(သုနာပြုဆရာမကြီး၊ ကလေးဆေးရုံကြီး)တို့၏မိခင်၊မောင်ဇင်မျိုးအောင် (ကမ္ဘောဇဘဏ်ခွဲ၊ သဃ်န်းကျွန်း-၁)၊ မောင်ထက်လင်းစိုး(B.Tech 2nd CIVIL နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏အဘွားသည် ၈-၁၁-၂၀၁၃ရက်(သောကြာနေ့) နံနက် ၃နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်းမကြီး၊ အမှတ် ၁၁၁၆ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးကျော်သိန်း (တောင်စွန်း)
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည်အထက် ၁၃လမ်း၊ အမှတ် ၄၇၀/ခနေ (ဦးဘိုးချစ်-ဒေါ်ခင်မေ)တို့၏သား၊ ဒေါ်ကျင်သန်း၏ခင်ပွန်း၊ ဦးဇော်ထွန်း(စုံစမ်းရေးမှူး၊ စစစ) ဒေါ်ပပလှိုင်၊ ဦးထိန်လင်း၊ ဒေါ်စန်းစန်းမော်တို့၏ဖခင်၊ ဦးစံအုန်း-ဒေါ်စန်းရီတို့၏ အစ်ကို၊ မြေးသုံးယောက်တို့၏အဘိုးသည် ၇-၁၁-၂၀၁၃ရက် နံနက် ၇း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမြင့်အောင် (ဗိုလ်ချုပ်ဈေး)
(ဒေါ်လာမြင့်အောင်)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၀၀/၁၀၂၊ အထက်ပုဇွန်တောင်လမ်းမကြီး၊ ချမ်းသာပလာဇာ၊ အခန်းအမှတ် ၀၃-၀၃နေ (ဦးမောင်ကြည်-ဒေါ်သန်းကြည်)တို့၏သား၊ ဒေါ်ခင်သန်း၏မောင်၊ ဒေါ်ဆယ်တင်၏ခင်ပွန်း၊မကေသီဦး၏ဖခင်သည် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၉နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်နှင့် ဈေးမှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုအောင်သူ
(ဦးစီးမှူး)ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန ကမ္ဘာအေး
အသက်(၅၃)နှစ်

ပဲခူးတိုင်းဒေသကြီး၊ အနောက်ပိုင်း၊ သုံးဆယ်မြို့နေ (အရာခံဗိုလ် မြလွင်၊ ငြိမ်း)-ဒေါ်ခင်ရီတို့၏သား၊ ဆရာမဒေါ်ခင်မာလွင်(အလက-၃၀၊ သုံးဆယ်မြို့)၏အစ်ကိုသည် ၈-၁၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ (ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဗုဒ္ဓိမာ မထေရ်
(ရွှေဟင်္သာတောရကျောင်းတိုက်၊ ညောင်တုန်းမြို့)
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဝံသာနုတိုက်ကျောင်းဘုန်းတော်ကြီး ဘဒ္ဒန္တဗုဒ္ဓိမာ မဟာထေရ်သည် (၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ရက်) ၇-၁၁-၂၀၁၃ရက် (ကြာသပတေးနေ့) ည ၁၀နာရီတွင် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၅ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက်) ၁၁-၁၁-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရကျောင်းတိုက်၌ အန္တိမအဂ္ဂိဈာပနပူဇာ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ရွှေဟင်္သာတောရကျောင်းတိုက်၊ ညောင်တုန်းမြို့
ဧရာဝတီတိုင်းဒေသကြီး

ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်အလှူ ဒါယိကာမကြီး
ဒေါ်ခင်ကြည် အသက်(၉၇)နှစ်

